# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday 26 March 2018 ၉၂၄၀


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

# ပြည်သူလူထုအား ကဏ္ဍသုံးရပ်ဖြင့် အကျိုးပြုနေသည့် မမြရေလှောင်တမံ

**ရန်ကုန် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် တည်ဆောက်ထားသည့် မမြရေလှောင်တမံစီမံကိန်းမှ ဒေသခံပြည်သူများ ဆည်ရေရရှိရေးသာမက အသေးစားရေအားလျှပ်စစ် စက်ရုံတည်ဆောက်ပြီး အနီးအနားကျေးရွာများအား လျှပ်စစ်မီးရရှိရေးကိုပါ ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ(မြို့ပြ) ဦးခင်မောင်သန်းက "အရင်တုန်းက တောင်သူတွေ စပါးစိုက်ဖို့ မိုးရေကိုပဲ အားထားခဲ့ကြရပါတယ်၊ ဆည်ရေရတဲ့အချိန်ကစပြီး နွေစပါးစိုက်ဖို့အပြင် မိုးစပါးအတွက် ပျိုးထောင်ဖို့ အောင်ရေရဖို့အတွက်လည်း တောင်သူတွေကို ဆည်ရေပေးဝေခဲ့ပါတယ်၊ မမြရေလှောင်တမံက ပြည်သူလူထုကို ကဏ္ဍသုံးရပ်နဲ့ အကျိုးပြုနေပါတယ်၊ မိုးရာသီဆိုလည်း ရေကြီးတာကို

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**



မမြရေလှောင်တမံမှ အသေးစားရေအားလျှပ်စစ်စက်ရုံအား တွေ့ရစဉ်။

# ကုန်တင်သင်္ဘောများ ဆိုက်ကပ်နိုင်သည့် တတိယမြောက်ဆိပ်ကမ်း သီလဝါတွင် ဖွင့်လှစ်



**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး သီလဝါ အထူးစီးပွားရေးဇုန် သီလဝါဆိပ်ကမ်းတွင် အထွေထွေ ကုန်စည်သင်္ဘောနှင့် ကုန်သေတ္တာသင်္ဘောများ ဆိုက်ကပ်နိုင်သည့် တတိယမြောက်ဆိပ်ကမ်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါဆိပ်ကမ်း၌ ဖွင့်လှစ်ခဲ့သည်။

သီလဝါဆိပ်ကမ်း၏ တတိယမြောက်ဆိပ်ကမ်းဖြစ်သည့် Wilmar Jetty အား စတင်ဖွင့်လှစ်လိုက်ပြီး ပထမအဆင့် ပြီးစီးနေပြီဖြစ်၍ ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့ဖွင့်လှစ်လိုက်တဲ့ Wilmar Jetty က အထွေထွေကုန်စည်နဲ့ ကုန်သေတ္တာသင်္ဘောတွေ အတွက်ဖြစ်ပြီး တတိယမြောက်ဆိပ်ကမ်းပါ၊

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**

## (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၂၅**

(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော် စစ်ရေးပြကွင်း၌ မတ် ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၅ နာရီခွဲမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ(ရေဒီယို)အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဟံသာဝတီလေဆိပ်စီမံကိန်းမှာ အနာဂတ်လေကြောင်းကဏ္ဍဖွံ့ဖြိုးရေး မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိ

စာမျက်နှာ - ၇

## လူငယ်နှင့် ယဉ်ကျေးမှု

စာမျက်နှာ - ၆


KBZ BANK

STRENGTH OF MYANMAR

'BEST BANK IN MYANMAR'

Awarded by FinanceAsia 2017

# ကြေးမုံ

## အခွင့်အရေးနှင့် တာဝန်ညီမျှလုပ်ကိုင်

"ယခုခေတ်ကြီးမှာဆိုရင် အခွင့်အရေးကို အများကြီးပြောကြတယ်၊ တာဝန်ကို သိပ်မပြောကြဘူး၊ ဒါဟာ ကမ္ဘာမှာဖြစ်နေတဲ့အခြေအနေ၊ ကျွန်မတို့နိုင်ငံမှာ ထူးထူးခြားခြား အခွင့်အရေးနဲ့ တာဝန်ကို ညီညီမျှမျှ ထားပြီး လုပ်သွားမယ်ဆိုရင် တခြားနိုင်ငံတွေထက် အများကြီးသာနိုင်ပါတယ်၊ ရုပ်ပိုင်းဆိုင်ရာ မဟုတ်ပေမယ့်လည်း စိတ်ပိုင်းဆိုင်ရာအရ သာနိုင်တယ်၊ စိတ်ပိုင်းဆိုင်ရာအရ သာခြင်းအားဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာအရ တိုးတက်မှုတွေနဲ့ ပိုပြီးတော့ တစ်ဆင့်နဲ့တစ်ဆင့် တက်လာအောင်လို့လည်း ကျွန်မတို့ လုပ်နိုင်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် နိုင်ငံတော်နှင့် နိုင်ငံသားများ တိုးတက်ရေးအတွက် ဖော်ပြပါလမ်းညွှန်မှာကြားချက်မှာ သိရှိမှတ်သားလိုက်နာအပ်သည့် အချက်ပင်ဖြစ်သည်။ တာဝန်ဆိုသည်မှာ လူတိုင်းလူတိုင်းတွင် ရှိအပ်သည့်တာဝန်များကို ဆိုလိုခြင်းဖြစ်သည်။ ထိုတာဝန်များကို လူတိုင်းလူတိုင်းအနေဖြင့် ကျေပွန်စေရန်အကြံပြုခြင်းဖြစ်သည်။ လောကတွင် ဆိုင်ရာဆိုင်ရာ နယ်ပယ်တို့အလိုက် လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်များ၊ တာဝန်များ ရှိပြီးဖြစ်သည်။

မိဘတို့သည် မိဘတာဝန်၊ သားသမီးတို့သည် သားသမီးတာဝန်၊ ဆရာသမားတို့သည် ဆရာသမားတို့တာဝန်၊ မိတ်ဆွေတို့သည် မိတ်ဆွေတာဝန်စသည်ဖြင့် ကဏ္ဍအလိုက်တွင် တာဝန်များ အသီးသီးရှိကြပေသည်။ ထိုတာဝန်များကို ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် ကျေပွန်ကြမည်ဆိုလျှင် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုအရ ပြည့်စုံမှုမရှိသေးသော်မှ စိတ်ပိုင်းဆိုင်ရာအရ ပြည့်စုံမှုဖြစ်စေပေမည်။ ထိုအခါ နိုင်ငံအတွက် လိုအပ်ချက်များ တဖြည်းဖြည်း ပြည့်စုံလာမည်ဖြစ်သည်။ တာဝန်ကျေပွန်သည့် နိုင်ငံသားများနှင့် တည်ဆောက်ထားသော နိုင်ငံအား မည်သည့်နိုင်ငံမှ ယှဉ်နိုင်စွမ်းရှိမည်မဟုတ်ချေ။

ယခုရုပ်ရှင်ကဏ္ဍတွင် ရုပ်ရှင်လောကသားများအားလုံး ကိုယ်စီတာဝန်ကျေပွန်ကြမည်ဆိုလျှင် ရုပ်ရှင်လောက မြင့်မားရေး၊ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးသည် လိုက်ပါဖြစ်ထွန်းလာမည်မှာ သေချာပါသည်။ အခြားနယ်ပယ်များတွင်လည်း ဤသို့ပင်ဖြစ်သည်။ တာဝန်ဆိုသည်မှာ လူတစ်ဦး၊ အဖွဲ့အစည်းတစ်ခုအတွက် အလွန်အရေးကြီးသည်။ ထိုတာဝန်ကို ကျေပွန်ရေးအတွက် မိမိကိုယ်ကို တန်ဖိုးထားဖို့လိုသည်။ မိမိကိုယ်ကို တန်ဖိုးထားမှ သူတစ်ပါးအပေါ်တွင်လည်း တန်ဖိုးထားတတ်လာမည်။ မိမိတန်ဖိုးမြင့်မားရေးမှာ မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်ရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် အခွင့်အရေးများကိုသာ ပြောဆိုခြင်း၊ တောင်းဆိုခြင်းများလှသည်။ ကိုယ်တိုင် တာဝန်ကျေရေးကိုမူ သတိမမူမိတတ်ကြချေ။ ကိုယ်စီတာဝန်ကျေပွန်ခြင်းမရှိဘဲ အခွင့်အရေးသာ တောင်းဆိုနေလျှင် အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ချေ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားသကဲ့သို့ မြန်မာနိုင်ငံတွင် ထူးထူးခြားခြား အခွင့်အရေးနှင့် တာဝန်များကို ညီညီမျှမျှထားပြီး လုပ်ဆောင်သွားမည်ဆိုလျှင် အခြားနိုင်ငံများထက် ပိုမိုသာလွန်နိုင်သည်မှာ သေချာပါသည်။

ထို့ကြောင့် မိမိကိုယ်ကို တန်ဖိုးထားခြင်း၊ မိမိပညာကို တန်ဖိုးထားခြင်း၊ မိမိပတ်ဝန်းကျင်ကို တန်ဖိုးထားခြင်း၊ မိမိနိုင်ငံကို တန်ဖိုးထားခြင်းဖြင့် မိမိလူမျိုး၊ မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားသကဲ့သို့ ပြည်သူအားလုံးအနေဖြင့် မိမိတို့၏ပတ်ဝန်းကျင်၊ မိမိတို့၏ မိခင်ကြီးသဖွယ်ဖြစ်သည့် မိမိတို့နိုင်ငံတော်ကို တန်ဖိုးထားကြမည်ဆိုလျှင် မြန်မာနိုင်ငံသည် မည်သည့် စိန်ခေါ်မှုများ မည်သို့ပင်ရင်ဆိုင်ရသည်ဖြစ်စေ၊ မည်သည့် အခက်အခဲကိုမဆို ကျော်လွှားရသည်ဖြစ်စေ အားလုံးညီညီညွတ်ညွတ်ဖြင့် ဇွဲနှင့် သတ္တိနှင့် အမှန်တရားပေါ်တွင် ရပ်တည်ပြီး တိုးတက်နိုင်မည့်၊ အောင်မြင်နိုင်မည့် သန္နိဋ္ဌာန်ချထားနိုင်ရန် လေးစားစွာဖြင့် အကြံပြုအပ်ပါသည်။ ။

# (၇၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်အောင် တပ်မတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ်မြင့်မားရေးအား စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၂၅**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်းရှိ ၆၆- ကေဗွီ တက္ကသိုလ် ဓာတ်အားခွဲရုံ၊ ၆၆- ကေဗွီ MRTV-3 -ဓာတ်အားခွဲရုံ၊ ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ၆၆-ကေဗွီ ဦးဝိစာရ (GIS) ဓာတ်အားခွဲရုံနှင့် ပစ္စည်းစီမံရေးဌာန၊ ပစ္စည်းသိုလှောင်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တက္ကသိုလ် ၆၆ ကေဗွီ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဓာတ်အား ထိန်းချုပ်ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

၆၆ ကေဗွီ ရန်ကုန်တက္ကသိုလ် ဓာတ်အားခွဲရုံတွင် ၆၆/၁၁-၆. ၆ ကေဗွီ၊ ၃၀ အမ်ဗွီအေ ထရန်စဖော်မာ တပ်ဆင်ထားပြီး ၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံမှ ဓာတ်အား လက်ခံရယူ၍ ကမာရွတ်မြို့နယ်အတွင်းရှိ ရန်ကုန်တက္ကသိုလ်ဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် အမှတ်(၂)၊ အမှတ်(၉)၊ အမှတ်(၁၀) ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ(ဓာတ်/ဖြန့်)က ကမာရွတ်မြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ မြို့နယ်လျှပ်စစ်မန်နေဂျာက ကမာရွတ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ MRTV-3 ခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံတွင် ၆၆/၃၃ကေဗွီ၊ ၃၀ အမ်ဗွီအေ ထရန်စဖော်မာ၊ ၆၆/၁၁ကေဗွီ၊ ၃၀ အမ်ဗွီအေထရန်စဖော်မာ၊ ၆၆/၆. ၆ ကေဗွီ၊ ၃၀ အမ်ဗွီအေထရန်စဖော်မာ စုစုပေါင်းထရန်စဖော်မာ သုံးလုံး တပ်ဆင်ထားရှိပြီး၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံ၊ ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံတို့မှ ဓာတ်အားရယူ၍ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ဆောင်မှုလုပ်ငန်းများ (ဘီလ်၊ မီတာ) ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဦးဝိစာရ ၆၆ ကေဗွီ GIS ခွဲရုံသို့ ရောက်ရှိ၍ ဓာတ်အားခွဲရုံတွင်၆၆/၁၁-၆. ၆ကေဗွီ၊ ၃၀ အမ်ဗွီအေ ထရန်စဖော်မာတပ်ဆင်ထားပြီး ၂၃၀ ကေဗွီ ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားရယူ၍ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားစနစ် ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာန (ရန်ကုန်)သို့ ရောက်ရှိရာ တာဝန်ရှိသူများက မီတာ(အသစ်)များ စမ်းသပ်စစ်ဆေးခြင်း၊ ရပ်၊ ပျက်၊ နှေး မီတာအဟောင်းများ စမ်းသပ်စစ်ဆေးခြင်း၊ စက်ရုံ၊ ဓာတ်အားခွဲရုံစီမံကိန်းများမှ တည်ဆောက်ပြီးစီးသော Transformer များ၊ Switch Bay များ၊ Control Panel များ၊ Protection Relay များအား ဓာတ်အား ပို့လွှတ်နိုင်ရန်အတွက် စမ်းသပ်စစ်ဆေးပေးခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးဆိုင်များ၌ ကာမစိတ်ကြွဆေးများ ရောင်းချမှုရှိ၊ မရှိ စစ်ဆေး

**နေပြည်တော် မတ် ၂၅**
သင်္ကြန်ကာလနီးကပ်လာ၍ လူငယ်လူရွယ်များအကြား ဖြစ်ပွားလာနိုင်သည့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်စေရန်အတွက် လယ်ဝေးမြို့နယ် အေလာနယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ဦး ဦးဆောင်၍ အေလာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်၊ အေလာတိုက်နယ်ဆေးရုံ ကျန်းမာရေးကြီးကြပ်(၁) ဦးသူရိန်ဝင်းတို့ ပါဝင်သောအဖွဲ့သည် မတ် ၂၂ ရက်က အေလာဈေးနှင့် ဈေးအနီးရှိ ဆေးဆိုင်များတွင် ကာမစိတ်ကြွဆေးများ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပဲခူးတိုင်းဒေသကြီးအတွင်း မသန်စွမ်းသူများ၊ မိုင်းဒဏ်ကြောင့် မသန်စွမ်းသူများနှင့် အမျိုးသမီးဦးဆောင်သောမိသားစုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့

**နေပြည်တော် မတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့သို့ ရောက်ရှိပြီး မြို့နယ်အစည်းအဝေးခန်းမ၌ မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသော မသန်စွမ်းသူများအား လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့မှုများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် မကြာမီကာလတွင် မသန်စွမ်းများအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး လစဉ်ထောက်ပံ့ငွေပေးသော စနစ်တစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးနေပါကြောင်းနှင့် သက်ကြီးရွယ်အို လစဉ်ထောက်ပံ့ကြေး၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းက မွေးဖွားသော ကလေးနှစ်နှစ်အထိ လစဉ် ထောက်ပံ့ကြေးငွေပေးအပ်သော စနစ်များကိုလည်း ပေးအပ်နေပါကြောင်း ပြောကြားကာ မသန်စွမ်းသူ ၁၇၇၇ ဦး အတွက် ထောက်ပံ့ငွေကျပ် ၈၈၈ ဒသမ ၅ သိန်း၊ အမျိုးသမီး ဦးဆောင်သော မိသားစု ၃၉၄၈ အတွက် ၅၉၂ ဒသမ ၂ သိန်းတို့ကို ပေးအပ်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ကြီးမြို့နယ်သို့ ရောက်ရှိကြပြီး မိုင်းဒဏ်ကြောင့် မသန်စွမ်းသူများနှင့် တွေ့ဆုံကာ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ ဉာဏ်ရည်မသန်စွမ်းသူ၊ အမြင်အာရုံ မသန်စွမ်းသူနှင့်အကြားအာရုံ မသန်စွမ်းသူဟူ၍ မသန်စွမ်း လေးမျိုးရှိရာမှ ယနေ့ မိုင်းဒဏ်ကြောင့် ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ပြီး ကိုယ်အင်္ဂါမသန်စွမ်းသော်လည်း စိတ်သန်စွမ်းနိုင်ရေး လိုအပ်သဖြင့် စိတ်ဓာတ်မကျဘဲ ပိုမိုစွမ်းဆောင်နိုင်ရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ တတ်မြောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကျောက်ကြီးမြို့နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြို့နယ်အဆင့်ရုံးများ ဖွင့်လှစ်ပြီး ဒေသခံပြည်သူများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဘေးဒဏ်များကို ကြံ့ကြံ့ခံရင်ဆိုင် တုံ့ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပြီး မိုင်းဒဏ်ကြောင့် ကိုယ်လက်အင်္ဂါ မသန်စွမ်းသူ ၃၇၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၈၆ ဒသမ ၅ သိန်းကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဆန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မသန်စွမ်းသူ ၆၉၀ အတွက် ထောက်ပံ့ငွေကျပ် ၃၄၅ သိန်းကို လည်းကောင်း၊ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးရုံး သီရိရတနာခန်းမ၌ မသန်စွမ်းသူ ၁၄၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၇၄ သိန်းနှင့် အမျိုးသမီးဦးဆောင်သော မိသားစု ၅၅၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၈၃ ဒသမ ၇ သိန်းတို့ကို ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် တို့က ကျေးဇူးတင် စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ စာပေဗိမာန်၌ ဒုတိယအကြိမ်ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပလျက်ရှိသည့် ပြည်သူ့စကားဝိုင်းအစီအစဉ်၏ ဒုတိယအကြိမ် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို "လူငယ်နှင့်စွန့်ဦးတီထွင်မှု" ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ စာပေဗိမာန်၌ ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်းက စွန့်ဦးတီထွင်မှုများကို အသိအမှတ်ပြုကာ အားပေးသည့်နိုင်ငံများသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လေ့ရှိကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် "လူငယ်နှင့်စွန့်ဦးတီထွင်မှု" ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အမတ်ဘလော့ဂ်ကာ၊ စာရေးဆရာ ကိုနေဘုန်းလတ်၊ Tree Food ထန်းလျက်လုပ်ငန်းတည်ထောင်သူ CEO ဒေါက်တာချိုလဲ့ဇင်၊ Joosk graphic design တည်ထောင်သူ ကိုသက်ပိုင်ခနှင့် ဒေါက်တာနွေးနွေးအောင်(Happy World) တို့က စွန့်ဦးတီထွင် လုပ်ငန်းများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးကြပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မကြည်ပြာက Moderator အဖြစ် ဆောင်ရွက်သည်။

ကိုနေဘုန်းလတ်က ဆန်းသစ်တီထွင်မှုများနှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ထိရောက်မှုရှိသည့် Incubation center များ Innovation center များဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ချေးငွေများချပေးရာတွင် အမှန်တကယ်လိုအပ်သူများထံသာ ရရှိနိုင်ရေးနှင့် ချမ်းသာသူများသာ ချေးငွေရရှိနေခြင်းမျိုး မဖြစ်စေရန် ပြုလုပ်ပေးရန်လိုကြောင်း ပြောကြားသည်။

လူငယ်များအနေဖြင့် ပတ်ဝန်းကျင်ကောင်းရှိခြင်းနှင့်အတူ မိမိစိတ်ပါဝင်စားသည့် လုပ်ငန်းတစ်ခုကို တစိုက်မတ်မတ် တီထွင်ကြံဆလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ဒေါက်တာချိုလဲ့အောင်ကပြောကြားပြီး ကိုသက်ပိုင်ခ က Inspiration သည် အရေးကြီးကြောင်း၊ ဒေါက်တာနွေးနွေးအောင်က လုပ်ငန်းစတင်လုပ်ဆောင်လိုပါက အတွေ့အကြုံရယူပါက ပို၍ အမြင်ကျယ်စေပြီး လုပ်ငန်းလည်ပတ်စီမံခန့်ခွဲရာတွင် လူကောင်းနှင့်လူတော် ခွဲခြားသိမြင်ကာ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။




ထို့နောက် တက်ရောက်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## ဓမ္မာစရိယစာမေးပွဲ ပဥ္စမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ပဥ္စမနေ့)ကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် ဖြေဆိုကြရာ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၂၆၉ ပါးအနက် ၁၁၈၁၅ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၃၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

**✻ ကုန်တင်သင်္ဘောမှ**

ရည်ရွယ်တာကတော့ စိုက်ပျိုးရေးထုတ်ကုန်သင်္ဘောတွေ၊ စားအုန်းဆီ တင်သွင်းတဲ့ သင်္ဘောတွေ၊ အခြားကုန်သင်္ဘောတွေ ဆိုက်ကပ်ဖို့ပါ၊ ဒီနေ့ဖွင့်လှစ်လိုက်တာက ပထမအဆင့် ပြီးစီးလို့ ဖွင့်လှစ်လိုက်တာပါ၊ ဒီပထမအဆင့်ကို ၂၀၁၉ ခုနှစ်အပြီး ဆောင်ရွက်ပြီး ဒီစီမံကိန်းကြီး တစ်ခုလုံးကို စုစုပေါင်းဆိုရင် ၂၀၂၂ ခုနှစ်မှာ အပြီးသတ်နိုင်အောင် ဆောင်ရွက်သွားမယ်လို့ လျာထားပါတယ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ တိုးတက်လာတဲ့ ရေကြောင်းကုန်စည်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးတဲ့နေရာမှာ ဆိပ်ကမ်းတွေရဲ့ ဝန်ဆောင်မှုတွေက အရေးကြီးသလို ဆက်လက်ပြီးတော့လည်း သီလဝါဆိပ်ကမ်းတွေ တည်ဆောက်သွားမှာပါ"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မြို့ပြအင်ဂျင်နီယာဌာန ဒုတိယမြို့ပြအင်ဂျင်နီယာချုပ် ဦးတင့်လွင်က ပြောသည်။

အဆိုပါ ဖွင့်လှစ်လိုက်သည့် ဆိပ်ကမ်း Wilmar Jetty သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တင်ဒါစနစ်ဖြင့် ခေါ်ယူခဲ့ရာ စင်ကာပူအခြေစိုက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းစု Wilmar International Limited မှ တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းများကို ၂၀၁၂ ခုနှစ်တွင် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လမှ စတင်ကာ သီလဝါဧရိယာဆိပ်ကမ်းမြေကွက်အမှတ် ၂၀/၂၁ တွင် တည်ဆောက်နေကြောင်း သိရသည်။

အဆိုပါ ဆိပ်ကမ်း၏ စုစုပေါင်းအလျား ၂၃၂ မီတာရှိပြီး ဆိပ်ခံအရှည် မီတာ ၃၉၀ ရရှိသည်အထိ တည်ဆောက်မည်ဟု သိရသည်။ ယင်းတွင် ရေအနက် ၁၃ မီတာရှိကာ သင်္ဘောအရွယ် ၄၉၀၀၀ DWT ရှိ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည်အထိ ဆောက်လုပ်သွားမည်ဟု သိရသည်။

သီလဝါဆိပ်ကမ်းဧရိယာတွင် အထွေထွေကုန်စည်နှင့် ကုန်သေတ္တာဆိပ်ကမ်းများအနေဖြင့် MITT ဆိပ်ကမ်းနှင့် MITL ဆိပ်ကမ်းတို့ရှိရာ ယခုဖွင့်လှစ်သော Wilmar Jetty သည် တတိယမြောက်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၇၀ ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆိပ်ခံတံတားအပြင် စားအုန်းဆီသိုလှောင်ထုတ်လုပ်သည့် စက်ရုံများ၊ ဂျုံစက်၊ သကြားစက်၊ ဓာတ်မြေဩဇာစက်ရုံ၊ အရည်အသွေးမြင့်ဆန်စက်များ၊ ဆီအုန်းထုတ်လုပ်သည့် စက်ရုံများနှင့် အခြားကုန်ပစ္စည်းသိုလှောင်ရုံကြီးများကိုပါ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **ဆုနှင်းလှဲ့**

**✻ ရွှေဖိုးမှ**

ကာကွယ်ပေးတယ်၊ နွေရာသီဆိုလည်း စပါးစိုက်နိုင်ဖို့ ဆည်ရေကိုပြည့်မီစွာ ပေးနိုင်တယ်၊ ဒ့ါအပြင် တမံအနီးက ကျေးရွာတွေကိုလည်း လျှပ်စစ်မီးပေးနိုင်ခဲ့တယ်" ဟု ပြောသည်။

မမြရေလှောင်တမံကို ၂၀၀၁-၂၀၀၂ ခုနှစ်တွင် မမြချောင်းပေါ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့ကြောင်း ဆည်ရေပေးဝေနိုင်သည့် ဧရိယာ ၈၃၆၉ ဧကရှိပြီး မြန်အောင်မြို့နယ်တွင် ဧရိယာ ၄၃၆၉ ဧကနှင့် အင်္ဂပူမြို့နယ်တွင် ဧရိယာ ဧက ၄၀၀၀ ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားကြောင်း ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်ပြီး နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေပေးနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။

မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာမှ ဦးမြဦးက "ဒီရွာက ရွာကြီးပါ၊ ကျောင်းသား ကျောင်းသူ နှစ်ရာကျော်တက်နေတဲ့ လခွဲကျောင်းလည်းရှိတယ်၊ အရင်ကတော့ ဆိုလာမီးပဲသုံးကြတယ်၊ ဆိုလာကလည်း ဈေးကြီးတော့ လူတိုင်း မသုံးနိုင်ဘူး၊ လျှပ်စစ်မီးရပြီဆိုတော့ အရင်ကထက်စာရင် ပိုဖွံ့ဖြိုးလာမယ်" ဟု ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးမှူး ဦးဇေယျာသိန်းက "၂၅၀ ကီလိုဝပ်စက်နှစ်လုံးနဲ့ ကန်ရေနဲ့ တစ်နှစ်ပတ်လုံးလည်ပတ်ပြီး တမံအနီးအနားမှာရှိတဲ့ ကျေးရွာတွေက အိမ်ခြေတစ်ထောင်လောက်ကို လျှပ်စစ်မီးပေးနိုင်အောင် ရည်ရွယ်ထားပါတယ်၊ အိမ်ခြေသုံးရာကျော်ရှိတဲ့ ရွာကြီးကိုတော့ လျှပ်စစ်မီးစပေးနေပါတယ်၊ အနီးအနားက ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ရဲစခန်းနဲ့ သစ်တောဌာနတွေကိုလည်း လျှပ်စစ်မီးပေးထားပါတယ်" ဟု ပြောသည်။

ထို့အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ တမံအနီးအနားရှိ ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် အသေးစား ရေအားလျှပ်စစ်စက်ရုံကို ၂၀၁၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ယခုနှစ်မှစ၍ အိမ်ခြေ ၃၂၀၊ လူဦးရေ ၁၀၀၀ ကျော်ရှိ မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာကို လျှပ်စစ်မီးပေးနိုင်ခဲ့ပြီး ဝက်ဘာ၊ ညောင်ခုံ၊ ကန်ဘဲ့ ကျေးရွာများကိုလည်း လျှပ်စစ်မီးဆက်လက်ပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် မြန်အောင်မြို့နယ်နှင့်အင်္ဂပူမြို့နယ်တို့တွင် မမြရေလှောင်တမံမှ ဆည်ရေဖြင့် နွေစပါးဧက ၁၄၉၀ စိုက်ပျိုးရန် လျာထားပြီး နွေစပါးဧက ၁၅၃၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဆိုင်ထံမှ သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**

# သေနတ်ထိန်းချုပ်ရေး ဥပဒေစည်းမျဉ်းများကို ပိုမိုတင်းကျပ်ရေး အမေရိကန်နိုင်ငံတစ်ဝန်း၌ တစ်ခဲနက်စုဝေးဆန္ဒပြ

ဝါရှင်တန် မတ် ၂၅

**အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ သေနတ်ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများ ပိုမိုတင်းကျပ်ပေးရန် တောင်းဆိုလျက် ကျောင်းသားများက ဦးဆောင်၍ သိန်းနှင့်ချီသောပြည်သူများ စုဝေးဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။**




မိမိတို့၏အသက်များ ဘေးကင်းလုံခြုံရေးအတွက် စုဝေးချီတက်ပွဲဟု အမည်ပေးထားသော ဆန္ဒပြပွဲသို့ ကျောင်းသားများအပါအဝင် ပြည်သူအလုံးအရင်း ပါဝင်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၌ သေနတ်ဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ပိုမိုတင်းကျပ်ပေးရန် ကျောင်းသားများက ဥပဒေပြုအမတ်များနှင့် သမ္မတ ဒေါ်နယ်ထရန့်တို့ကို တိုက်တွန်းခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ပါ့ခ်လန်းမြို့၌ လွန်ခဲ့သည့်လက စာသင်ကျောင်းတွင်း သေနတ်ပစ်ခတ်မှုကြောင့် လူပေါင်း ၁၇ ဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းတွင် စုဝေးချီတက်ဆန္ဒပြပွဲများကို တစ်ခဲနက်ပြုလုပ်ကြခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၌ သေနတ်ရောင်းချမှုများကို တားဆီးပိတ်ပင်နိုင်ရေးအတွက် ဥပဒေလမ်းကြောင်းအရ ကြိုးပမ်းနေမှုများ တိုးတက်မှုမရှိဘဲ ဖြစ်နေမှုကို ချေဖျက်နိုင်ရန် ကျောင်းသားများက ဦးဆောင်၍ နိုင်ငံသားများက စုဝေးချီတက်ဆန္ဒပြခဲ့ကြသည်။ ဖလော်ရီဒါပြည်နယ် ပါ့ခ်လန်းမြို့၌ ဖေဖော်ဝါရီ ၁၄ ရက်က ဖြစ်ပွားခဲ့သည့်သေနတ်ပစ်ခတ်မှုမျိုး နိုင်ငံတစ်ဝန်းတွင် ဆက်လက်ဖြစ်ပွားခြင်း မရှိစေရေးအတွက် ဥပဒေအရ ထိန်းချုပ်မှုပြုလုပ်ရန် ဆန္ဒပြသူများက တောင်းဆိုကြသည်။

သေနတ်ဆိုင်ရာ ဥပဒေစည်းမျဉ်းများ ပိုမိုတင်းကျပ်ရေးအတွက် တောင်းဆိုသော စုဝေးချီတက်ဆန္ဒပြပွဲများကို အမေရိကန်တစ်ဝန်းရှိ အတ္တလန္တာ၊ ဘော်လ်တီမိုး၊ ဘော်စတန်၊ ချီကာဂို၊ လော့စ်အိန်ဂျလိစ်၊ မိုင်ယာမီ၊ မင်နီယာပိုလစ်နှင့် နယူးယောက်မြို့ကြီးများတွင် မတ် ၂၄ ရက်က ပြုလုပ်ခဲ့ကြသည်။

**ပီတီအိုင်။**

# မောင်းသူမဲ့ မြေအောက်ရထားများ ရှန်ဟိုင်း၌ စမ်းသပ်မောင်းနှင်မည်

**ရှန်ဟိုင်း မတ် ၂၅**



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် မောင်းသူမဲ့ မြေအောက်ရထားများ ပြေးဆွဲမည့် မြို့ပတ်ရထားလမ်းသစ်ကို မတ်လကုန်တွင် စမ်းသပ်မောင်းနှင်နိုင်မည်ဟု မျှော်လင့်ကြောင်း ရှန်ဟိုင်း ရှန်တောင် မြေအောက်ရထားလုပ်ငန်း အုပ်စုက မတ် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ရထားလမ်း အရှည် ၆ ဒသမ ၇ ကီလိုမီတာရှိ အေပီအမ်မြေအောက်ရထားလိုင်းသည် ပေ့ွရှန်းလမ်းနှင့် ရှန်ဒူးအဝေးပြေးလမ်းတို့ကို ချိတ်ဆက်ထားပြီး ခရီးသည်များ လိုင်းနံပါတ် ၈ သို့ ကူးပြောင်းနိုင်ကာ လမ်းတစ်လျှောက်တွင် ဘူတာရုံ ခြောက်ခုပါရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အလေးချိန်ပေ့ါပါးစေရန် ရည်ရွယ်ရေးဆွဲထားသော ဒီဇိုင်းပုံစံနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်တို့အပေါ် အခြေခံကာ တည်ဆောက်ထားသော မောင်းသူမဲ့ ရထားများသည် ပုံမှန်ရထားများနှင့် နှိုင်းယှဉ်ပါက စွမ်းအင်သုံးစွဲမှု နည်းပါးသည်။

အေပီအမ် မြေအောက်ရထားစနစ်ကို ကမ္ဘာအနှံ့တွင် ကျယ်ပြန့်စွာ အသုံးပြုနေပြီး ပေကျင်းနှင့် ကွမ်ကျိုးတို့တွင် အသုံးပြုလျက်ရှိပြီး ဖြစ်ကြောင်း၊ ရှန်ဟိုင်းမြို့တွင် ကမ္ဘာ့အရှည်ဆုံး မြေအောက်ရထားလမ်းကွန်ရက်တည်ရှိပြီး ၆၆၆ ကီလိုမီတာရှိကြောင်း သိရသည်။

ရှန်ဟိုင်းမြို့၏ စည်ပင်သာယာ နယ်နိမိတ် ၁၆ ခု အနက် ၁၃ ခုတွင် မြို့တွင်းနှင့် ဆင်ခြေဖုံးဒေသတို့၌ မြေအောက်ရထားခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိသည်။

မြေအောက်ရထား စီးနင်းသူခရီးသည် တိုးပွားလျက်ရှိသဖြင့် မြေအောက်ရထားလိုင်းများကို တိုးချဲ့လျက်ရှိသည်။

ရှန်ဟိုင်းမြို့၌ မြေအောက်ရထားလိုင်း ၁၅ ခုရှိပြီး မြေအောက်ရထားဘူတာရုံပေါင်း ၃၈၇ ရုံရှိသည်။ ရှန်ဟိုင်းပြည်သူတို့ အလုပ်ဆင်းသည့်ရက်များတွင် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် မြေအောက်ရထားစီးသူ ၁၀ သန်းကျော်ရှိသည်။

ရှန်ဟိုင်းမြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်ပြီး လူဦးရေ သန်း ၂၀ အထက်ရှိသည့် ကမ္ဘာ့မြို့ကြီးတစ်မြို့လည်း ဖြစ်သည်။ ရှန်ဟိုင်းမြို့သည် တရုတ်အရှေ့ကမ်းရိုးတန်း ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိပြီး ဗဟိုမှ တိုက်ရိုက်အုပ်ချုပ်သည့် မြို့တစ်မြို့ဖြစ်သည်။

နဂိုမူလက တံငါရွာလေး တစ်ရွာဖြစ်သည့် ရှန်ဟိုင်းသည် ၁၈၄၂ ခုနှစ်တွင် တရုတ်နှင့် ဗြိတိသျှတို့ လက်မှတ်ရေးထိုးခဲ့သည့် နန်ကျင်းစာချုပ်အရ နိုင်ငံခြားကုန်သည်များအား ကုန်သွယ်မှု ပြုလုပ်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သည့် ဆိပ်ကမ်းတစ်ခုအဖြစ် သမိုင်းတွင်သည်။

**ဆင်ဟွာ။**

# အီဂျစ်နိုင်ငံ ရွေးကောက်ပွဲမတိုင်မီ ဗုံးတစ်လုံးပေါက်ကွဲ၊ အနည်းဆုံး လူနှစ်ဦး သေဆုံး

**ကိုင်ရို မတ် ၂၅**

အီဂျစ်နိုင်ငံ မြောက်ဘက်ပိုင်းတွင် ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူနှစ်ဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။ အဆိုပါဗုံးဖောက်ခွဲမှုသည် သမ္မတရွေးကောက်ပွဲကျင်းပရန် နှစ်ရက်သာလိုတော့သည့်အချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းအကြမ်းဖက်မှုသည် မတ် ၂၅ ရက်နံနက်ပိုင်းတွင် ကားရပ်နားကွင်းတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သည့် အလက်ဇန်းဒရား၏ လုံခြုံရေးဌာန အကြီးအကဲကို လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိများက ယုံကြည်ကြသည်။

ဗုံးပေါက်ကွဲမှုကြောင့် ရဲအရာရှိတစ်ဦး အပါအဝင် လူနှစ်ဦး အနည်းဆုံးသေဆုံးခဲ့ပြီး လူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။

မှတ်တမ်းဗီဒီယိုတစ်ခုတွင် ကားတစ်စီးသည် ဗုံးဖောက်ခွဲခြင်းခံရပြီးနောက် မီးလောင်ကျွမ်းကာ မီးခိုးလုံးများ ကောင်းကင်ယံသို့ ပျံတက်သွားသည်ကို တွေ့ရသည်။

အဆိုပါကား၏အောက်ခြေတွင် ဗုံးကိုတပ်ဆင်ထားခြင်းဖြစ်ပြီး လုံခြုံရေးအကြီးအကဲ၏ကားသည် အဆိုပါကားအနီးသို့ ဖြတ်သန်းမောင်းနှင်လာစဉ် ဗုံးကိုဖောက်ခွဲရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ဆိုသည်။

ဗုံးဖောက်ခွဲမှုကို မည်သည့်အဖွဲ့အစည်းက ကျူးလွန်ခဲ့ခြင်းဆိုသည်ကို ယခုထိတိုင် မသိရသေးပေ။ သို့သော် မတ် ၂၆ ရက်မှစပြီး သုံးရက်တိုင်တိုင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့က နှောင့်ယှက်ဖျက်ဆီးမည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်ဟု ရဲအရာရှိများက ဆိုသည်။

အီဂျစ်လုံခြုံရေးအာဏာပိုင်များက အိုင်အက်စ်စစ်သွေးကြွများအား ပြင်းထန်စွာ တိုက်ခိုက်ချေမှုန်းလျက်ရှိသည့်အပြင် ရွေးကောက်ပွဲကျင်းပမည့်ရက် ပိုမိုနီးကပ်လာသည့်အတွက် နိုင်ငံတစ်ဝန်းလုံခြုံရေးကို ပိုမိုတင်းကျပ်စွာချထားကြောင်း လုံခြုံရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

**အင်အိတ်ချ်ကေ။**



# ရွှေးဟောင်းသုတေသနလုပ်ငန်း ပူးတွဲလုပ်ကိုင်ရန် ဆော်ဒီသို့ တရုတ်သုတေသီအဖွဲ့ စေလွှတ်

**ပေကျင်း မတ် ၂၅**

ဆော်ဒီအာရေဗျနိုင်ငံရှိ ဆာရီယန်ဒေသ၌ ရှေးဟောင်းသုတေသနလုပ်ငန်းကို ပူးတွဲလုပ်ကိုင်နိုင်ရန် တရုတ်နိုင်ငံက ရှေးဟောင်းသုတေသီ ငါးဦးကို ယင်းနိုင်ငံသို့ မတ် ၂၆ ရက်တွင် စေလွှတ်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီ ပင်လယ်ကမ်းခြေရှိ ဆာရီယန်ဒေသ၌ တရုတ်ရှေးဟောင်းသုတေသနပညာရှင်များအဖွဲ့က အဖွဲ့ဝင်ခြောက်ဦးပါ ဆော်ဒီရှေးဟောင်းသုတေသနပညာရှင်များအဖွဲ့နှင့်ပူးတွဲ၍ ရက်ပေါင်း ၂၀ ကြာ လေ့လာမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတော်ယဉ်ကျေးမှုအမွေအနှစ်ဌာနက ပြောကြားသည်။

ဆာရီယန်ဒေသ၌ ရှေးဟောင်းသုတေသနတူးဖော်လေ့လာမှုပြုလုပ်ရာတွင် မောင်းသူမဲ့လေယာဉ်များဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ ဒစ်ဂျစ်တယ်စစ်တမ်းများကောက်ယူခြင်း၊ သုံးဖက်မြင်ပုံရိပ်မြေပုံထုတ်ခြင်းစသည့် အဆင့်မြင့်နည်းပညာရပ်များကို အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အာရပ်နိုင်ငံတစ်နိုင်ငံ၌ ပြုလုပ်သော ရှေးဟောင်းသုတေသနတူးဖော်မှုလုပ်ငန်းတစ်ရပ်တွင် ပူးပေါင်းပါဝင်နိုင်ရန် တရုတ်နိုင်ငံက ရှေးဟောင်းသုတေသနအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

**ဆင်ဟွာ။**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် တိုင်းရင်းသားလူမျိုးစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**တောင်ကြီး မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပရာ ယနေ့ပွဲတော်နောက်ဆုံးနေ့အဖြစ် ည ၇ နာရီမှ စတင်ကာ တိုင်းရင်းသားလူမျိုးစုများက ရိုးရာယဉ်ကျေးမှု အကများဖြင့် စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း ရင်းနှီးချစ်ခင်မှုမှ တစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ မတ် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည်။

တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် ကာလအတွင်း တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေစာတမ်း ၁၅ စောင်နှင့် တိုင်းရင်းသားလူမျိုးစုသမိုင်း၊ ယဉ်ကျေးမှု ဓလေ့ဆိုင်ရာ စာတမ်း ၁၂ စောင် စုစုပေါင်းစာတမ်း ၂၇ စောင် ဖတ်ကြားခြင်းကို တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုပြခန်း ၂၃ ခန်း၊ ဌာနဆိုင်ရာပြခန်း ကိုးခန်း၊ စာအုပ်အရောင်းဆိုင် ၅၀၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများအပြင် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုအကအဖွဲ့ ၄၅ ဖွဲ့နှင့် ခေတ်ပေါ်စင်တင်တေးဂီတဖျော်ဖြေမှုများကို တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌လည်းကောင်း အောင်မြင်စွာကျင်းပပြီးစီးကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**




**✳ ကျောဖုံးမှ**

ချေးတာမဟုတ်ပါဘူး၊ Revolving Fund ပါ၊ အမြဲတမ်းလည်ပတ်ရန်ပုံငွေဆိုပြီး ရွာကို အပိုင်ပေးလိုက်တဲ့ငွေပါ၊ ယူနစ်ဆိုတာက အိမ်ခြေ ၈၀ မပြည့်တဲ့ ရွာတွေဆိုရင် နှစ်ရွာ၊ သုံးရွာ စသဖြင့် ပေါင်းရတယ်၊ အိမ်ခြေ ၈၀ အထက်ဖြစ်အောင် ပေါင်းပါတယ်၊ ပေါင်းပြီးတော့မှ တစ်ယူနစ်လို့ သတ်မှတ်ပါတယ်၊ တစ်ယူနစ်အတွက် နိုင်ငံတော်က ငွေကျပ်သိန်း ၃၀၀ ရွာကို ထောက်ပံ့မတည်ပေးပါတယ်" ဟု ပြောသည်။

စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် ဆင်းရဲသောကျေးရွာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်ရန် အလားအလာရှိသော ကျေးရွာနှင့် တရားဥပဒေစိုးမိုးသောကျေးရွာများကို ဦးစားပေးရွေးချယ်ပြီး နိုင်ငံတော်က မတည်ပေးသည့်ရန်ပုံငွေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ မီးလင်းရေး၊ ကျေးရွာထုတ်ကုန်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

"မတည်ပေးလိုက်တဲ့ငွေကို ကျေးရွာပိုင်အနေနဲ့ထားပြီး ကျေးရွာကော်မတီကနေ ရွာသားတစ်ဦးချင်းစီကို ပြန်ပြီးချေးပေးတဲ့စနစ်ပါ၊ ချေးငွေဆုံးဖြတ်တဲ့ကိစ္စ၊ အတိုးနှုန်း သတ်မှတ်တဲ့ကိစ္စ၊ စည်းကမ်းသတ်မှတ်တဲ့ကိစ္စတွေကို ကျေးရွာသူ ရွာသားတွေမဲပေးပြီး ရွေးချယ်ထားတဲ့ ကျေးရွာကော်မတီက ဆုံးဖြတ်ပါတယ်၊ လုပ်ငန်းလည်ပတ်မှုတွေ နည်းစနစ်မှန်ကန်ဖို့နဲ့ အလွဲသုံးစားမဖြစ်စေဖို့ ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီတွေ အဆင့်ဆင့်ဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်၊ ရွာသားတွေအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်ချင်တယ်ဆိုရင် အရင်းအနှီးရနိုင်ဖို့အတွက် မတည်ပေးထားတာပါ၊ အပြင်မှာ ချေးယူရင် ငါးကျပ်တိုး၊ ၁၀ တိုး ပေးရပါတယ်၊ ကျေးရွာက ပိုင်တဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကနေ ချေးယူမယ်ဆိုရင် အတိုးနှုန်းအနေနဲ့က ငွေကျပ် ၁၀၀ ကို ပြား ၅၀ ကနေ ၁ ကျပ်ခွဲနှုန်း အများဆုံးဖြစ်ပါတယ်၊ ရတဲ့အတိုးငွေကိုလည်း အရင်းထဲ ပြန်ပေါင်းပါတယ်"ဟု ဦးနေထက်ရှိန်က ပြောသည်။

လက်ရှိတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တစ်ယူနစ်လျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၅၅၇ ရွာအတွက် ၄၉၄ ယူနစ် နိုင်ငံတော်က ထောက်ပံ့မတည်ပေးထားကြောင်း သိရသည်။

**သတင်း-ကျော်သူထက်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

**❖ မြန်မာ-ထိုင်းမှ**

စက်ဘီးစီးအဖွဲ့ ၁၆ ဦး စုစုပေါင်း ၅၆ ဦးတို့သည် တာချီလိတ်မြို့ ရှမ်းရိုးမကုန်တိုက်မှ မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ မိုင်းဖုန်းဆရာတော်ကျောင်းတိုက်နှင့် ဝမ်ပုံကျေးရွာ မဲခေါင်မြစ်ဘေးရှိ ဇွဲသာယာကမ်းခြေသို့ စက်ဘီးစီး သွားရောက်မည်ဖြစ်သည်။

"ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံထဲကို စက်ဘီးစီးဝင်လာတာ ၁၀ ခေါက်လောက်ရှိပါပြီ၊ စက်ဘီးစီးဝင်လာတိုင်း ဒီက ရှမ်းတိုင်းရင်းသားတွေနဲ့ မြန်မာတွေအားလုံးရဲ့ ချစ်ကြည်ရင်းနှီးမှုကို ခံစားမိပါတယ်၊ အခု တစ်ကြိမ်မှာတော့ ဘုန်းကြီးကျောင်းတွေမှာ သွားပြီး စုပေါင်းအလှူလုပ်နိုင်ဖို့၊ နယ်မြေဗဟုသုတရဖို့နဲ့ စက်ဘီးစီးပြီး လည်ရအောင်လည်း ဖြစ်ပါတယ်၊ နောက်ပြီး ဒီမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံတွေကို ပိုမိုသိရှိနိုင်ဖို့အတွက် ထိုင်းနိုင်ငံ လန်းပန်းစက်ဘီးစီးအဖွဲ့တွေကို ခေါ်လာတာပါ"ဟု လန်းပန်းခရိုင် စက်ဘီးစီးအဖွဲ့မှ ဦးဆောင်သူ Mr. Sophon Vijitsopa က ပြောသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းမှုကို တာချီလိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွဋ်နှင့် Tachileik Old Star အဖွဲ့မှ ဦးစိန်လွင်တို့က လာရောက်အားပေးရာ ထိုင်းနိုင်ငံ လန်းပန်းခရိုင်မှ စက်ဘီးစီးအဖွဲ့ခေါင်းဆောင်က အမှတ်တရ အင်္ကျီလက်ဆောင်များပေးကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**


# စိုက်ပျိုးရေပေးဝေနေသော ဇော်ဂျီ၊ ကင်းတားရေလှောင်တမံနှင့် ဇော်ဂျီရေသောက်စနစ်

ကျောက်ဆည်ခရိုင်သည် အထက်မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည်။ ကျောက်ဆည်ခရိုင်တွင် ပုဂံခေတ် အနော်ရထာမင်းလက်ထက်ကတည်းက ဇော်ဂျီ၊ ပန်းလောင်၊ မြစ်ငယ်မြစ်များမှ ရေကိုယူ၍ ဆည်မြောင်းတာတမံများ ဖောက်လုပ်ကာ ဆန်စပါးစိုက်ပျိုးခဲ့သော ဒေသဖြစ်သည်။ ထို့ကြောင့်လည်း ကျောက်ဆည် လယ်တွင်းကိုးခရိုင်ဟု နာမည်ကျော်ကြားလူသိများခဲ့သည်။

လယ်တွင်းကိုးခရိုင်မှာ စောလုမြို့၊ ပင်လယ်မြို့၊ မြစ်သားမြို့၊ ပျဉ်းမနားမြို့၊ မြောင်လှမြို့၊ မြင်းခုံတိုင်မြို့၊ ပန်မြို့၊ မက္ခရာမြို့နှင့် မြစ်ဝိုင်းမြို့များဖြစ်သည်။ လယ်တွင်းကိုးခရိုင်မှ စပါး အများဆုံးထွက်ရှိပြီး အထက်မြန်မာပြည်၏ စပါးကျီဟု ဆိုနိုင်သည်။

ဇော်ဂျီမြစ်သည် ကျောက်ဆည်ခရိုင်၏ အသက်သွေးကြောဖြစ်သည်။ ဇော်ဂျီမြစ်မှာ ရှေးမြန်မာမင်းများလက်ထက်က ရေလွှဲဆည် အဆင့်ဆင့်ဖြင့် ပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် တည်ဆောက်ထားသော မြစ်ကြီးဖြစ်သည်။ မျက်မှောက်ခေတ်တွင် ဇော်ဂျီရေသောက်စနစ်ကို တမံ နှစ်ခု၊ ရေလွှဲဆည် ခြောက်ခု၊ ရေထိန်းဆည် တစ်ခုတို့ဖြင့် ရေသောက်ဧက ၈၁၀၀၀ နှင့် ကျောက်ဆည်မြို့လူထု သောက်သုံးရေနှင့် စက်ရုံများအတွက် သုံးရေတို့ကို တစ်နှစ်လျှင် ရေဂါလန်သန်းပေါင်း ၂၅၀ ခန့် ပေးဝေလျက်ရှိသည်။

ရေလှောင်တမံ နှစ်ခုမှာ ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်တွင် တည်ဆောက်ထားသည့် ဇော်ဂျီရေလှောင်တမံနှင့် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်တွင် တည်ဆောက်ထားသည့် မြို့ကြီးရေလှောင်တမံတို့ဖြစ်သည်။ ရေလွှဲဆည် ခြောက်ခုမှာ ကျောက်ဆည်မြို့နယ်တွင်တည်ရှိပြီး ဇော်ဂျီမြစ်ပေါ်တွင် တည်ဆောက်ထားသည်။ ၎င်းတို့မှာ မြို့ကြီးရေလွှဲဆည်၊ နောင်ခမ်းရေလွှဲဆည်၊ ငပြောင်ရေလွှဲဆည်၊ သင်းတွဲရေလွှဲဆည်၊ မင်းရဲရေလွှဲဆည်နှင့် ဇီးတောရေလွှဲဆည်တို့ဖြစ်ကြသည်။ ရေထိန်းဆည်မှာ ကျောက်ဆည်မြို့ပေါ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည့် ဇော်ဂျီရေထိန်းဆည် ဖြစ်သည်။


ဇော်ဂျီရေသောက်စနစ်မှ ငပြောင်ရေလွှဲဆည် ပြုပြင်ပြီးမှုကို တွေ့ရစဉ်။

ဇော်ဂျီရေသောက်စနစ်အတွင်းရှိ ရေပေးဝေရေး အဆောက်အအုံများ၊ ရေပေးမြောင်းများ၊ ရေနုတ်မြောင်းများကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေများဖြင့် နှစ်စဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။ လာမည့်နှစ်အနည်းငယ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံ(JIID) အဖွဲ့မှ ဇော်ဂျီ ရေသောက်စနစ်တစ်ခုလုံးကို အဆင့်မြှင့်တင် ပြုပြင်မည်ဖြစ်သောကြောင့် ရေစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်လာပြီး စိုက်ပျိုးမြေအားလုံးကိုလည်း မြောင်းဆုံး၊ မြောင်းဖျားအထိ ရေပြည့်စုံဖူလုံစွာ ပေးဝေသွားနိုင်မည်ဖြစ်သည်ဟု သိရသည်။

ဇော်ဂျီရေလှောင်တမံ တစ်ခုတည်းရှိစဉ်က ၎င်း၏သိုလှောင်ပမာဏဖြင့်သာ နွေစပါးစိုက်ဧကများ လျာထားရသဖြင့် သိုလှောင်ရေ အခြေအနေပေါ်မူတည်၍ အကန့်အသတ်ဖြင့်သာ လျာထားခဲ့ရသည်။ ယခုအခါ မြို့ကြီးရေလှောင်တမံ တည်ဆောက်ပြီးစီးခဲ့သဖြင့် တမံနှစ်ခုတွင် လက်ရှိ စုစုပေါင်း ရေသိုလှောင်ပမာဏ ဧကပေ ၅၅၀၀၀၀ ခန့်ရှိသဖြင့် ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့တွင် နွေစပါးဧက ၅၄၀၀၀ ခန့်အထိ စိုက်ပျိုးထားနိုင်မည်ဖြစ်သည်။ ၎င်းလျာထားဧကအတွက် ရေလိုအပ်ချက် ဧက ၃၀၀၀၀၀ ခန့် အလုံအလောက်သိုလှောင်ထားပြီး ဖြစ်သဖြင့် လာမည့်နှစ် မိုးစပါးပျိုးထောင်ရေအတွက်ပါ အလုံအလောက်ရှိနေပြီဖြစ်သည်။ တောင်သူများအား အဓိက နွေစပါးစိုက်ပျိုးရန် တိုက်တွန်းနှိုးဆော်ထားသော်လည်း တောင်သူများ၏ဆန္ဒအရ မည်သည့်သီးနှံ စိုက်ပျိုးသည် ဖြစ်စေ ရေအလုံအလောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကင်းတားရေလှောင်တမံ**

ကင်းတားရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့၏ အရှေ့တောင်ဘက် ၂၀ မိုင်အကွာတွင် ၁၉၉၀ ပြည့်နှစ်က ပန်းလောင်မြစ်ကို ပိတ်၍ ဆောက်လုပ်ခဲ့သော ရေလှောင်တမံကြီးဖြစ်သည်။ ကင်းတားရေလှောင်တမံမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်၊ စိုက်ပျိုးရေပေးဝေရန်နှင့် ဒေသတွင်း သောက်သုံးရေရရှိရန် ဘက်စုံရည်ရွယ်၍ ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက်ကတည်းက ပန်းလောင်မြစ်ပေါ်တွင် ရေလွှဲဆည်များ တည်ဆောက်၍ လယ်မြေများသို့ ဆည်ရေများပေးသွင်းစိုက်ပျိုးခဲ့သည်။ ကိုလိုနီခေတ် ၁၈၉၁ ခုနှစ်က ပန်းလောင်မြစ်ပေါ်၌ အဆင့်ဆင့် ဆောက်လုပ်တည်ရှိနေသည့် ကင်းတားဆည်၊ နတ်လွဲဆည်၊ ကျီးမဲဆည်နှင့် ထုံးကြီးဆည်တို့အား ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ပြီး ယနေ့တိုင် ဆည်ရေများ ပေးဝေလျက်ရှိသည်။ ထိုဆည်များမှာ ရေလွှဲဆည်များသာဖြစ်သဖြင့် မြစ်၏ ရေစီးရေလာနည်းပါးချိန်တွင် ရေလုံလောက်မှုမရှိခြင်း၊ မြစ်ရေကြီးချိန်တွင် လယ်မြေများအား ရေလွှမ်းမိုးခြင်း စသည်တို့ကြောင့် မူလရေလွှဲဆည်၏အထက် ကိုးမိုင်အကွာတွင် လယ်မြေများ ရေလွှမ်းမိုးမှုကာကွယ်ရန်၊ တစ်နှစ်ပတ်လုံး ရေလိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန် ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်ခဲ့သည်။

ကင်းတားရေလှောင်တမံမှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်သည်။ တမံအမြင့် ၂၃၆ ပေ၊ တမံအလျား ၂၀၃၄ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၈၇၃၅၈၀၊ ရေထုတ်ပြွန်အမျိုးအစား ကွန်ကရစ်ဥမင်ရေထုတ်ပြွန် အလျား ၁၅၂၅ ပေ၊ ရေပိုလွှဲ အမျိုးအစား RADIAL GATED SPILLWAY၊ ရေပိုလွှဲ အကျယ် ၂၉ ဒသမ ၅ ပေ × ၃၄ ဒသမ ၄ ပေ လေးပေါက်၊ တူးမြောင်းအကြီး အလျား ၇၈ ဒသမ ၈ မိုင်၊ လက်တံမြောင်းများ အလျား မိုင် ၄၂၀၊ ဆည်ရေပေးနိုင်သည့် ဧရိယာမှာ ၁၄၇၂၇၁ ဖြစ်သည်။ ကင်းတားရေလှောင်တမံသည် နှစ်စဉ် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံမျိုးစုံအတွက် စိုက်ပျိုးရေများ ပေးဝေနေသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါးနှင့် နွေသီးနှံအတွက် ကင်းတားရေလှောင်တမံမှ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် တံတားဦးမြို့နယ်များရှိ စိုက်ဧကများကို လက်ဝဲ ရေသောက်စနစ်မှ ၄၁၀၆၁ ဧက၊ လက်ယာ ရေသောက်စနစ်မှ ၂၉၇၉၆ ဧကနှင့် ပန်းလောင်ရေသောက်စနစ်မှ ၂၂၀၆၅ ဧက စုစုပေါင်း ၉၂၇၂၂ ဧက စိုက်ပျိုးရန်အတွက် ရေများ စတင်လွှတ်ပေးနေပြီဖြစ်သည်။

ကင်းတားရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနေသဖြင့် ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်းနှင့် တံတားဦးမြို့နယ်များမှ တောင်သူများ စိုက်ပျိုးစွမ်းအားများ တိုးတက်လာခြင်း၊ လူနေမှုဘဝ မြင့်မားတိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံပြီး နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံ၊ ဥယျာဉ်သီးနှံများ အထွက်တိုးလာသဖြင့် ကင်းတားရေလှောင်တမံသည် လယ်တွင်းကိုးခရိုင်အတွင်းရှိ တောင်သူလယ်သမားများ အကျိုးပြုနေသော ဆည်ကြီးတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ **မောင်ထီလာ**

# လူငယ်နှင့် ယဉ်ကျေးမှု

မနောဖြူလေး

> ယနေ့ခေတ်မှာ လူတွေဟာ အရှက်အကြောက်တရားမရှိကြတော့ဘဲ အကျင့်စာရိတ္တ ပျက်ပြားလာကြတာ တွေ့မြင်ရပါတယ်။ ကိုယ်ချင်းစာတရားဆိုတာလည်း အလွန်နည်းပါးလာကြပြီး ငါ့တစ်ဘို့တည်းအတွက် ကြည့်လာကြတာကို တွေ့မြင်ကြရမှာပါ။ ကျွန်မတို့ အရွယ်ငယ်တုန်းကဆိုရင် လူကြီးမိဘတွေ ကိုယ့်ထက် အသက်အရွယ်ကြီးသူတွေရဲ့ရှေ့မှာ ဖြတ်လျှောက်ရင် ခါးကိုကိုင်း ခေါင်းကိုငုံ့ပြီး ဖြတ်လျှောက်ကြရပါတယ်။ ဒီနေ့ခေတ် လူငယ်တွေမှာတော့ အဲဒီလိုအမူအကျင့်မျိုး မတွေ့ကြရတော့ပါဘူး။

ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ဗုဒ္ဓဘာသာဝင်တွေထဲမှာ မိရိုးဖလာဗုဒ္ဓဘာသာနဲ့ မိမိကိုယ်တိုင်က မြတ်စွာဘုရားကို ကြည်ညိုပြီး မြတ်စွာဘုရားရဲ့ တရားတော်နဲ့ အဆုံးအမကို ရိုသေလေးစားစွာ လိုက်နာနိုင်တဲ့ ဗုဒ္ဓဘာသာဝင်ဆိုပြီး ကျွန်မကတော့ အမျိုးအစားနှစ်မျိုး ခွဲခြားကြည့်ပါတယ်။

လူမှုအသိုက်အဝန်းတစ်ခုမှာ ဂုဏ်ယူမြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုဓလေ့တွေ အများကြီးရှိကြပါတယ်။ အသက် ဂုဏ်ဝါ သိက္ခာကြီးသူတွေကို ရိုသေလေးစားတတ်ဖို့၊ လူတစ်ဖက်သားကို ကူညီတတ်ဖို့၊ စည်းလုံးညီညွတ်ကြဖို့ စတာတွေကို လူသားတွေက မျိုးရိုးစဉ်ဆက်အလိုက် ယဉ်ကျေးမှုကနေ လက်ဆင့်ကမ်းခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာလူမျိုးတွေရဲ့ ချစ်စရာဓလေ့စရိုက်လေးတွေနှင့် မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုတွေကို နောင်လာနောက်သား လူငယ်တွေကို လက်ဆင့်ကမ်းပေးကြရမှာ မိဘဘိုးဘွားတွေနဲ့ ဆရာသမားတွေမှာလည်း တာဝန်ရှိပါတယ်။ ကျွန်မတို့ငယ်ငယ်တုန်းကဆို ကိုယ့်မိဘ အဘိုးအဘွားမှ မဟုတ်ပါဘူး၊ ပတ်ဝန်းကျင်က သက်ကြီးဝါကြီးတွေကလည်း အမြင်မတော်တာရှိရင် သွန်သင်ဆုံးမလေ့ရှိပါတယ်။ ဒါကိုလည်း ကျွန်မတို့လို့ ကလေးတွေက လိုက်နာပြင်ဆင်ပြောင်းလဲကြပါတယ်။

၂၁ ရာစုနှစ်မှာ ယဉ်ကျေးမှုအမွေဟူသော ဝေါဟာရနဲ့ ထိုဝေါဟာရ၏ နက်နဲ၊ ကျယ်ပြန့်တဲ့ အဓိပ္ပာယ်နဲ့ အရေးပါလှတဲ့ အကျိုးတရားတွေကို ကမ္ဘာတစ်ခွင်မှာ သတိပြုနားလည်လာကြကာ လူသားအကျိုးအတွက် အသုံးပြုရန် ကြိုးပမ်းလာကြတာကို တွေ့ရပါတယ်။ သိပ္ပံ၊ အသုံးချသိပ္ပံ၊ ဆက်သွယ်ရေးနဲ့ သတင်းဖြန့်ချိရေးနည်းပညာ အစရှိတဲ့ ရုပ်ပိုင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာတွေ တိုးတက်မှုကျေးဇူးကြောင့် လူသားတွေအတွက် အကျိုးပြုမှုတွေကို လက်တွေ့ရရှိ ခံစားနေရပါတယ်။

ယနေ့ခေတ် လူငယ်အများစုဟာ မိရိုးဖလာ ဗုဒ္ဓဘာသာကိုပဲ ကိုးကွယ်နေကြတာတွေ့ရပါတယ်။ ယနေ့ခေတ်လူငယ်တွေဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့နေရာမှာ ဘုရား၊ တရား၊ သံဃာကို ကြည်ညိုတာထက် မိဘက ဗုဒ္ဓဘာသာ ဖြစ်တဲ့အတွက်ကြောင့် မိမိလည်း ဗုဒ္ဓဘာသာဝင် တစ်ယောက်အဖြစ် ခံယူကြတာတွေ့ရပါတယ်။ ဗုဒ္ဓရဲ့ တရားတော်တွေထဲမှာ မြတ်စွာဘုရားဟောကြားတဲ့ (၃၈)ဖြာ မင်္ဂလာတရားတော်မှာပါတဲ့ အချက်အလက်တွေကို မလေ့လာခဲ့ဘူး။ လိုက်နာကျင့်သုံးဖို့ကျတော့ မလေ့လာခဲ့တဲ့ အတွက် လိုက်နာကျင့်သုံးဖို့ဆိုတာကျတော့ စိတ်မဝင်စားခဲ့ပါဘူး။ စိတ်ဝင်စားအောင် ဆရာတော်တွေ၊ သံဃာတော်တွေက ပုံပြတရားတော်တွေနဲ့ ဟောပြောဆုံးမတာကြတော့လည်း ဘုန်းကြီးတရားနာရမှာကို ကြောက်လို့ ရှောင်ကြဉ်ကြပြန်ကော။

မိဘတွေအနေနဲ့လည်း မိမိတို့ သားသမီးကို ငယ်ရွယ်စဉ်အချိန်ထဲက မိမိတို့ ဗုဒ္ဓဘာသာရဲ့ ထုံးတမ်းစဉ်လာ ဓလေ့စရိုက်တွေကိုလည်း သားသမီးနားထဲမှာ စွဲနေအောင် သွန်သင်ပြသပေးဖို့လည်း သတိထားရမှာပါ။ ယခင် ရှေးလူကြီးတွေဆို သံဃာတော်တွေကို တွေ့ရင် ရှိခိုးရုံနဲ့ မပြီးပါဘူး၊ သံဃာတော်တွေကြွလာရင် ကိုယ်က သံဃာတော်တွေရဲ့အရိပ်ကို နင်းမိမှာကြောက်လို့ ရပ်ပေးပြီး သံဃာတော်ကျော်သွားမှ ဆက်လျှောက်သွားကြတာပါ။ ယနေ့ခေတ် လူငယ်တွေကတော့ သံဃာတော်နဲ့ လမ်းမှာဆုံရင် ရှိခိုးဦးခိုက် ရိုကျိုးမှု မရှိကြတော့ပါဘူး။ ဘတ်စ်ကားစီးရင်လည်း သံဃာတော်တွေတက်လာပြီဆို စပယ်ယာက သံဃာတော်ခုံလေးတွေ ထပေးကြပါဆို တချို့ကတော့ မသိချင်ယောင်ဆောင်ပြီး ဆက်ထိုင်နေကြပါတယ်။

ဒါဟာ ခေတ်ရေစီးကြောင်းအရ လူကြီးတွေမှာလည်း အဓိက အပြစ်ရှိတယ်ဆိုရမယ်။ ကလေးတွေကို အချိန်မပေးနိုင်ကြတဲ့ မိဘများ ပိုမိုများပြားလာသလို ငယ်ငယ်ထဲက ကလေးထိန်းနဲ့ထားပြီး ဝမ်းစာရှာဖွေရတဲ့အချိန်က ပိုများလာတာလည်း ပါမယ်ထင်ပါတယ်။ စာပေနဲ့ ထိတွေ့အောင်လည်း မလုပ်ဆောင်ကြတာလည်း များလာတယ်။ လူကြီးတွေကိုယ်တိုင်တောင် စာပေနဲ့ ဝေးနေကြတာ သိသာထင်ရှားလာပါတယ်။ ဒီကြားထဲ လူငယ်တွေအတွက် အချိန်တွေ ဖြုန်းစရာ ပိုမိုများလာပြန်ပါတယ်။ ပတ်ဝန်းကျင်ကနေတစ်ဆင့် သရုပ်ပျက်ယဉ်ကျေးမှုတွေကို သင်ပေးသလို မဖြစ်အောင် လူကြီးတွေကို ပိုပြီးကြပ်မတ် ဂရုစိုက်သင့်တယ်လို့ ကျွန်မ မြင်မိပါတယ်။

နောက်တစ်ချက်ဖြစ်တဲ့ ဗုဒ္ဓမြတ်စွာဘုရားကို မိမိရဲ့ ပင်ကိုစိတ်နဲ့ ရိုသေစွာကြည်ညိုပြီး ဗုဒ္ဓရဲ့အဆုံးအမကို မမေ့မလျော့တဲ့ ဗုဒ္ဓဘာသာပါ။ အဲဒီလိုဗုဒ္ဓဘာသာဝင်တွေကျတော့ သူတို့ရဲ့ကျင့်ကြံအားထုတ်မှု၊ ပြောဆိုဆက်ဆံပုံ အမူအရာကအစ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း၊ ဘုရားရဲ့သားတော် သံဃာတော်တွေရဲ့ အဆုံးအမအတိုင်း ပြောဆိုဆက်ဆံနေထိုင်ကြပါတယ်။ ငါးပါးသီလကို မိမိ အသက်ကဲ့သို့ တန်ဖိုးထားပြီး မကျိုးမပေါက်အောင်လည်း သတိထားပါတယ်။ ယနေ့ခေတ်မှာ လူတွေဟာ အရှက်အကြောက်တရားမရှိကြတော့ဘဲ အကျင့်စာရိတ္တ ပျက်ပြားလာကြတာ တွေ့မြင်ရပါတယ်။ ကိုယ်ချင်းစာတရားဆိုတာလည်း အလွန်နည်းပါးလာကြပြီး ငါ့တစ်ဘို့တည်းအတွက် ကြည့်လာကြတာကို တွေ့မြင်ကြရမှာပါ။ ကျွန်မတို့ အရွယ်ငယ်တုန်းကဆိုရင် လူကြီးမိဘတွေ ကိုယ့်ထက် အသက်အရွယ်ကြီးသူတွေရဲ့ရှေ့မှာ ဖြတ်လျှောက်ရင် ခါးကိုကိုင်း ခေါင်းကိုငုံ့ပြီး ဖြတ်လျှောက်ကြရပါတယ်။ ဒီနေ့ခေတ် လူငယ်အများစုမှာတော့ အဲဒီလို အမူအကျင့်မျိုး မတွေ့ကြရတော့ပါဘူး။

သူတို့အနေနဲ့ အဲဒီလိုလုပ်တာဟာ ရှက်စရာကောင်းတဲ့ လုပ်ရပ်၊ လူငယ်အချင်းချင်း ဟားတိုက်စရာ လုပ်ရပ်လို့ ထင်မြင်နေကြတာဟာ ဝမ်းနည်းစရာကောင်းလှပါတယ်။ လူကြီးတွေကို ကလန်ကဆန်လုပ်နိုင်တဲ့သူဟာ အပေါင်းအသင်းတွေကြားမှာ ဟီးရိုး (hero) တစ်ယောက်လို ဖြစ်နေပါတယ်။ ဒါဟာ လွဲမှားတဲ့ အယူအဆတွေပါ။ ဒီလို အယူအဆတွေ လူငယ်တွေကြားက ပပျောက်အောင် ဗုဒ္ဓဘာသာဝင် ကျွန်မတို့တွေအနေနဲ့ လူငယ်တွေ လိုက်နာချင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွေ တက်ခိုင်းခြင်း၊ တရားထိုင်ခိုင်းခြင်းတွေကို လူငယ်တွေ လုပ်ချင်စိတ်ရှိလာအောင် တိုက်တွန်းနှိုးဆော်တဲ့ တာဝန်ရှိတယ်လို့ ခံယူရင်း လူငယ်တွေ ယဉ်ကျေးမှုနဲ့ မဝေးကွာအောင် လူကြီးတွေအနေနဲ့ သွန်သင်ဆုံးမ လမ်းညွှန်ပေးကြဖို့ ပြောကြားလိုက်ရပါတော့တယ်။ ။

# အပင်များများ စိုက်ဖို့လိုနေသည်

ဒေါက်တာစန်းဝင်း
(သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်)

**ယမန်နေ့မှ အဆက်**

**ဥယျာဉ်ခြံလုပ်ငန်းမှ ကျေးလက်နေဒေသခံ ပြည်သူများ၏ စားဝတ်နေရေးထောက်ပံ့နိုင်မှုကို လေ့လာခဲ့ခြင်း**

မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်သည့် ဖျာပုံမြို့နယ်သို့ စာတမ်းအတွက် လေ့လာခဲ့မှုတစ်ခုတွင် အဆိုပါဒေသရှိ ဒေသခံအများစုသည် ဥယျာဉ်ခြံစိုက်ပျိုးခြင်း၊ လယ်စိုက်ပျိုးခြင်း၊ ဒီရေတောစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ငါးကန်၊ ပုစွန်ကန်များ မွေးမြူခြင်း၊ ဓနိသက်ငယ်စိုက်ခြင်း၊ ရက်လုပ်ခြင်း၊ ပင်လယ်ပြင်တွင် ငါး၊ ပုစွန်၊ ကဏန်းဖမ်းခြင်းစသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ထိုဒေသတွင် ဥယျာဉ်ခြံစိုက်ပျိုးခြင်းလုပ်ငန်းမှ ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို များစွာအထောက်အကူပြုနေပါသည်။ ဥယျာဉ်ခြံနှင့် လယ်စိုက်ပျိုးခြင်းမှရရှိသော ဝင်ငွေကို တစ်ဧကပေါ်အခြေခံ၍ နှိုင်းယှဉ်ကြည့်ရာတွင် ဥယျာဉ်ခြံမှရရှိသော ဝင်ငွေမှာ သုံးဆခန့်နီးပါးများနေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ဥယျာဉ်ခြံတွင် အပင်မျိုးစိတ်စုံလင်စွာပါဝင်သည့်အနက် သစ်သီးသစ်ပင်များဖြစ်သည့် အုန်း၊ ကွမ်းသီး၊ သီဟိုဠ်၊ သရက်၊ ငှက်ပျော၊ သရက်၊ ပိန္နဲ စသည်တို့က ဝင်ငွေအများဆုံး ထောက်ပံ့ပေးနေပါသည်။ လယ်စိုက်ပျိုးခြင်းတွင် အများအားဖြင့် သီးနှံတစ်မျိုးတည်း ပါဝင်ပြီး ထွက်ကုန်မှာ တစ်မျိုးတည်းသာဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အတွက် လယ်စိုက်ပျိုးရာတွင် ဆားငန်ရေမဝင်ရောက်နိုင်ရန် တာပေါင်ပတ်ပြီး စိုက်ပျိုးကြရပါသည်။ လယ်စိုက်ပျိုးရာတွင် ရေသွင်းစိုက်ပျိုးရသည့် ဒေသမဟုတ်ဘဲ မိုးရေကိုသာ အဓိကမှီခိုနေရသည့်အတွက် တစ်နှစ်ပတ်လုံးမှ တစ်ကြိမ်သာ စိုက်ပျိုးရိတ်သိမ်း (တစ်သီးစားလယ်)နိုင်သောကြောင့်လည်း ဝင်ငွေနည်းရခြင်းဟု ယူဆရပါသည်။ ထိုဒေသရှိလယ်များ အထွက်နှုန်းနည်းရခြင်း အဓိကအကြောင်းရင်းများမှာ စိုက်ပျိုးထားသည့် လယ်များအတွင်း ဆားငန်ရေဝင်ရောက်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအပိုင်းကိုကြည့်လျှင် လယ်စိုက်ပျိုးသည့်အခါ ငွေအင်အား၊ လူအင်အား နှစ်စဉ်သုံးရပြီး ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ဆောင်ရာတွင် တစ်ကြိမ်သာ ရင်းနှီးကာ နောက်ပိုင်းတွင် ပြုစုပေးရုံသာရှိသဖြင့် ငွေကြေးကုန်ကျမှုနည်းသည်၊ အများအားဖြင့် ဥယျာဉ်ခြံလုပ်ငန်းများကို မိသားစုဝင်များသာလုပ်သောကြောင့် ပြင်ပအလုပ်သမား အများကြီးသုံးရန် မလိုအပ်ပေ။ ဥယျာဉ်ခြံတွင် သစ်ပင်များ ဖြည့်စွက်စိုက်ပျိုးခြင်း၊ ခြံရှင်းခြင်း၊ သီးနှံများ ခူးဆွတ်ရိတ်သိမ်းခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း စသည်တို့ကို ဆောင်ရွက်ရာတွင် မိမိအိမ်ရှိ မိသားစုဝင်များနှင့် ဆောင်ရွက်နိုင်ပြီး အချို့လုပ်ငန်းများမှာ အရွယ်မရောက်၊ အရွယ်လွန်သူများပါ ဆောင်ရွက်နိုင်ပါသည်။ အများအားဖြင့် ရာသီပေါ်သီးနှံများ (ဥပမာ - ကွမ်းရွက်ခူးခြင်း၊ ကွမ်းရွက်စီခြင်း) ခူးဆွတ်ရိတ်သိမ်းရန်အတွက်လောက်သာ ပြင်ပ အလုပ်သမားငှားရလေ့ရှိပါသည်။

ဂျပန်၌ ပညာသင်စဉ်က လေ့လာမှုတစ်ခုတွင် ဂျပန်နိုင်ငံသည် သစ်တောဖုံးလွှမ်းမှု ၇၅ ရာခိုင်နှုန်းကျော်ရှိပြီး အများစုမှာ စိုက်ခင်းများကြောင့် သစ်တောဖုံးလွှမ်းမှု ကောင်းနေရခြင်းဖြစ်သည်ကို တွေ့ရ၏။ သို့သော်လည်း ယင်းစိုက်ခင်းများကို အစိုးရထက် တစ်နိုင်တစ်ပိုင် ကျေးလက်နေသူများက များများ စိုက်ထားခဲ့ခြင်းသာဖြစ်သည်ကို လေ့လာခဲ့ရသည်။ (စန်းဝင်း-သစ်တောသတင်းလွှာ- ၁၉၉၉)။ ထိုစဉ်က ကိုးကားခဲ့သောစာမူရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

Afforested area grew tremendously in Japan between in the mid-1950’s and mid-1970’s, mostly as a result of tree planting by farmers who owned small forests. This tree planting by farmers is a surprising development, because until then the majority of farmers showed little interest in timber production and had little experience in silviculture. This example shows clearly that if the prospect exists of selling forest products profitably, farmers who own their land will actively plant trees (Kumazaki, 1994).

အစိုးရပိုင်းမှ ပြည်သူများ သစ်တောစိုက်ချင်လာအောင် မူဝါဒ၊ ငွေကြေးပိုင်းဆိုင်ရာကို ကူညီသည်။ ယနေ့အခါ ယင်းအတိုင်းပင် တရုတ်ပြည်တွင်လည်း ဝါးစိုက်ပျိုးမှုကျယ်ပြန့်လာအောင် ဗဟို/ဒေသအစိုးရများက မက်လုံးပေးနေသည်ကို တွေ့ရပါသည်၊ (စန်းဝင်း-ဝါးလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်ကြစို့ ၃၀-၉-၂၀၁၄ ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆)။

မြန်မာပြည်တွင် ပုဂ္ဂလိကစိုက်ခင်းများထူထောင်ရန် ကြိုးပမ်းနေသော်လည်း အချို့က မြေနေရာ ဦးထားသလိုသာ ဖြစ်နေသည်၊ အချို့ဆို ကိုယ့်အခင်းကိုတောင် ရောက်ဖူးသလားမသိ၊ သစ်တောစိုက်ခင်း အောင်မြင်ရခြင်း၏ အဓိကကျသော အချက်တစ်ချက်မှာ စိုက်ပြီးနောက်အပင်နှင့် ပိုင်ရှင်တို့ မကြာမကြာ ထိတွေ့နေရခြင်းဖြစ်သည်။ စိုက်ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် မထိတွေ့ဘဲနေပါက မအောင်မြင်နိုင်ပါ။ Homegardens မှာ စိုက်ပြီးနောက်ပိုင်ရှင်နှင့် သစ်ပင်တို့ ထိတွေ့စေသော စိုက်နည်းဖြစ်သည်။

ဥယျာဉ်ခြံပုံစံဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ခြုံငုံကြည့်ပါက ဒေသခံကျေးလက်နေပြည်သူတို့၏ ငွေကြေး၊ လုပ်အားနည်းနည်းစိုက်ထုတ်ရုံဖြင့် အစားအစာ၊ ထင်း၊ သစ်၊ သစ်သီးဝလံတို့ကို ထောက်ပံ့ပေးနိုင်သော များစွာအကျိုးရှိသည့် မြေအသုံးချမှုစနစ်ဖြစ်သည်ကို တွေ့မြင်နိုင်ပါသည်။

အပင်များများစိုက်ဖို့ လိုနေသည်။ အထက်တွင် ဖော်ပြခဲ့သည့် လုပ်သားရှားပါးသော ကာလအခြေအနေတွင် Homegarden စိုက်ပျိုးနည်းစိုက်မှာရှိနေသော လုပ်အားအနည်းငယ်ဖြင့် ဆောင်ရွက်နိုင်ခြင်း၊ ဒေသခံကျေးလက်နေပြည်သူများအား အစားအစာ၊ လောင်စာ၊ သစ်၊ တိရစ္ဆာန်စာ၊ ဝင်ငွေတို့ထောက်ပံ့ပေးနိုင်ခြင်း၊ ဂေဟစနစ်ကောင်းမွန်မှု အထောက်အကူပြုခြင်း၊ အပင်မျိုးစိတ်စုံလင်စွာ ထိန်းသိမ်းထားနိုင်ခြင်းတို့ကြောင့် Homegardens ဥယျာဉ်ခြံလုပ်ငန်းကိုသာ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် အားပေးမည် (သစ်တောနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းတို့ ပေါင်းစပ်ဆောင်ရွက်မည်)ဆိုလျှင် -

- ဒေသခံတို့၏ စားဝတ်နေရေးအဆင်ပြေစေရန် အထောက်အကူဖြစ်နိုင်ခြင်း၊
- သစ်တောဖုံးလွှမ်းမှု တိုးပွားအောင်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အောင်မြင်စေမည့် အထောက်အပံ့ဖြစ်စေခြင်း၊
- လက်ရှိ လုပ်သားရှားပါးနေသော အခြေအနေအရရှိနေသော သူများနှင့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဆောင်ရွက်သော ဧရိယာအနေအထား သေးပင်သေးသော်ငြားလည်း သစ်တောဖုံးလွှမ်းဧရိယာတိုးစေရေးအတွက် ထိရောက်သော နည်းလမ်းများစွာထဲက တစ်နည်းဖြစ်မည်ဟု ယုံကြည်မိပါကြောင်း သတင်းပါးရပေသည်။

(ယခုဆောင်းပါးကို မိမိကြီးကြပ်ရသော ကျောင်းသားများအနက် Homegardens ဘာသာရပ်ဖြင့် မဟာဘွဲ့ယူမည့် ကျောင်းသားတစ်ဦး၏ လေ့လာတွေ့ရှိချက်ကို မှီငြမ်းထားချက်များပါဝင်ပါသည်)

**ကျမ်းအကိုးအကားများ**

Swe, K.L., Ando, K., 2016. Coastal Salinity in Ayeyarwady Region, Myanmar: A case study of the salinity impact on rice production in Pyapon Township, Ayeyarwady Region. Pap. Collect. Unkn. Contemp. Issues Sustain. Environ. Rural Dev. Myanmar Highlighting Collab.Bangladesh Bhutan Jpn. 15.

Thida, M. (2015). Rural Urban Migratio in Ayeyarwady Region: A Case Study of Ah Mar Sub-township, Pyapon District.

(၁) ကြေးမုံသတင်းစာ (၂၀-၂-၂၀၁၈)၊ ၂၀၁၇-၂၀၁၈ အထိ သစ်တောစိုက်ခင်း ၂၂၀၀၈၇၁၁ ဧကေ စိုက်ပျိုးခဲ့ပြီးဖြစ်၊ စာမျက်နှာ-၂

(၂) စန်းဝင်း (၁၉၉၉)၊ ဂျပန်နိုင်ငံ သစ်တောစိုက်ခင်းလုပ်ငန်းများ၊ သစ်တောဦးစီးဌာန

(၃) စန်းဝင်း (၂၀၁၄)၊ ဝါးလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်ကြစို့၊ ကြေးမုံ (၃၀-၉-၂၀၁၄)၊ စာမျက်နှာ-၆

(၄) သစ်တောဦးစီးဌာန၊ (၁၉၉၃) ဌာနဆိုင်ရာညွှန်ကြားချက်များ

(၅) အနှန်း(ဦး)(၁၉၉၀)။ သဘာဝသစ်တောများနှင့် ရင်ပေါင်တန်းလာသော စိုက်ခင်းများ၊ စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချပညာရပ်)၊ ပထမဆု။

# ဟံသာဝတီလေဆိပ်စီမံကိန်းမှာ အနာဂတ်လေကြောင်းကဏ္ဍဖွံ့ဖြိုးရေး မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိ



**ရန်ကုန် မတ် ၂၅**
ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းမှာ အနာဂတ်လေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စီမံကိန်းတစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ရမည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းဆက်လက် အကောင်အထည်ဖော်နိုင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ တင်ဒါရွေးချယ်ခြင်းခံရသော JGC Consortium(HIA Myanmar Company Limited)နှင့် စာချုပ်ချုပ်ဆိုနိုင်ရေး၊ ဂျပန်နိုင်ငံမှ ODA ချေးငွေရရှိရန် လျှောက်ထားနိုင်ရေး၊ ညှိနှိုင်းမှုကော်မတီအနေဖြင့် တင်ဒါအောင်ကုမ္ပဏီနှင့် ၂၀၁၇ ခုနှစ်အတွင်းက ပဉ္စမအကြိမ် ညှိနှိုင်းဆွေးနွေးမှုကို ပြုလုပ်ကာ သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးနှင့် ၂၀၁၈ ခုနှစ်အတွင်း စီမံကိန်းစတင်နိုင်ရေး မျှော်မှန်းဆောင်ရွက်ခဲ့သော်လည်း ဆွေးနွေးရာတွင် အဓိကကျသည့် အချက်များအပေါ် သဘောတူညီမှုမရနိုင်သေးမီ Framework Agreement စာချုပ်သက်တမ်းနှစ်နှစ်မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးခဲ့ကြောင်း သိရသည်။ ယင်းကြောင့် စာချုပ်သက်တမ်းမကုန်ဆုံးမီ နှစ်ဦးနှစ်ဖက်စလုံးက စာချုပ်ပါစည်းကမ်းချက်များအရ သက်တမ်းတိုးမြှင့်ရန် အဆိုပြုခဲ့ခြင်းမရှိခဲ့ဘဲ စာချုပ်သက်တမ်း ကုန်ဆုံးသွားခြင်းကြောင့် စာချုပ်ပါစည်းကမ်းချက်များအရ Framework Agreement အား ရပ်စဲပါကြောင်း၊ HIAMCL သို့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အကြောင်းကြားစာပေးပို့ခဲ့ရာ HIAMCL က ဖေဖော်ဝါရီ ၂၇ ရက်တွင် အကြောင်းကြားစာ လက်ခံရရှိပါကြောင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့က စီမံကိန်းအတွက် အားထုတ်ကြိုးပမ်းထောက်ပံ့ခဲ့မှုအပေါ် အသိအမှတ်ပြုနားလည်ပါကြောင်း အကြောင်းပြန်ကြားခဲ့သည်ဟု သိရသည်။

ယင်းသို့ လေဆိပ်စီမံကိန်းဆောင်ရွက်ခွင့်ရ JGC Consortium (HIA Myanmar Company Limited) နှင့် Framework Agreement အား ရပ်စဲခဲ့သော်လည်း ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်းကြီး ပျက်ပြယ်သွားခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ မဖြစ်မနေ အကောင်အထည်ဖော်ရမည့် စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဟံသာဝတီ လေဆိပ်စီမံကိန်းနဲ့ပတ်သက်လို့ DCA ဖေ့စ်ဘွတ်ပေ့ချ်မှာလည်း တင်ထားပါတယ်၊ စီမံကိန်းပျက်ပြယ်သွားတာမျိုး၊ ရပ်ဆိုင်းလိုက်တာမျိုး မဟုတ်ပါဘူး၊ ဒီစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် ဂျပန်နိုင်ငံအစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်၊ ဂျပန်နိုင်ငံကလည်း ဒီစီမံကိန်းနဲ့ပတ်သက်လို့ ချေးငွေပိုင်းဆိုင်ရာ ကူညီပေးတာတွေလည်း ရှိပါတယ်၊ ဂျပန်နိုင်ငံနဲ့ ဆွေးနွေးနေတဲ့အတွက် တင်ဒါခေါ်မယ့်အပိုင်းကလည်း ဂျပန်နိုင်ငံဘက်က လုပ်သွားမယ့်အပိုင်းရှိပါတယ်"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားသော လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးကြီးကြပ်မှုကော်မတီနှင့် JGC-Yongnam-CAI Consortium (HIA Myanmar Company Limited-HIAMCL)တို့သည် Concession Agreement ချုပ်ဆိုနိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ဆွေးနွေးမှု ၁၁ ကြိမ်ပြုလုပ်ခဲ့ပြီး ကနဦးမူဘောင်သဘောတူညီချက်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ မူဘောင်သဘောတူညီချက် သက်တမ်းမှာနှစ်နှစ် ဖြစ်သည်။

စီမံကိန်းနှင့်ပတ်သက်၍ ဒုတိယသမ္မတ(၂) ဦးဆောင်သည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီ အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့ရာ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းအား နိုင်ငံတော်စီမံကိန်းတစ်ရပ်အဖြစ် သတ်မှတ်ပြီး Concession Agreement ချုပ်ဆိုနိုင်ရေး ညှိနှိုင်းမှုကော်မတီက စာချုပ်ချုပ်ဆိုနိုင်ရေး ဆက်လက်ညှိနှိုင်းဆွေးနွေးရန် ဆုံးဖြတ်ချက်အရ HIAMCL အဖွဲ့နှင့် ညှိနှိုင်းမှုကော်မတီတို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် စတင်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

Concession Agreement ချုပ်ဆိုနိုင်ရေးအတွက် ညှိနှိုင်းမှုကော်မတီနှင့် HIAMCL တို့အကြား ညှိနှိုင်းဆွေးနွေးပွဲ ငါးကြိမ်နှင့် Technical Working Group Meeting အစည်းအဝေး တစ်ကြိမ် ကျင်းပခဲ့ပြီး ထိုသို့ဆွေးနွေးရာတွင် အဓိကကျသည့်အချက်များအပေါ် သဘောတူညီမှုမရနိုင်သေးမီ Framework Agreement စာချုပ်သက်တမ်း နှစ်နှစ်မှာ ၃၀-၁-၂၀၁၈ ရက်နေ့တွင် ကုန်ဆုံးခဲ့သဖြင့် စာချုပ်ပါ စည်းကမ်းချက်များအရ Framework Agreement အား ရပ်စဲကြောင်း အသိပေး အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်လေဆိပ်ရဲ့ ခရီးသည် ဝင်၊ ထွက်မှုပမာဏဟာ လာမယ့် ငါးနှစ်အတွင်းမှာပဲ မျှော်မှန်းထားတာကို ပြည့်လာတော့မယ်၊ ရန်ကုန်လေဆိပ်ကိုလည်း တိုးချဲ့တာတွေ လုပ်နေပေမယ့် ခရီးသည် အဆောက်အအုံတွေဘာတွေက တိုးချဲ့လို့ရပေမယ့် လေယာဉ်ပြေးလမ်း၊ ရပ်နားကွင်းစတာတွေဟာ ပတ်ဝန်းကျင် လူနေအိမ်တွေနဲ့က အဓိကလေဆိပ်ကြီးတစ်ခုအဖြစ် တိုးချဲ့ရာမှာ အခက်အခဲရှိတယ်၊ ဒါကြောင့် ဟံသာဝတီလေဆိပ်ကို မဖြစ်မနေ ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လေဆိပ်တည်ဆောက်မည့် မြေနေရာမှာ ပဲခူးတိုင်းဒေသကြီး ကျောက်တိုင်ကန်ရွာအနီးရှိ ဒုတိယကမ္ဘာစစ်လေယာဉ်ကွင်းဟောင်းဖြစ်၍ မြေဧက ၉၆၉၀ ပေါ်တွင် ဆောင်ရွက်သွားရန် လျာထားသည်။

**သတင်း - ဆုနှင်းလဲ့**
**ဓာတ်ပုံ - ၀၀၁**

# လယ်ဝေးမြို့နယ်တွင် စနစ်ကျလယ်ယာမြေ ၃၅၃ ဒသမ ၂၁ ဧက ဖော်ထုတ်ပြီး နွေစပါးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၅**
နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင် ကျေးရွာအုပ်စုရှိ ပေါင်းလောင်း ဆည်ရေသောက်စနစ်တွင် စနစ်ကျလယ်ယာမြေ ၃၅၃ ဒသမ ၂၁ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုနှစ် မတ်လဒုတိယပတ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမားရိုးကျလယ်ယာစိုက်ပျိုးလျက်ရှိသည့် လယ်ကွက်ငယ်များပုံစံမှ စနစ်ကျလယ်ယာမြေဧကကွက်များအဖြစ်သို့ အဆင့်မြှင့်တင်ဖော်ထုတ် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်မှုဖြင့် ပေါက်မြိုင်ကျေးရွာအုပ်စုမှ လယ်မြေ ၃၅၃ ဒသမ ၂၁ ဧကတွင် တောင်သူပိုင်ဆိုင်မှု ဦးပိုင်ပေါ်အခြေခံ၍ ဧကကွက်များကို ဖော်ထုတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုဆောင်ရွက်သည့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းကို အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (IFAD)၏ ချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ လယ်ကွက်များကို မြေမျက်နှာပြင်ညီညာပြီး ရေသွင်း၊ ရေနုတ်မြောင်းနှင့် ကုန်ထုတ်လမ်းများပါဝင်၍ လယ်ယာသုံး စက်ကိရိယာများ လွယ်ကူစွာဝင်၊ ထွက်လုပ်ကိုင် ဆောင်ရွက်နိုင်မည့် စနစ်ကျ လယ်ကွက်များအဖြစ် ဖော်ထုတ် ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ပေးခြင်းဖြင့် ကျေးလက်ဒေသ စိုက်ပျိုးရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေမည့်အပြင် ယခင်က ကုန်းမြင့်၍ စိုက်ပျိုးရေခက်ခဲစွာ ရယူစိုက်ပျိုးခဲ့ရသော လယ်ကွက်များကိုပါ စိုက်ပျိုးရေ လွယ်ကူလုံလောက်စွာ ရရှိစေနိုင်သောကြောင့် လည်းကောင်း၊ လယ်ယာမြေများတွင် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြု၍ ခေတ်မီစိုက်ပျိုးနည်း စနစ်များကိုလည်း အသုံးပြု စိုက်ပျိုးနိုင်သောကြောင့် လည်းကောင်း ဒေသနေတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။

ယခုအခါ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေပေးဝေရေး စီမံဆောင်ရွက်လျက်ရှိသဖြင့် တောင်သူများက နွေစပါးသီးနှံများ စတင်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**



မီးဘေး
အန္တရာယ်
ကြိုတင်
ကာကွယ်



# Monywa Book Club ၏ စာပေဝိုင်းဖွဲ့ဆွေးနွေးပွဲ စိတ်ဝင်စားမှုမြင့်တက်လာ

**မုံရွာ မတ် ၂၅**
Monywa Book Club ၏ ဒသမအကြိမ်မြောက် စာပေဝိုင်းဖွဲ့ဆွေးနွေးပွဲကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအပေါ်ထပ်တွင် ပြုလုပ်ရာ မုံရွာမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာနေမင်းသန်း က မောင် ကဗျာကလောင်အမည်ဖြင့်ရေးသားခဲ့သည့် မုံရွာကဗျာမိတ်ဆက်ဆောင်းပါးကို ဦးဆောင်ဆွေးနွေးခဲ့သည်။ ဒသမအကြိမ်မြောက် စာပေဝိုင်းဖွဲ့ဆွေးနွေးပွဲအပေါ် စာချစ်သူများ၏စိတ်ဝင်စားမှု ရေချိန်မှာ မြင့်တက်စပြုလာနေပြီဖြစ်ကြောင်း သိရသည်။

စာဖတ်ဝါသနာပါသူ၊ စာပေဝါသနာပါသူအချင်းချင်း စုစည်း၍ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စတင်ဖွဲ့စည်းလျက်ရှိရာ မုံရွာမြို့တွင် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း ဖွဲ့စည်းဖို့တွေ ဆောင်ရွက်နေသလို အမျိုးသမီးအသင်း(Woman Club)နဲ့ လူငယ်အသင်း(Youth Club)တွေ ဖွဲ့စည်းဖို့ ဆောင်ရွက်နေပါတယ်၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး လူထုအခြေပြုဗဟိုဌာန ခြောက်ခုကို တည်ထောင်ခဲ့ပြီး ဖြစ်ပါတယ်၊ အဲဒီ စင်တာတွေရေရှည်ဖွံ့ဖြိုးတိုးတက်ရေး Community Activities တွေ အရှိန်မပျက် လည်ပတ်နိုင်စေဖို့ အသင်းသုံးသင်းကို ဖွဲ့စည်းဖို့ ဆောင်ရွက်နေတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းမြိုင်က ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နိုင်ငံပိုင်သတင်းစာများ အရည်အသွေး တိုးတက်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝါရင့်သတင်းစာဆရာကြီးများ၏ သဘောထားအမြင်

*သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်းက ကျင်းပသည့် ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများမိတ်ဆုံတွေ့ဆုံပွဲကျင်းပရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ပြန်ကြားရေးမွှာရုံကို ကျွန်တော်ရောက်တော့ တစ်ချိန်က ဆရာသမားများ၊ ဝါရင့်သတင်းစာဆရာကြီးများဖြစ်ကြသည့် အသက်(၉၅) နှစ်အရွယ်ရှိပြီး ကြေးမုံသတင်းစာစတင်တည်ထောင်ရာတွင်ပါဝင်သူ ဦးသော်၊ ကျွန်တော်ငယ်ဘဝက တရှိုက်မက်မက်ဖတ်ခဲ့ရသော ဘောလုံးဘုရင် ပီလီစာအုပ်ကိုရေးသားခဲ့သူ အသက်(၈၃)နှစ်အရွယ်ရှိ ဝါရင့်သတင်းစာဆရာကြီး ဦးထွန်းသာ (ခေါ်) မောင်ရဲဝင်း၊ ဝါရင့်သတင်းစာဆရာကြီး တက္ကသိုလ်မြတ်သူအပါအဝင် တစ်ခေတ်တစ်ခါက သတင်းစာဆရာကြီးများကို ကျန်းကျန်းမာမာဖြင့် တစုတဝေးတည်းတွေ့ရ၍ နှလုံးပီတိ ဝွမ်းဆီထိရသို့နှယ် ဝမ်းမြောက်ကြည်နူးရသည်။ ဤသည်မှာ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ်ဖြစ်၍ လက်ရှိနိုင်ငံပိုင်သတင်းစာများ အရည်အသွေး မြင့်မားရေးနှင့်စပ်လျဉ်းပြီး ဝါရင့်သတင်းစာဆရာကြီးများ၏ သဘောထားအမြင်များကို စေ့ငုမေးမြန်းခဲ့ပါသည်။*


ဦးသော်


ဗိုလ်မှူးကြီး(ငြိမ်း) ခင်မောင်အေး


ဦးမြတ်သူ


ဦးထွန်းသာ

**ဦးသော်**
**(ကြေးမုံသတင်းစာ စတင်တည်ထောင်ရာတွင် ပါဝင်သူ)**

အခု အစိုးရသတင်းစာတွေက ဟိုတုန်းကလို အပြိုင်အဆိုင် သိပ်မရှိတော့ဘူး။ အရင်တုန်းက သတင်းသမားတွေဟာ ညနေပိုင်းဆိုရင် အလကားမနေရဘူး။ အခုကတော့ တော်တော်ပြောင်းလဲသွားပြီ။ ဟိုတုန်းကဆိုရင် သတင်းစာအချင်းချင်း ပြိုင်ခဲ့ရတာပါ။ အမှားအယွင်း နည်းနည်းမှ မရှိအောင်၊ ပြည်သူလူထုအတွက် တစ်ဆင့်ထက်တစ်ဆင့် မြင့်အောင်လုပ်ဖို့ လိုပါတယ်။ သတင်းစာကောင်းအောင် လုပ်ဖို့ဆိုတာက တစ်ဦးတည်း တစ်ယောက်တည်း လုပ်လို့ မရပါဘူး။ အခုဆိုရင် သတင်းစာတိုက်တွေမှာ ဟိုတုန်းကလို လူတွေလည်း သိပ်မရှိတော့ဘူး။

**ဗိုလ်မှူးကြီး(ငြိမ်း) ခင်မောင်အေး (ခင်မောင်အေး-မန္တလေး)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

သတင်းစာပညာဆိုတာ ခက်ခဲနက်နဲတယ်၊ မှန်တစ်ချပ်နဲ့ တူတယ်။ ကြည့်လိုက်ရင် ကိုယ့်မျက်နှာ ကိုယ်ပြန်မြင်ရတယ်။ ကိုယ်မြင်ရတဲ့ ကိုယ့်မျက်နှာဟာ ကြည်ကြည်လင်လင်နဲ့ သန့်သန့်ရှင်းရှင်းရှိနေဖို့ အရေးကြီးတယ်။ သတင်းစာထဲမှာ ဖော်ပြတဲ့ သတင်းတွေဟာလည်း မှန်ကန်ဖို့အရေးကြီးတယ်။ သတင်းကို မှန်မှန်ကန်ကန်ဖော်ပြနိုင်ရင် သတင်းစာအောင်မြင်တာပဲ။ နိုင်ငံတိုးတက်ဖို့အတွက် မီဒီယာဆိုတာ အရေးပါတဲ့ အခန်းကဏ္ဍမှာပါဝင်ပါတယ်။

အခုဖြစ်နေတာက လူမှုကွန်ရက်မှာ ကောလာဟလတွေ၊ ဆဲတာဆိုတာတွေ၊ မဟုတ်မမှန်တာတွေ တင်နေကြတယ်။ ကျွန်တော်တို့ သတင်းစာတွေကတော့ သတင်းစာကို ကိုင်တွယ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ လက်ထဲမှာပဲ မူတည်ပါတယ်။ သူတို့သည် မှန်မှန်ကန်ကန်နဲ့ တည့်မတ်မှန်ကန်တဲ့ လမ်းကြောင်းကိုသွားနိုင်ရင် သတင်းစာတိုးတက်မှာပါ။ အဲဒီလိုမှမဟုတ်ရင် သတင်းစာတိုးတက်မှာ မဟုတ်ပါဘူး။ ဒီမိုကရေစီခေတ်၊ ငြိမ်းချမ်းရေးကိုလိုလားနေတဲ့ခေတ်မှာ ကျွန်တော်တို့ကလည်း ငြိမ်းချမ်းရေးကို ဦးတည်ပြီးတော့ အားလုံးဟာ ဝိုင်းဝန်းဆောင်ရွက်ကြရမယ်။ ပြည်သူကလည်း မှန်မှန်ကန်ကန် သိခွင့်ရမယ်။ ကျွန်တော်တို့ကလည်း မှန်မှန်ကန်ကန် ပြောဖို့လိုပါတယ်။ အကောင်းဆုံးကတော့ သတင်းအမှန်တွေကို ပြည်သူသိအောင် မှန်မှန်ကန်ကန် ချပြဖို့လိုပါတယ်။ နိုင်ငံပိုင်သတင်းစာဆိုတာ နိုင်ငံ့အတွက် အကျိုးပြုတဲ့သတင်းတွေရှိရမယ်။

**ဝါရင့်သတင်းစာဆရာကြီး ဦးမြတ်သူ(တက္ကသိုလ် မြတ်သူ)**

ဒီကနေ့ဆို သတင်းစာလုပ်သက်က ၆၁ နှစ်ရှိပါပြီ။ သတင်းကို ဝါသနာပါလို့လုပ်ခဲ့တာ။ ယုံကြည်ချက်နဲ့ လုပ်ခဲ့တာပါ။ သတင်းစာတော်တော်များများမှာ လုပ်ခဲ့ဖူးပါတယ်။ သတင်းမှန်ပြီဆိုရင် သမိုင်းရဲ့ သက်သေခံတွေ၊ အထောက်အထားတွေဖြစ်ပါတယ်။ ဒါကြောင့်လည်း လူထုဦးလှက ပြောတာ၊ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်တဲ့။ အဲဒီတော့ သတင်းသာမှန်ကန်ပါစေ၊ သမိုင်းရဲ့ အထောက်အထားပါပဲ။ ဒါကြောင့် သတင်းဆိုရင် ပြည့်စုံအောင် ရေးရတယ်။ သတင်းတစ်ပုဒ်ကို ကိုယ့်ဆီမှာ ကြာကြာ မထားရဘူး။ ဆောလျင်စွာထည့်ရမယ်။ မထည့်သင့်တဲ့ သတင်းဆိုရင် မထည့်ရပါဘူး။


ဦးရဲမြင့်ဖေ


ဦးလှိုင်ဝင်း


ဦးမြင့်ဆွေ

တချို့သတင်းတွေက မထည့်သင့်ဘဲ ထည့်လိုက်လို့ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်သွားနိုင်တယ်။ ဒါကြောင့် မထည့်သင့်တဲ့ သတင်းဆိုတာလည်းရှိပါတယ်။ ထည့်သင့်တာကိုတော့ ထည့်ကိုထည့်ရပါမယ်။ နိုင်ငံပိုင်သတင်းစာသည် အချုပ်အခြာအာဏာကျင့်သုံးမှုရဲ့မူကို ဖြန့်ချိတဲ့ ယန္တရားပဲဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ပိုင်၊ တစ်ပါတီပိုင်၊ တစ်ဖွဲ့ပိုင်မျိုး မဟုတ်ပါဘူး။ နိုင်ငံပိုင်သတင်းစာဆိုတဲ့ ဂုဏ်ဒြပ်နဲ့ သိက္ခာနဲ့ညီအောင် ထားရပါတယ်။

နိုင်ငံတော်မျက်နှာကိုပဲကြည့်ပြီး သတင်းတွေထည့်ရပါမယ်။ နိုင်ငံပိုင်သတင်းစာဟာ နိုင်ငံပိုင်သတင်းစာနဲ့တူရင် ပြည်သူဟာ အလိုလိုညွတ်လာမှာပဲ။ ပြည်သူညွတ်လာမှလည်း တိုင်းပြည်အတွက် သတင်းစာက ပြောသမျှယုံကြည်မှုရှိမှာပါ။ အခုတွေ့နေတဲ့ ကြော်ငြာများတဲ့ကိစ္စကတော့ သတင်းစာရဲ့ စီးပွားရေးပါပဲ။ ဒါကြောင့် ကြော်ငြာကတော့ ထည့်ရမယ်။ ကြော်ငြာဆိုတာကလည်း လူမှုရေးသတင်းတွေဖြစ်ပါတယ်။ ကျန်တဲ့စာမျက်နှာတွေမှာတော့ သတင်းစာဆိုတဲ့အတိုင်း သတင်းအများဆုံးထည့်သင့်တယ်။ အခုမြင်နေရတာက ဆောင်းပါးတွေ များများမြင်နေရတယ်။ ဟိုတုန်းကတော့ ပင်တိုင်ဆောင်းပါးရှင်ရေးတဲ့ တစ်ပုဒ်လောက်နဲ့ ကျန်တဲ့စာရေးဆရာတွေရေးတဲ့ အရန်တစ်ပုဒ်လောက်ပဲရှိတာပါ။ အခုတော့ ဆောင်းပါးတွေသိပ်များပြီး သတင်းသိပ်နည်းသွားပြီလို့ မြင်ပါတယ်။ အမှားအယွင်းကတော့ စာပြင်ကောင်းရင် သတ်ပုံမမှားဘူး။ သတင်းကိစ္စကတော့ အယ်ဒီတာက အဓိကပဲ။ သူတို့ရဲ့ အရည်အချင်းပဲ။ သူတို့ ကိုယ်တိုင်စာဖတ်ရမယ်။ သတင်းစာဆရာဆိုတာ ဘာသာရပ်တိုင်းရဲ့ တချို့တစ်ဝက်တွေကို သိထားရမှာဖြစ်သလို တချို့ဘာသာရပ်တွေကျတော့ အစအဆုံး သိထားဖို့လိုပါတယ်။ အဲဒါမှ ကဏ္ဍပေါင်းစုံက သတင်းတွေကို ကျွမ်းကျွမ်းကျင်ကျင် ထည့်နိုင်မှာပါ။

**ဝါရင့်သတင်းစာဆရာကြီး ဦးထွန်းသာ (မောင်ရဲဝင်း)**

တို့လက်ရုံး သတင်းစာကနေစတင်ပြီး လုပ်ခဲ့တာ။ လွတ်လပ်ရေးရပြီး ကာလကတည်းက သတင်းစာအလုပ်ကို လုပ်ခဲ့တာပါ။ ၁၉၅၇ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့မှာ ကြေးမုံ၊ အထောက်တော်၊ ပြည်တော်စိုးဆိုပြီး တစ်နေ့တည်းမှာ သတင်းစာသုံးစောင်ထွက်ခဲ့တယ်။ ကြေးမုံထွက်လာတော့ သတင်းစာပုံစံတွေအားလုံး ပြောင်းသွားတယ်။ အဲဒီခေတ်သတင်းစာတွေရဲ့နောက်ကျောမှာ ကြော်ငြာတွေချည်းပဲ။ ကြေးမုံက လုံးဝအဲဒီလိုမထည့်ဘူး။ သတင်းတွေမှာ ခေါင်းနဲ့ဓာတ်ပုံကို အသားပေးထည့်တယ်။ ကြေးမုံက အဲဒီခေတ်အခါက သတင်းစာသမိုင်းကို အားလုံးပြောင်းပစ်လိုက်တယ်။ လက်ရှိအချိန်မှာ နိုင်ငံပိုင်သတင်းစာတွေကို သေသေချာချာ စိစစ်ဖို့ကောင်းတယ်။ နိုင်ငံပိုင်သတင်းစာတွေမှာ အမှားတွေများလာတယ်။ ရေးတဲ့သူကတော့ ရေးမှာပဲ။ အယ်ဒီတာတွေ စာမဖတ်ဘူး။ စာမဖတ်တော့ အမှားတွေများလာတာပေ့ါ။ အဲဒီတော့ စာများများဖတ်ခိုင်းပါ။

**ဦးရဲမြင့်ဖေ**
**စာတည်းမှူးချုပ်(ငြိမ်း) ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာ**

အခုမမှားသင့်တာတွေ မှားနေတာတွေ့ရတယ်။ အဲဒီတော့ သတင်းစာကို စစ်ပါ၊ ထပ်မံစစ်ပါ၊ အနုလုံပဋိလုံ စစ်ပါ။ လူကြီးတွေရဲ့ချုပ်ကိုင်မှုတွေကိုလည်း လျှော့ပေးပါ။ အယ်ဒီတာချုပ်တွေကိုလည်း လုပ်ပိုင်ခွင့်ပေးပါ။ အယ်ဒီတာတွေကိုလည်း လုပ်ပိုင်ခွင့်ပေးပါ။ လက်ရှိ သတင်းစာအခြေအနေကိုတော့ အားမရပါဘူး။ သတင်းစာမရိုက်ခင် အဆင့်ဆင့်မစစ်တဲ့အတွက် အမှားအယွင်းက နောက်ဆုံးပိတ် ဆယ်လို့မရတော့ဘဲ ပါသွားတာပေ့ါ။ အယ်ဒီတာတွေ အနေနဲ့ အတွေးအခေါ်ပြင်ရမယ်။ စာဖတ်ရမယ်။ အတွေ့အကြုံဖလှယ်ရမယ်။ အဲဒါအရေးကြီးတယ်။ အခုဟာက စာမဖတ်ကြတော့ဘူး။ ဘာမှလည်း မဆည်းပူးတော့ဘူး။ စာမဖတ်တာ နံပါတ်တစ်ပဲ။ အဲဒီတော့ စာဖတ်ပါ၊ လေ့လာပါ၊ ရှေ့ကလုပ်ဆောင်သူတွေရဲ့ လုပ်ပုံကိုင်ပုံတွေကို အတုယူပါ။ သတင်းစာရဲ့ အကောင်းအဆိုးက သတင်းစာကို ကြည့်ရင် သိပါတယ်။ သတင်းစာအပေါ် စေတနာထား၊ မထား သတင်းစာကိုကြည့်တာနဲ့ သိပါတယ်။

**ဦးလှိုင်ဝင်း**
**စာတည်းမှူးချုပ်(ငြိမ်း) မြန်မာ့အလင်းသတင်းစာ**

အစိုးရသတင်းစာတွေအနေနဲ့ ကိုယ်လိုချင်တာတွေပဲ ကြည့်မရေးသင့်ပါဘူး။ ပြည်သူတွေဘာလိုချင်လဲဆိုတာကို သိဖို့လိုတယ်။

**စာမျက်နှာ ၉ သို့ »»**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဘရာဇီးနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် ကမ္ဘာ့“ရေ” ဖိုရမ် အခမ်းအနားသို့ တက်ရောက်



**နေပြည်တော် မတ် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘရာစီးလီးယား (Brasilia) မြို့တွင် မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် (၈)ကြိမ်မြောက် ကမ္ဘာ့ “ရေ” ဖိုရမ် (World Water Forum 8) သို့ တက်ရောက်သည်။

(၈)ကြိမ်မြောက် ကမ္ဘာ့ “ရေ” ဖိုရမ် ဖွင့်ပွဲ အခမ်းအနားကို ဘရာစီးလီးယားမြို့ Ulysses Guimarães Convention Center တွင် မတ် ၁၉ ရက် နံနက်ပိုင်းက ကျင်းပရာ President of World Water Council , Prof. Benedito Braga နှင့် Mr. Erik Solheim, Executive Director of United Nation Environment တို့အပါအဝင် ဖိုရမ်ကျင်းပရေး ဦးဆောင်ကော်မတီဝင်များက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ဘရာဇီးနိုင်ငံ သမ္မတက ဦးဆောင်ကျင်းပသည့် နိုင်ငံအဆင့် ဖွင့်ပွဲအခမ်းအနားကို Itamaraty Palace ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်ခဲ့သည်။

ထို့နောက် High Level Panel on Water and Disasters (HELP) Session တွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအဆင့် ရေသယံဇာတစီမံအုပ်ချုပ်ရာတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေး၊ ရေသယံဇာတနှင့်ဆက်နွှယ်သည့် ဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေးတို့အတွက် ရေသယံဇာတအရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း (Integrated Water Resource Management-IWRM) နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းဖြင့် လုံခြုံစိတ်ချရသည့် ရေသယံဇာတအရင်းအမြစ်များ (Secure Water Resources) ရေရှည်တည်တံ့ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ရေသယံဇာတများအသုံးချရာတွင်လည်း ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်စေရေး၊ အကျိုးဆက်စပ်ပတ်သက်သူ (Stakeholder ) များအားလုံး ပါဝင်မှုရှိစေရေး၊ နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးတို့အတွက် လိုအပ်သောမူဝါဒ၊ ဥပဒေ၊ မူဘောင်များအားလုံး ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့်စပ်လျဉ်း၍ ကော်မတီအနေဖြင့် IWRM နှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးရေး (Disaster Risk Reduction –DRR)၊ ရေဖြန့်ဖြူးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရောဂါပိုးမွှားကင်းစင်ရေး (Water Supply, Sanitation and Hygiene-WASH) တို့အားပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတများစီမံအုပ်ချုပ်ခြင်း၊ ရေကြောင့်ဖြစ်သည့် သဘာဝဘေးအန္တရာယ်များ လျှော့ချရေးအပြင် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အတွက် ရေတို၊ ရေရှည်စီမံချက်များချမှတ်ခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်သတ်မှတ်ခြင်းနှင့် ရန်ပုံငွေလျာထားသတ်မှတ်ခြင်း၊ ရှာဖွေခြင်းများ၊ ကုလသမဂ္ဂ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များ ၂၀၃၀ Agenda အပြည့်အဝရရှိရေးနှင့် ရေသယံဇာတအပေါ် စီးပွားဖြစ်တန်ဖိုးသတ်မှတ်နိုင်မည့် Water Economy တို့ကို နိုင်ငံတကာနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Ministerial Roundtable Meeting on Water for Sustainable Development Session တွင် ပါဝင်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်ဒုတိယနေ့ နံနက်ပိုင်းတွင် Country Statement ကို ဖတ်ကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖိုရမ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် Citizen Process Session ၏ Achieving Water Security: on all-of-society engagement and partnership တွင် အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် World Water Council နှင့် IUCN တို့ပူးပေါင်းကျင်းပသည့် High Level Session on Integrated Water Resource Management သို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ပြီး ညပိုင်းတွင် ဩစတြေးလျနိုင်ငံသံရုံးမှ ဖိတ်ကြားသော ညစာစားပွဲသို့ တက်ရောက်သည်။

မတ် ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာရှ-ပစိဖိတ် “ရေ” ထိပ်သီးညီလာခံတွင် ထုတ်ပြန်ခဲ့သည့် ရန်ကုန်ကြေညာစာတမ်း နောက်ဆက်တွဲ အစီအစဉ်အဖြစ် ဆက်လက်ကျင်းပသည့် Upscale Innovation for a Water-Secure ASIA and The Pacific Synthesis of Asia-Pacific Regional Process ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာမှ ရေ နှင့်ပတ်သက်သည့် ပညာရှင်များ ပါဝင်ဆွေးနွေးနေမှုများကို တက်ရောက်အားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၂ ရက်တွင် ဖိုရမ်၏ အစီအစဉ်တစ်ခုဖြစ်သည့် Woman-Perspectives and Challenges ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မတ် ၂၁ ရက်နှင့် ၂၂ ရက်တွင် ရေ၊ အစားအစာနှင့် စွမ်းအင် ထုတ်လုပ်ခြင်းတို့ တစ်ခုနှင့်တစ်ခု ဆက်စပ်နေမှုအပေါ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမည့်နည်းလမ်းများ၊ ပတ်ဝန်းကျင်ရေထု ညစ်ညမ်းမှုအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ ကျင်းပသည့် ဆွေးနွေးပွဲများသို့ လေ့လာသူများအနေဖြင့် တက်ရောက်ခဲ့သည်။

အဆိုပါ (၈)ကြိမ်မြောက် ကမ္ဘာ့“ရေ”ဖိုရမ် ကျင်းပရာနေရာနှင့် တစ်ဆက်တည်းရှိ ဘရာစီးလီးယား The National Mané Garrincha Stadium တွင် ရေနှင့်ဆက်စပ်ပစ္စည်းများနှင့် အဆင့်မြင့်နည်းပညာများ ပြပွဲကိုလည်း ကျင်းပရာ နိုင်ငံပေါင်း(၃၅)နိုင်ကျော်မှ လာရောက်ခင်းကျင်းပြသခဲ့သည်။

(၈)ကြိမ်မြောက် ကမ္ဘာ့“ရေ”ဖိုရမ် တက်ရောက်နေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ အိမ်ရှေ့မင်းသားနှင့်အဖွဲ့အားလည်းကောင်း၊ တာဂျစ်ကစ္စတန်နိုင်ငံ ရေနှင့်သယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့အားလည်းကောင်း အလွတ်သဘောရင်းနှီးစွာ တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

»» စာမျက်နှာ ၈ မှ

အဲဒါဟာ သတင်းစာသမားတစ်ယောက်ရဲ့ အဓိကကျတဲ့ တွေးခေါ်မှုပါပဲ။ ပြည်သူတွေလိုချင်တာကိုလည်း ပေးရမယ်။ အစိုးရပေးချင်တာကိုလည်း ပေးရမယ်။ နောက်ပြီး သတင်းစာမှာ လုပ်ကိုင်နေတဲ့ အဆင့်တွေကို လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်အောင် ဖွင့်ပေးရမယ်။ လုပ်ချင်တာလုပ်ဆိုပြီး ပရမ်းပတာ လုပ်ခိုင်းတဲ့သဘောမဟုတ်ပါဘူး။ အယ်ဒီတာချုပ်က သက်ဆိုင်ရာအလိုက် တာဝန်ယူပြီး တည်းဖြတ်လိမ့်မယ်။ သတင်းထောက်တွေ အပါအဝင် သူတို့လုပ်တတ်ကိုင်တတ်လာလိမ့်မယ်။ အရည်အသွေးတွေ ထဲထဲဝင်ဝင် တိုးတက်လာမယ်။ အဲဒါမှ သတင်းစာ အရည်အသွေးတွေတက်လာမယ်။

**ဦးမြင့်ဆွေ**
**စာတည်းမှူးချုပ်(ငြိမ်း) ကြေးမုံသတင်းစာ**

ခေတ်အဆက်ဆက်မှာလည်း နိုင်ငံပိုင်သတင်းစာကတော့ အကဲဆတ်တာပါပဲ။ သတင်းစာဆိုတာ အချိန်နဲ့လုပြီး လုပ်ကြရတာပါ။ ဆုံးဖြတ်ချက်က မှန်ဖို့ ၊ မြန်ဖို့၊ တိကျဖို့လိုတယ်။ သတ်မှတ်အချိန်ရှိတယ်။ စောစောထွက်ဖို့က အရေးကြီးတယ်။ အရည်အသွေးလည်း ပြည့်ဝဖို့လိုတယ်။ အဲဒီသုံးချက်ကို ဟန်ချက်ညီအောင် ထိန်းဖို့ အဓိကက အယ်ဒီတာချုပ်တွေပါပဲ။ အယ်ဒီတာချုပ်တွေမှာ လုပ်ပိုင်ခွင့်ပိုရှိလာတာနဲ့အမျှ သတင်းတွေက သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက်နဲ့ မြန်မြန်ဆန်ဆန် ထွက်လာမှာပါ။ အရင်လုပ်ခဲ့တဲ့ အတွေ့အကြုံအရဆိုရင် သတင်းမှာ ထိန်းချုပ်မှုတွေရှိခဲ့တယ်။ အဲဒီအခါကျတော့ သတင်းတစ်ပုဒ်ထွက်ဖို့ဆိုရင် အဆင့်ဆင့် ဖြတ်ကျော်ပြီး အချိန်နောက်ကျမှ ရောက်လာတာတွေရှိတယ်။ အဲဒီအခါမှာ အချိန်မီမြန်မြန်လုပ်ရတာတွေရှိတယ်။ မှန်အောင်လည်း လုပ်ရတယ်။ မြန်အောင်လည်းလုပ်ရတယ်။ အဲဒီအချိန်မျိုးမှာ အမှားအယွင်းဆိုတာ ဖြစ်တတ်တယ်။

သတင်းစာမှာလုပ်တဲ့သူက အရည်အသွေးရှိဖို့လိုတယ်။ ခေတ်အဆက်ဆက် အောက်ခြေသိမ်းလုပ်လာခဲ့တဲ့သူတွေဆိုရင် သတင်းအပေါ် နားလည်တယ်။ အဲဒီတော့ သတင်းစာအရည်အသွေးရှိဖို့၊ မြန်ဖို့၊ မှန်ဖို့ဆိုရင် သတင်းစာမှာ ဦးစီးဦးဆောင်လုပ်နေတဲ့သူတွေ အတွေးအမြင်တွေ ရှင်သန်ဖို့လိုတယ်။ သတင်းသမားပီသဖို့လိုတယ်။ တချို့သတင်းတွေဆိုရင် ထုတ်သင့်လား၊ မထုတ်သင့်ဘူးလားဆိုတာကို အယ်ဒီတာချုပ်က ဆုံးဖြတ်ရမှာပါ။ ဒါမှ သတင်းစာက မြန်လည်းမြန်မယ်၊ မှန်လည်းမှန်ပါမယ်။ သတင်းစာ အရည်အသွေးဆိုတာ လုပ်တတ်ကိုင်တတ်တဲ့သူလည်းရှိရမယ်။ အယ်ဒီတာချုပ်သာမက အယ်ဒီတာတွေကလည်း သတင်းအပေါ် နားလည်နေရမယ်။ သတင်းစာမှာ လုပ်နေသူတွေ အရည်အသွေးရှိလာတာနဲ့အမျှ သတင်းစာအရည်အသွေးကလည်း တက်လာမယ်။ သတင်းစာရဲ့ရည်မှန်းချက်ဖြစ်တဲ့ မှန်ရမယ်၊ မြန်ရမယ်၊ ပြည်သူတွေ လက်ထဲအမြန်ဆုံးရောက်ဖို့ဆိုတာ ဖြစ်လာမှာပါ။

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ဓာတ်ပုံ-ဇော်ကြီး**

---

## တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် ပဉ္စမနေ့ ဆက်လက်ကျင်းပ

**တောင်ကြီး မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တောင်ကြီးမြို့၌ ယနေ့ နံနက်ပိုင်းက ပဉ္စမနေ့ နောက်ဆုံးရက်အဖြစ် ဆက်လက်ကျင်းပရာ တိုင်းရင်းသားလူမျိုးစုများ လာရောက်လည်ပတ်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပရာ တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဝတ်စုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ အစားအသောက်များနှင့် စာအုပ်စာပေများအား ဝယ်ယူသူများ၊ လေ့လာသူများနှင့် ပြခန်းများတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားခဲ့သည်။

ထို့အတူ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲကို မတ်၂၁ ရက်က စာတမ်း ငါးစောင်၊ မတ် ၂၂ ရက်က စာတမ်းခုနစ်စောင်၊ မတ် ၂၃ ရက်က စာတမ်း ခုနစ်စောင်နှင့် မတ် ၂၄ ရက်က ရှစ်စောင် စုစုပေါင်းစာတမ်း ၂၇ စောင်အား အောင်မြင်စွာ ဖတ်ကြားပြီးစီးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



---

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသစ်ဖွင့်

**ကန်ပက်လက် မတ် ၂၅**

ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်း အဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်ခဲ့သည့် ဇလပ်နီကုမ္ပဏီက ငွေကျပ် ၈ ဒသမ ၉၅၀ သန်းဖြင့် စတင်တည်ဆောက်ခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲကို ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးအောင်၊ ကန်ပက်လက်မြို့နယ်ရဲမှူး ဦးဘိုသက်၊ ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းနှင့် မင်းတပ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးလှိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေကြီး(ကန်ပက်လက်)**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအတွင်း သစ်စေးသရိုးပန်းရွှေချပန်းချီကားချပ်ကြီးများနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၅**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအတွင်း ကျင်းပသည့် သစ်စေးသရိုး ပန်းရွှေချပန်းချီကားချပ်ကြီးများနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂန္ဓကုဋိတိုက်အတွင်းတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် ရေစက်ချပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တဩဘာသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြပြီး ဂေါပကအဖွဲ့နှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက အလှူပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ လျှောက်ထားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား မူလစတင်ပူဇော်ခဲ့စဉ်မှစ၍ စေတီတော်အတွင်းပိုင်း လိုဏ်ဂူနံရံများမှာ မှန်စီဆေးသွင်းနံရံများဖြစ်ကာ ကာလကြာမြင့်လာသည်နှင့်အမျှ မှန်ချပ်ငယ်များကွာကျခြင်း၊ ဆေးရောင်များ မှေးမှိန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ဂေါပကအဖွဲ့က ပိုမိုအဆင့်အတန်းမြင့်၍ ရေရှည်ခံသော သစ်စေးသရိုးပန်းရွှေချပန်းချီကားချပ်များဖြင့် အစားထိုးပြုပြင်မွမ်းမံခဲ့ခြင်း ဖြစ်သည်။ ပထမအဆင့်အနေဖြင့် စေတီတော်အတွင်း မုခ်ငါးမုခ်အဝင် ဝဲ/ယာနံရံ နှစ်ဖက်စီကို တစ်ဖက်လျှင် ၁၄ ပေ ၁၀ လက်မ × ၆ ပေ ၆ လက်မခန့်ရှိ သစ်စေးသရိုး ပန်းရွှေချပန်းချီကားချပ်ကြီးများ ပြုလုပ်၍ ကပ်လှူပူဇော်ခြင်းဖြစ်သည်။ ယင်းပန်းချီကား ၁၀ ချပ်ကို အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပူဇော်ခဲ့ခြင်းဖြစ်သည်။



စေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရာတွင်လည်း အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ကပ်လှူပူဇော်ခြင်းဖြစ်သည်။ **သတင်း၊ဓာတ်ပုံ-ကိုကိုဇော်**



# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံတွေ့ဆုံပွဲကျင်းပ

**ရန်ကုန် မတ် ၂၅**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းဝင် ဝန်ထမ်းဟောင်းများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် ကူညီပံ့ပိုးပေးရန်၊ အသက်အရွယ်၊ ကျန်းမာရေးအရ လုပ်ငန်းခွင်မှ အနားယူခဲ့ကြသူ ဝန်ထမ်းဟောင်းအချင်းချင်း ရင်းနှီးခင်မင်စွာ ပြန်လည်ဆုံတွေ့နိုင်ကြရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ပြန်ကြားရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ ကြေးမုံသတင်းစာ စာတည်းမှူးချုပ် (အငြိမ်းစား) ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ကြေးမုံသတင်းစာ မန်နေဂျာ(အငြိမ်းစား) ဦးဇော်ဝင်းက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အသက်(၈၀)နှင့်အထက် ကန်တော့ခံ သက်ကြီးဆရာသမားများဖြစ်သည့် ဆရာ ဦးသော်၊ ဆရာ မင်းယုဝေ၊ ဆရာ ဦးလှကြိုင်၊ ဆရာ တက္ကသိုလ်မြတ်သူ၊ဆရာဦးခင်မောင်အေး(ခင်မောင်အေး၊ မန္တလေး)၊ ဆရာ စဝ်ကိုင်ဖတို့အား အသင်းဒုတိယဥက္ကဋ္ဌ ဦးစံငြိမ်း ဦးဆောင်၍ တက်ရောက်လာကြသူများက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးလှကြိုင်၊ တက်ရောက်လာကြသူများကိုယ်စား မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ် (အငြိမ်းစား) ဦးရဲမြင့်ဖေတို့က မုဒိတာစကားများ ပြောကြားကြသည်။ ဆက်လက်၍ သက်ကြီးဆရာသမားများအား တာဝန်ရှိသူများက ကန်တော့ပစ္စည်းများ ပေးအပ်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းကို ၂၀၁၅ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မတည်ပံ့ပိုးငွေ ကျပ်သိန်း ၃၀၊ အလှူရှင်များ၊ အသင်းအမှုဆောင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခု သုံးနှစ်သက်တမ်းတွင် ဒုတိယအကြိမ်မြောက် သက်ကြီးဆရာသမားများအား ပူဇော်ကန်တော့ပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# စိမ်းလန်းရွှေပြည်စာပေပြိုင်ပွဲ ဆုစာရင်းကြေညာ

**ရန်ကုန် မတ် ၂၅**

စိမ်းလန်းရွှေပြည်စာပေဆုရွေးချယ်ရေးကော်မတီက မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ရိုးရာ ဂန္ထဝင်ကဗျာများ မပျောက်ပျက် မတိမ်ကောရေးကိုရည်ရွယ် ရှေးရှုလျက် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပေါင်းချုပ် (စာပဒေသာ)ဟူသော စာအုပ်စာမူပါဝင်သည့် ဆုအမျိုးအစားငါးမျိုးကို ပြိုင်ပွဲကျင်းပခဲ့သည်။ အဆိုပါ ပြိုင်ပွဲမှ ဆုရရှိသော စာအုပ်စာမူနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ဆုရွေးချယ်ရေးကော်မတီက ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။

ကဗျာပေါင်းချုပ် (စာအုပ်) အကောင်းဆုံးဆုကို ဇော်မင်းမင်းဦး၏ "ပတ္တမြားကဗျာများ" ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်(စာအုပ်) အကောင်းဆုံးဆုကို ဟမ်စိုင်း (ဆေး-မန်း)၏"တတိယလူနှင့် မဂ္ဂဇင်းဝတ္ထုတိုများ" ကလည်းကောင်း၊ ဆောင်းပါးပေါင်းချုပ်(စာပဒေသာ-စာအုပ်) အကောင်းဆုံးဆုကို မောင်ချိုဝေ၏ "ဇာတိစိတ်၏ ခေါ်ဆောင်ရာ" ကလည်းကောင်း ရရှိသည်။

ကဗျာပေါင်းချုပ်(စာမူ)ဆုတွင် ဆုအမျိုးအစားငါးခုရှိရာ မောင်လွန်းမြိုင်(ပင်လည်ဘူး)၏ "မုဒိတာနိဒါန်း ပန်းအလင်္ကာကဗျာများ"က ပထမဆုကိုလည်းကောင်း၊ သက်နိုင်(ကြို့ပင်ကောက်)၏ "စိမ်းမြနွေဦးနှင့် ကဗျာစာစုများ"က ဒုတိယဆုကိုလည်းကောင်း၊ မောင်မောင်မိုးအောင်၏ "အေးရိပ်ဝေသည့် သစ်တစ်ပင်နှင့် အခြားကဗျာများ" က တတိယဆုကိုလည်းကောင်း၊ ချစ်စုအောင်၏ "သစ္စာလမ်းက မြစမ်းအလင်္ကာကဗျာများ"က အထူးဆု(၁) ကိုလည်းကောင်း၊ မင်းသွေးနွယ် (ဇီးကုန်း)၏ "မေတ္တာမီးအိမ်ကဗျာများ"က အထူးဆု(၂) ကိုလည်းကောင်း အသီးသီး ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်(စာမူ) ဆုကို ထွန်းလှိုင်(မြိုင်)၏ "မွေးရပ်မြေနှင့် သုတရသဝတ္ထုတိုပေါင်းချုပ်"က ပထမဆုကိုလည်းကောင်း၊ တင်လင်းဇော်၏ "ကျွန်တော့်သမီးခေါင်သူကြီးနှင့် အခြားဝတ္ထုတိုများ"က ဒုတိယဆုကိုလည်းကောင်း၊ သက်ဝေမောင်၏ "တိမ်ညိုကြားက လမင်းမေတ္တာနှင့် အခြားဝတ္ထုတိုများ"က တတိယဆုကို လည်းကောင်း အသီးသီးရရှိသည်။

ဆုရရှိသူများသည် ဖုန်း ၀၉-၂၅၆၀၅၀၂၃၄ နှင့် ၀၉-၂၅၄၃၁၀၈၂၆ တို့သို့ အမြန်ဆုံးဆက်သွယ်၍ ပို့စ်ကတ်အရွယ် ဓာတ်ပုံသုံးပုံနှင့်အတူ သတ်မှတ်ကိုယ်ရေးအကျဉ်း ပေးပို့ကြရန် ဖြစ်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၁၃၂(B) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ယာဉ်လိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် မတ် ၂၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်း လိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ မိုးကောင်း |
| ၂။ | ကရင်ပြည်နယ် | ကျုံဒိုး |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ရေဦး၊ခမ်းပတ်၊ဖောင်းပြင်၊ဟုမ္မလင်း |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း၊မင်းလှ |
| ၅။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး၊ပေါက်၊စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မလှိုင် |
| ၇။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်၊ ကော့မှူး |
| ၈။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း၊ မော်လမြိုင်ကျွန်း |

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

## ထူးခြားသည့် နေ့အပူချိန်များ

ချောက်မြို့ ၄၂ ဒီဂရီ စင်တီဂရိတ်
ပျဉ်းမနားမြို့ ၄၀ ဒီဂရီ စင်တီဂရိတ်
တောင်ငူမြို့ ၄၀ ဒီဂရီ စင်တီဂရိတ်
ဘော်လခဲမြို့ ၄၀ ဒီဂရီ စင်တီဂရိတ်



# မြေပုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**စစ်တွေ မတ် ၂၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြေပုံမြို့နယ် ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ရုံးရှေ့၌ကျင်းပသည်။

ရုံးအဆောက်အအုံသစ်ဖွင့်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ရုံးအဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြေပုံမြို့နယ် အုပ်ချုပ်ရေးမှူးတို့အား အထိမ်းအမှတ်အလံများ ပေးအပ်သည်။ ထို့နောက် ရုံးအဆောက်အအုံသစ်အား ပြည်နယ်ဦးစီးမှူး ဦးနေထက်ရှိန်၊ မြောက်ဦးခရိုင်ဦးစီးမှူး ဦးချစ်မောင်နှင့် မြေပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ဦးစီးမှူးရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ ရုံးအဆောက်အအုံသစ်ဖွင့်ပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြောက်ဦးမြို့၌ ကာယဗလမောင်ပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**မြောက်ဦး မတ် ၂၅**
မြောက်ဦးမြို့ N-P Home GYMနှင့် မြောက်ဦးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကျင်းပသည့် ကာယဗလမောင်ပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ညောင်ပေဈေးရပ်ကွက် ရန်ကုန်-စစ်တွေကားလမ်းမရှိ မြောက်ဦးဟိုတယ်အစည်းအဝေးခန်းမ၌ ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပရာ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်အဆင့်နှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများမှ ဆုရရှိကြသူများက သရုပ်ပြကြပြီးနောက် မြို့နယ်အသီးသီးမှပြိုင်ပွဲဝင် ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်းနှင့် ၇၀ ကီလိုတန်းမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ကာယဗလမောင်ပြိုင်ပွဲတွင် ဆုရရှိသူများအား တက်ရောက်လာသောတာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့်ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အားကစားလှုပ်ရှားမှု တတိယနောက်ဆုံးပတ် ကျင်းပ

**ရန်ကုန် မတ် ၂၅**
အများပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး ရောဂါများမဖြစ်ပွားအောင် ကာကွယ်ခြင်း၊ ဖြစ်ပွားသောရောဂါများ လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် လျော့ကျစေရန်နှင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်အနာမဲ့စွာ နေထိုင်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အားကစား ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) အားကစားလှုပ်ရှားမှု(တတိယနောက်ဆုံးပတ်) အခမ်းအနားကို ယနေ့နံနက် ၆ နာရီမှ ၇ နာရီအထိ ရန်ကုန်မြို့ သခင်မြပန်းခြံ၌ ကျင်းပသည်။



အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အားကစားဆပ်ကော်မတီမှ နာယကများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ကိုယ်လက်လှုပ်ရှား အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) အားကစားလှုပ်ရှားမှု ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်နေသော မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစား ဆပ်ကော်မတီအမှုဆောင်အဖွဲ့တို့ကို မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အားကစားလှုပ်ရှားခြင်း၏ အကျိုးကျေးဇူးကို ဟောပြောပို့ချခဲ့သည်။

ယင်းနောက် Aerobic ကို အခြေခံ၍ Zumba Basic လေ့ကျင့်ခန်းများကို စုပေါင်းကစား၍လည်းကောင်း၊ Balance Fitness Center မှ Mr.FF အဖွဲ့တို့က စုပေါင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ကစားခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် ဒေါ်ချိုချိုလွင်တို့က ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) အားကစားလှုပ်ရှားမှု ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသော အဖွဲ့အစည်းများအား အထိမ်းအမှတ်ပန်းစည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# လူထုစုပေါင်းစက်ဘီးသရုပ်ပြစီးနင်းခြင်းပြုလုပ်

**ရန်ကုန် မတ် ၂၅**
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူများ အသက်ရှည်ကျန်းမာရေးနှင့် ရောဂါဘယကင်းဝေးစေရေး၊ ပြည်သူလူထုအတွင်း စက်ဘီးစီးအားကစားကို စိတ်ပါဝင်စားလာစေပြီး ပါဝင်လှုပ်ရှားလာစေရေးတို့အတွက် ရည်ရွယ်၍ ယနေ့နံနက် ၆ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြကျွန်းသာရှေ့၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် (Bacchus) ဘက်ကတ်စ် ခွန်အားဖြည့်အချိုရည်မှ အဓိကပံ့ပိုးကူညီပူးပေါင်းကျင်းပသည့် လတစ်လ၏ နောက်ဆုံးသီတင်းပတ်တွင် ကျင်းပသော လူထုစုပေါင်း စက်ဘီးသရုပ်ပြစီးနင်းခြင်းကို ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးနှင့် အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ (Bacchus) ဘက်ကတ်စ်ခွန်အားဖြည့်အချိုရည်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက စက်ဘီးသရုပ်ပြစီးနင်းခြင်းအား သေနတ်ပစ်ဖောက် တာလွှတ်ပေးကာ စက်ဘီးစီးအားကစားဝါသနာရှင် အင်အား ၅၀၀ကျော်တို့က အင်းလျားကန် တစ်ပတ်ပတ်ပြီး ကမ္ဘာအေးဘုရားလမ်း မြကျွန်းသာရှေ့၌ ပန်းဝင်ကာ ပန်းဝင်စက်ဘီးစီးအားကစားသမားများအား နံနက်အစာပြေနှင့် (Bacchus) ဘက်ကတ်စ် ခွန်အားဖြည့်အချိုရည်များ တိုက်ကျွေးခဲ့ပြီး JBL Bluetooth Speaker တစ်လုံးကို အားကစားသမားများအား မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာကွန်ရက်အသင်း ဗဟိုအလုပ်အမှုဆောင်ရွေးချယ်

**ရန်ကုန် မတ် ၂၅**
မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN) ၏ (၂၀၁၈-၂၀၂၂) ခုနှစ်အတွက် ဗဟိုအလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျင်းပရာ ဥက္ကဋ္ဌအဖြစ် ဦးစောလုလုထော်က ဥက္ကဋ္ဌဒုတိယသက်တမ်း ထပ်မံရွေးချယ်တင်မြှောက်ခံရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာကွန်ရက်အသင်းဥက္ကဋ္ဌ ဦးစောလုလုထော်က အမှာစကားပြောကြားပြီး နှစ်နှစ်အတွင်း ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အသစ် ၃၉ ဦးကို မဲပေးရွေးချယ်ပြီး ရွေးချယ်တင်မြှောက်ခံရသည့်စာရင်းအား ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌရာထူးများအတွက် ၃၉ ဦးအနက် ငါးဦးအား ဖွဲ့စည်းပုံအတိုင်း ဆန္ဒမဲပေးပြီး နာယကမှ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌအမည်များအား အတည်ပြုကြေညာသည်။

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာကွန်ရက်အသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးစောလုလုထော်၊ ဒု-ဥက္ကဋ္ဌ(၁) အဖြစ် ဦးဇော်မင်း၊ ဒု-ဥက္ကဋ္ဌ(၂)အဖြစ် ဦးထွန်းထွန်း၊ ဒု-ဥက္ကဋ္ဌ(၃) အဖြစ် ဦးမျိုးအေး၊ ဒု-ဥက္ကဋ္ဌ(၄) အဖြစ် ဦးဖြိုးလှဝေတို့ ရွေးချယ်တင်မြှောက်ခံရကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**



## ဆိုင်ကယ်ဆီဖြည့်နေစဉ် မီးလောင်မှုဖြစ်ပွား၊ ဆိုင်ခန်းငါးခန်း မီးလောင်ဆုံးရှုံး

**လွယ်ဂျယ် မတ် ၂၅**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့တွင် မတ် ၂၄ ရက် ညနေ ၃ နာရီက ဆိုင်ကယ်ဆီဖြည့်နေစဉ် မီးလောင်မှုဖြစ်ပွားမှုကြောင့် ဈေးဆိုင်ခန်းငါးခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွယ်ဂျယ်မြို့ အောင်ဇေယျာရပ်ကွက် ကက်သလစ်ဘုရားရှိခိုးကျောင်း ခြံစည်းရိုး၌ ဆောက်လုပ်ထားသည့် ဈေးဆိုင်ခန်းတွင် ငှားရမ်းနေထိုင်သူ မဒွဲနန်(၃၂)နှစ်၏ ဈေးဆိုင်ခန်းတွင် ဆိုင်ကယ်ဆီဖြည့်နေစဉ် ဆိုင်ကယ်အင်ဂျင်ပေါ်သို့ ဓာတ်ဆီဖိတ်ကျကာ မီးစတင်လောင်ကျွမ်းခဲ့ရာမှ ကက်သလစ်ဘုရားကျောင်း ခြံစည်းရိုးရှိ ဈေးဆိုင်ခန်းငါးခန်း မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ လွယ်ဂျယ်နယ်မြေရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်သိန်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ လွယ်ဂျယ်မြို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မဒွဲနန် (၃၂)နှစ်အား လွယ်ဂျယ်နယ်မြေရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

## စစ်တွေမြို့နယ်တွင် ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**
ရေချမ်းပြင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် ညနေ ၄ နာရီက စစ်တွေမြို့နယ် ရေချမ်းပြင်ဆိပ်ကမ်း မေယုဘုရင် ဇက်ရေယာဉ်ပေါ်ရှိ မော်တော်ယာဉ်အား စစ်ဆေးရာ ယာဉ်မောင်း ထွန်းအောင်သိန်း၊ ယာဉ်ပိုင်ရှင် ကျော်ကျော်လင်း ဖြစ်ကြောင်း သိရှိရပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းတွင် ရပ်ထားသည့် မော်တော်ယာဉ်ပေါ်၌ ယာဉ်ပိုင်ရှင် ကျော်ကျော်လင်း၊ နေဇော်မင်းနှင့် မမြတ်သန္တာတို့ကို တွေ့ရှိရသဖြင့် ၎င်းတို့ကို ခေါ်ဆောင်ပြီး မော်တော်ယာဉ်အား ရှာဖွေရာ ယင်းယာဉ်ပေါ်ရှိ SCG ဘိလပ်မြေအိတ်များ အတွင်းမှ ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉၆၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီတွင် ဝှေခါတပ်စခန်းမှ ဗိုလ်ကြီး ကျော်ကောင်းလွင် ဦးစီးအဖွဲ့သည် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မကာပင်ကျေးရွာ အမှတ်(၂)ရပ်ကွက်နေ မဂျာဘူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကို လည်းကောင်း၊

နံနက် ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၈) မုံရွာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွန်းလှမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု သရက်တစ်ထောင်ကျေးရွာနေ တင်စိုးနိုင်(ခ) မောင်နိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉ ပြားကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်း၏ ဖခင်ဖြစ်သူ ဦးပွဲပေါ်နေအိမ်အား ရှာဖွေရာ ဘိန်းဖြူ ၈၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀ ကို လည်းကောင်း၊

ထို့အတူ ည ၇ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် (၅၁) လမ်းနှင့် အေးသုခလမ်းထောင့်တွင် တွေ့ရှိသူ မရင်မင်းထွေး(ခ)မဆင့်ကိုရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း၊

ည ၈ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် သာစည် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ရွှေစင်စကြာခရီးသည်တင်ယာဉ်အား ရှာဖွေရာ ထိုင်ခုံအမှတ် ၂၅/၂၆ တွင် လိုက်ပါလာသည့် ဇော်ဝင်းကိုနှင့် နိုင်လင်းတို့ တန်ဆာပြုလုပ်တင်ဆောင်လာသည့် လက်ဖက်ခြောက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကို လည်းကောင်း၊

ထို့အတူ နံနက် ၆ နာရီခွဲက ကျောက်တလုံး နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် လွယ်ဆောင်ကျေးရွာအနီး ကျောက်တလုံး-ဆိုက်ခေါင်သွားလမ်းပေါ်တွင် ကျော်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ကျော်ကျော်လင်း၊ နေဇော်မင်းနှင့် မမြတ်သန္တာတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မိတ္ထီလာတွင် တရားမဝင်လုပ်သေနတ်ကိုင်ဆောင်သူအား အမှုဖွင့်အရေးယူ

**မိတ္ထီလာ မတ် ၂၅**
မိတ္ထီလာတွင် တရားမဝင်လုပ်သေနတ်ကိုင်ဆောင်သူအား မတ် ၂၄ ရက် ညနေ ၅ နာရီ ၅၅ မိနစ်က အမှတ်(၂) နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တရားမဝင်လုပ်သေနတ်ကိုင်ဆောင်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဝန်ဇင်းရပ်ကွက် နယ်မြေ(၃) ဒေါ်မူ၏ နေအိမ်ဈေးဆိုင်တွင် ကျော်မင်းထွန်း ရန်မျိုးအောင်ရပ်ကွက် နယ်မြေ(၉)နေသူထံမှ သစ်သားကိုယ်ထည်နှင့် ဒင်အရှည် ၂ ပေ ၃ လက်မ၊ လေအိုးအနီရောင်၊ လေပိုက်အစိမ်းရောင် အရှည် ၁ ပေ ၅ လက်မ၊ သံလုံးပြောင်းအရှည် ၁ ပေ ၁၁ လက်မ၊ လုံးပတ်လက်သန်းလုံးခန့်၊ ခဲဘောသီးထည့်ပစ်ရသည့် လုပ်သေနတ်တစ်လက်ကို စစ်ဆေးတွေ့ရှိရသည်။



၎င်းအား စစ်ဆေးမေးမြန်းရာ ထိုလုပ်သေနတ်မှာ ကိုင်ဆောင်ခွင့်လိုင်စင်တစ်စုံတစ်ရာမရှိဘဲ လက်ဝယ်ကိုင်ဆောင်ထားသည်ကို တွေ့ရသဖြင့် တရားမဝင်လုပ်သေနတ်ကိုင်ဆောင်သူ ကျော်မင်းထွန်းအား အမှတ် (၂) နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## တရားမဝင် ကန့်သတ်ပစ္စည်းဖြစ်သည့် သင်းခွေချပ်(အရှင်) သယ်ဆောင်လာမှု မရမ်းချောင်စစ်ဆေးရေးစခန်းတွင် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက်တွင် တရားမဝင်ကန့်သတ်ပစ္စည်းဖြစ်သည့် သင်းခွေချပ် (အရှင်) သယ်ဆောင်လာမှုအား မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။





မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့်ယာဉ်များကို စစ်ဆေးဆောင်ရွက်စဉ် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် မသင်္ကာဖွယ်ခြင်းတစ်ခုအတွင်း တရားမဝင်ကန့်သတ်ပစ္စည်းဖြစ်သော သင်းခွေချပ် (အရှင်) (1x5 Kg) 2 U (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၆ သန်း) အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မတ် ၂၄ ရက် အဆိုပါစစ်ဆေးရေးစခန်းများက တရားမဝင် ကုန်စည်တားဆီးနိုင်ခဲ့မှုတွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၂၀၇ သန်းခန့်) စုစုပေါင်း တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၈၀၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မတ် ၂၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၄၆ စီး၊ သွင်းကုန် ၉၆၅ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

၀၀၁




## မြန်မာ့ရုပ်မြင်သံကြား

**ထုတ်လွှင့်မှုအစီအစဉ်**
**၂၆-၃-၂၀၁၈ (တနင်္လာနေ့)**

နံနက်ပိုင်း
၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ MRTV Travelogue
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၁၅ “ရိုးရာဝါးခမောက်လက်မှု ပညာအမွေ”
၉း၃၀ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ “Forbidden City”(China)
၉း၄၅ “ဖွံ့ဖြိုးတိုးတက်လာမည့် ကြံခင်းဆိပ်သာ အကောက်တောင်လမ်းပိုင်း”
၁၀း၃၀ စိုက်ပျိုးရေးရာအဖြေရှာ “ပဲတီစိမ်းမျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း”
၁၁း၀၀ လုံမမှတ်စု(အပိုင်း-၃၀)
၁၁း၂၀ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၄၅ “နင်”
၁၄း၄၀ Tasty Trip
၁၅း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်စင်ခတဲ့ နှလုံးသား” (အပိုင်း-၄၆)

ညနေပိုင်း
၁၆း၃၀ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- စတုတ္ထနှစ် (မြန်မာစာအထူးပြု)မြန်မာစာ
၁၇း၀၅ This Week's Special Interest
၁၇း၂၀ “လွယ်ကူဖွယ်ရာ ရိုးရာအစားအစာ” (ကချင်ကြက်ဆန်လှော်)
၁၇း၄၀ Yes or No Talk Show
၁၈း၂၀ Football Magazine
၁၈း၃၅ ဥပဒေရေးရာအဖြာဖြာ “မောင်အရှေ့ကို တည့်တည့်လျှောက်ရမယ်တဲ့လား” (ဦးစံပေါ၊ ကိုချစ်ဦး၊ ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ခင်ဖြူဖြူသန့်၊ အိအိသဲ၊ ဒေါ်အမာကြည်) [ဒါရိုက်တာ- ဝေဠု (ဝသန်)]
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “အစမ်းသပ်ခံအချစ်” (အပိုင်း-၃၀)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ “ယဉ်ကျေးမှုမြို့တော်မှ အဖိုးတန်ပြယုဂ်များ” (အပိုင်း-၂) (မဟာမင်းထင်ကျောင်းတိုက်)
- နိုင်ငံခြားဇာတ်လမ်းတွဲ “တရားရှင်နှင့်ဓားဘုရင်” (ရေသူမနတ်မိမယ်) (အပိုင်း-၆)
- မျက်မှောက်ရေးရာ သုံးသပ်စရာ
- နိုင်ငံခြားဇာတ်လမ်းတွဲ “အေးအတူပူအမျှ” (အပိုင်း-၂၈)
- အစီအစဉ်ပြီး၏။

# ကမ္ဘာ့နံပါတ်တစ်နေရာကို ဆုံးရှုံးရမည့်အပြင် ပြင်သစ်အိုးပင်းနှင့်လည်း ဖက်ဒရား လွဲချော်မည်




ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒရားသည် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ရပြီးနောက် လက်ရှိရပ်တည်နေသည့် အမျိုးသားတစ်ဦးချင်းကမ္ဘာ့အဆင့် နံပါတ်တစ်နေရာကို ဆုံးရှုံးရမည်ဖြစ်သည့်အပြင် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ပါဝင်ကစားနိုင်မည်မဟုတ်ဘဲ လွဲချော်မည်ဖြစ်ကြောင်း ဖက်ဒရားက တရားဝင်ကြေညာခဲ့သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဖက်ဒရားသည် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၁၇၅ တွင် ရပ်တည်လျက်ရှိသည့် ကော့ကီနာကစ်ကို ၃-၆၊ ၆-၃၊ ၇-၆(၇-၄)ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး လာမည့်တင်းနစ်ပြိုင်ပွဲများတွင် ဒဏ်ရာပြဿနာကြောင့် လွဲချော်မည်ဖြစ်ကြောင်းသိရသည်။

ဖက်ဒရားသည် ပြီးခဲ့သည့်တင်းနစ်ရာသီကလည်း ဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက် ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဆုကို ရယူနိုင်ခဲ့သူဖြစ်သည်။ ဖက်ဒရားသည် လက်ရှိတွင် ကမ္ဘာ့အဆင့်နံပါတ်တစ်နေရာတွင် ရပ်တည်နေသော်လည်း ရာဖေးလ်နာဒယ်ကို နံပါတ်တစ်နေရာအစားထိုးပေးရတော့မည်ဖြစ်ကြောင်း သိရသည်။

ဖက်ဒရားသည် ၎င်း၏ တင်းနစ်လောကဖြတ်သန်းမှုတွင် အမျိုးသားတစ်ဦးချင်းဂရန်းဆလမ်းပြိုင်ပွဲများမှ တစ်ဆင့် တင်းနစ်ချန်ပီယံဆုကို အကြိမ် ၂၀ အထိရယူဆွတ်ခူးထားနိုင်ခဲ့သူဖြစ်သည်။

# ဟယ်ရီကိန်း ပါဝင်လာမည်မဟုတ်သော်လည်း မန်ယူကို စပါးအနိုင်ရရှိမည်ဟု ဘန်ဒေးဗီး ပြောကြား



မန်ယူအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် စပါးအသင်းက တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာကြောင့် ပါဝင်လာမည်မဟုတ်သော်လည်း မန်ယူအသင်းကို အနိုင်ရရှိမည်ဟု ယုံကြည်ထားကြောင်း စပါးနောက်တန်းကစားသမား ဘန်ဒေးဗီးက ပြောကြားခဲ့သည်။

စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်း ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် မန်ယူအသင်းနှင့် စပါးအသင်းတို့ အက်ဖ်အေဖလားဆီမီးဖိုင်နယ်ကစားမည့် ဧပြီ ၂၁ ရက်အထိ စပါးအသင်းတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။

သို့ရာတွင် စပါးနောက်တန်းကစားသမား ဘန်ဒေးဗီးကမူ ဟယ်ရီကိန်းမပါဝင်သော်လည်း စပါးအသင်းမှာ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ရန် လုံလောက်သည့် ကစားသမားစုဖွဲ့မှုရှိထားကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘုန်းမောက်အသင်းနှင့် စပါးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်း၏ စိတ်ဝင်စားခြင်းကို ခံထားရသူဖြစ်သည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီးမှာ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ကစားရန်ရှိနေခြင်းကြောင့် ဘိုင်ယန်မြူးနစ်က ၎င်းနေရာတွင် အစားထိုးရန် ဟယ်ရီကိန်းကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

## အယ်လ်အေဂလက်စီသို့ ပြောင်းရွှေ့မှုတွင် ဘက်ခမ်းက အဓိကကျခဲ့ဟု အီဗရာဟီမိုဗစ် ဖွင့်ဟ

တိုက်စစ်မှူး အီဗရာဟီမိုဗစ်က သူ၏ မန်ယူမှ အယ်လ်အေဂလက်စီသို့ အပြီးသတ်ပြောင်းရွှေ့မှုတွင် ဘက်ခမ်းက အဓိကကျခဲ့ကြောင်းဖွင့်ဟသွားခဲ့သည်။ ဘက်ခမ်းနှင့် အီဗရာဟီမိုဗစ်တို့မှာ ပီအက်စ်ဂျီတွင် တွဲဖက်ကစားခဲ့ဖူးပြီး ဂလက်စီတွင်ကစားခြင်းက ကစားသမားတစ်ဦးအတွက် ကောင်းမွန်သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်းကို ဘက်ခမ်းထံမှ သိခဲ့ရသည်ဟု အီဗရာဟီမိုဗစ်က ဖွင့်ဟခဲ့သည်။



မိုဗစ်က "ကျွန်တော် ပီအက်စ်ဂျီမှာ ကစားစဉ် ဘက်ခမ်းနဲ့ တွေ့တုန်းက သူက အယ်လ်အေဂလက်စီအကြောင်း အများကြီးပြောခဲ့တယ်။ အမေရိကားမှာ ရမယ့်အတွေ့အကြုံတွေ စတဲ့ကိစ္စရပ်တွေ အားလုံးကလည်း သူ့ဆီက ကောင်းတာတွေပဲ ကြားရတယ်" ဟု ဖွင့်ဟသွားခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက မတ် ၂၃ ရက်တွင် အီဗရာဟီမိုဗစ်နှင့် ဂလက်စီအသင်းတို့ ပြောင်းရွှေ့ရန်ဆောင်ရွက်နေမှုများကို တရားဝင်အသိပေးခဲ့ပြီးနောက် မတ် ၂၄ ရက်တွင် အယ်လ်အေဂလက်စီအသင်းဘက်ကလည်း မိုဗစ်၏ ပြောင်းရွှေ့မှုကို တွစ်တာစာမျက်နှာပေါ်တွင် ဗီဒီယိုဖိုင်တင်ကာ ကြေညာခဲ့ခြင်းဖြစ်သည်။ အီဗရာဟီမိုဗစ်က "ကျွန်တော် ဥရောပမှာ အကောင်းဆုံးကစားသမားတွေနဲ့အတူ အကောင်းဆုံးအသင်းတွေမှာ ကစားခဲ့ပြီး ဖလား ၃၃ လုံး ရယူနိုင်ခဲ့ပြီးနောက်မှာ ခုတော့ အမေရိကားမှာ လာရောက်အခြေချပါပြီ"ဟုလည်း တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

မေလဲ့သင်း - ရေးသားသည်

# မော်ရင်ဟိုနှင့် ဆက်ဆံရေး မပြေလည်ခြင်းကြောင့် နွေရာသီအပြောင်းအရွှေ့ကာလတွင်...

# မော်ရင်ဟိုနှင့် ဆက်ဆံရေး မပြေလည်ခြင်းကြောင့် နွေစျေးကွက်အတွင်း မန်ယူမှ ပေါ့ဘာ ထွက်ခွာဖွယ်ရှိ

နည်းပြ မော်ရင်ဟိုသာ မန်ယူအသင်းကို လာမည့်ရာသီ ဆက်လက်ကိုင်တွယ်ရန် သေချာပါက ကွင်းလယ်ကစားသမား ပေါ့ဘာအနေဖြင့် လာမည့်နွေစျေးကွက်အတွင်း မန်ယူမှ ထွက်ခွာရန် သေချာသလောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ပေါ့ဘာနှင့် မော်ရင်ဟိုတို့ကြား ပြီးခဲ့သည့်လပိုင်းအတွင်း ပြဿနာဖြစ်ပွားခဲ့ပြီး နောက်ပိုင်းစကားပြောဆိုမှု မရှိသလောက် နည်းသွားခဲ့ကာ သူတို့နှစ်ဦးကြား ဆက်သွယ်ရန် လိုအပ်လာပြီဆိုပါက လက်ထောက်ဒိုင် ရူဖာလီက တစ်ဆင့်သာ ဆက်သွယ်ခဲ့ကြသည်။ မော်ရင်ဟိုမှာ ပေါ့ဘာအပြင် လုခ်ရှောနှင့်လည်း အလားတူ ဆက်ဆံရေးမျိုးပင် ဖြစ်နေကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

ပေါ့ဘာက ဘယ်တောင်ပံ တိုက်စစ်နေရာတွင် ကစားခွင့်ရလိုပြီး နည်းပြ မော်ရင်ဟိုကမူ ဗဟိုကွင်းလယ်တွင်သာ ထားကစားလိုခြင်းက ပြဿနာဖြစ်ပွားခြင်း၏ မူလအစဖြစ်ခဲ့ပြီး မော်ရင်ဟိုက နည်းပြ နေရာချသည့်နေရာတွင် ကစားရမည်က ကစားသမားအလုပ်ပင်ဖြစ်ကြောင်း ရင့်ရင့်သီးသီး တုံ့ပြန်ခဲ့သလို ပေါ့ဘာကိုလည်း ပွဲထွက်လူစာရင်းမှ ချန်လှပ်ခဲ့သည်။ ထို့ကြောင့် ပေါ့ဘာကလည်း သူ နေမကောင်းဟု ဆရာဝန်မှတစ်ဆင့် အကြောင်းကြားခဲ့ရာ ယင်းကိစ္စရပ်ကို လူသိရှင်ကြား ထုတ်ဖော်ပြောကြားသည်အထိ အချေအတင်ဖြစ်ခဲ့ကြသည်။ ထို့အတွက် မော်ရင်ဟိုက ကိုယ်လုပ်ချင်သည်ကို လုပ်ချင်သည်အထိ ယုံကြည်မှုမပေးနိုင်ကြောင်း တုံ့ပြန်ခဲ့သည်။

နည်းပြ မော်ရင်ဟိုက ပေါ့ဘာကို ဆီဗီလာနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်လို အရေးကြီးပွဲစဉ်အတော်များများတွင် ချန်လှပ်ခဲ့ပြီးနောက် ပေါ့ဘာ၏ အေးဂျင့်ရိုင်လိုလာကလည်း အသင်းကြီးများနှင့် စတင်ချိတ်ဆက်မှုတွေ ပြုလုပ်နေပြီဖြစ်ကြောင်း ဝန်ခံမှုပြုခဲ့သည်။ ပြင်သစ်နည်းပြ ဒက်ချမ့်စ်ကလည်း ပေါ့ဘာ မန်ယူတွင် မပျော်မရွှင်ဖြစ်နေခြင်းက ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ပြင်သစ်အသင်းအတွက် ထိခိုက်မှုရှိမည်ကို စိုးရိမ်မိကြောင်း ဆိုထားသည်။

ရီးယဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီတို့က ပေါ့ဘာကို ခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သတင်းများထွက်နေသော်လည်း နည်းပြ မော်ရင်ဟို ရောင်းချမည့် ကစားသမားစာရင်းတွင် ပေါ့ဘာ အမည် မပါဝင်ကြောင်း သိရသည်။ ရောင်းချမည့် ကစားသမားစာရင်းတွင် စမောလင်း၊ မာတာ၊ ဘလင်းနှင့် ဒါမီယန်၊ မာရှယ်လ်တို့ပါဝင်နေပြီး ပါရီဆစ်၊ မာတူဒီနှင့် ဖရက်ဒ်တို့ကို ပြန်လည်ခေါ်ယူရန် ချိတ်ဆက်နေပြီဖြစ်သည်။

# ၈၄ နှစ်ပြည့် အင်းဝတံတား

ဆူးငှက်

မြန်မာနိုင်ငံ၏ တောင်မြောက် အလျားလိုက်ကို ဧရာဝတီမြစ်သည် အရှည်လျားဆုံး ဖြတ်သန်းထား၏။ ယင်းသို့ ဖြတ်သန်းရာတွင် အလယ်ရိုးမ၊ မင်းဝံတောင်ကြောတွင် ဘူမိဗေဒသဘောအရ အရှေ့အနောက် တစ်ဆစ်ချိုး စီးဆင်းခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ တောင်နှင့်မြောက်ကို တိုးလျှိုပေါက် ဆက်သွယ်ရေးတွင် စစ်ကိုင်းမြို့အနီးရှိ တောင်မြောက်မှ အရှေ့အနောက်သို့ စီးဆင်းနေသော ဧရာဝတီမြစ်၏ တစ်ဆစ်ချိုးနေရာသည် အဓိက အချက်အချာကျသော သဘာဝ တံခါးမကြီးနေရာဖြစ်ပါ၏။ တရုတ်ပြည်နယ်စပ် မူဆယ်၊ လားရှိုးမှ သီပေါ၊ ကျောက်မဲကိုဖြတ်ကာ မန္တလေးမှတစ်ဆင့် အနောက်ဘက် အိန္ဒိယပြည်၊ ကလေး၊ မိုးရေးနယ်စပ်သို့လည်းကောင်း၊ ရန်ကုန်၊ တောင်ငူ၊ ပျဉ်းမနား(သို့မဟုတ်) မော်လမြိုင်၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား(သို့မဟုတ်) ရန်ကုန်၊ ပြည်၊ မကွေး၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာမှတစ်ဆင့် မန္တလေးကိုဖြတ်ပြီး ကလေး၊ မိုးရေးသို့လည်းကောင်း၊ ဗန်းမော်၊ မြစ်ကြီးနားသို့လည်းကောင်း ဆက်သွယ်သွား လာရေးအတွက် စစ်ကိုင်းမြို့အနီး ဧရာဝတီမြစ် တစ်ဆစ်ချိုးနေရာသည် လွန်စွာအရေးပါသည့် မဟာဗျူဟာမြောက်နေရာတစ်နေရာလည်း ဖြစ်ပါ၏။



ဧရာဝတီမြစ်ဖြတ် အင်္ဂလိပ်တပ်။

**ပထမဦးဆုံး ဧရာဝတီမြစ်ကူးတံတား**

ထိုနေရာ၏ ဝန်းကျင်၌ မြို့ပြနိုင်ငံများ ထူထောင်ခဲ့ကြသည့် ခေတ်များ အမြဲတမ်းသုံးစွဲနိုင်သည့် တံတာတစ်စင်းကို တည်ဆောက်ရန်ကိစ္စအား မိမိနန်းတော်လုံခြုံရေးကိုသာ စူးစိုက်အာရုံထားနေသော မင်းဧကရာဇ်များအဖို့ မစဉ်းစားခဲ့သည်မှာလည်း သဘာဝကျပါသည်။ သို့သော် သက္ကရာဇ် ၈၀၄ ခုနှစ်တွင် စစ်ကိုင်း ထူပါရုံစေတီ ဒါယကာ နရပတိမင်းသည် အင်းဝမှ တစ်ဖက်ကမ်းစစ်ကိုင်းသို့ ဧရာဝတီမြစ်ကို ဖြတ်သန်း၍ သစ်သားဝါး တံတားကြီးတစ်ခု ယာယီထိုးခဲ့ဖူးသည်ဟု ဆို၏။ စစ်ကိုင်းဘက်ကမ်းရှိ ထူပါရုံစေတီတော် ထီးတင်ပွဲသို့ အင်းဝဘက်ကမ်းမှ မင်း၊ မိဖုရား၊ မှူးမတ်များနှင့်အတူ ပြည်သူအများက တံတားကို ဖြတ်သန်းသွားလာကာ ဆင်နွှဲခဲ့ကြသည်ဟု မှတ်သားရဖူးသည်။ သက္ကရာဇ် ၈၂၀ ခုနှစ်တွင်လည်း အလားတူ ယာယီတံတား ထပ်မံတည်ဆောက်ကာ ဘုရားပွဲဆင်နွှဲခဲ့ကြသည်။ ဤကားသမိုင်းရာဇဝင်တွင် ပထမဦးဆုံး ဧရာဝတီမြစ်ကူး တံတားကြီးများ ဖြစ်ဖွယ်ရှိသည်။

မန္တလေး ရတနာပုံတွင်ကား ထိုနေရာ၏ အချက်အချာကျမှုကို သဘောပေါက်သော အရာရှိကြီးများက ကူးသန်းသွားလာရေးအတွက် တံတားဆောက်မှုထက် ဧရာဝတီမြစ်ကြောင်းမှ ဆန်တက်လာနိုင်သည့် အောက်မြန်မာပြည်မှ အင်္ဂလိပ်ရေတပ်ရန်ကို ကာကွယ်နိုင်ရန် မြစ်တစ်ဖက်တစ်ချက်၌ ခံတပ်ကြီးများဆောက်လုပ်မှု၌သာ အားသာခဲ့လေသည်။ သို့သော် ထိုအစီအမံကလည်း မထိရောက်ခဲ့သဖြင့် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မန္တလေးလည်း အင်္ဂလိပ်လက်အောက် လုံးလုံးလျားလျား ကျရောက်ပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းလုံး အင်္ဂလိပ်အုပ်စိုးမှု ယန္တရားကြီးဖြင့် အပြီးအပိုင်လွှမ်းမိုးချုပ်ကိုင်နိုင်ခဲ့သည်။

**အမြဲတမ်းတံတားကြီးတည်ဆောက်ရန်**

နိုင်ငံရေး၊ စီးပွားရေးများကို အဓိကချုပ်ကိုင်ချယ်လှယ်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် အင်္ဂလိပ်အုပ်ချုပ်ရေး အသားကျသွားသောအခါ စစ်ဗျူဟာအရ အရေးပါသည့် စစ်ကိုင်းမြို့အနီး ဧရာဝတီမြစ်တစ်ဆစ်ချိုးနေရာတွင် အမြဲတမ်း တံတားကြီး တည်ဆောက်ရန် ၁၉၂၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ဘုရင်ခံဆာဟာကုတ်ဘတ်တလာက အုတ်မြစ်ချခဲ့သည်။ ၁၈၉၀ ခုနှစ်ကတည်းက ဖောက်လုပ်ပြီးစီးခဲ့သော စစ်ကိုင်း-ရွှေဘို မီးရထားလမ်းသည်လည်း တံတားကြီးကြောင့် မန္တလေးမြို့နှင့် တစ်ဆက်တည်း ဖြစ်သွားပေမည်။ ထိုအခါ ၁၈၉၉ ခုနှစ်ကတည်းက ဖောက်လုပ်ဆက်သွယ်ခဲ့သော ရန်ကုန်-မန္တလေး မီးရထားလမ်းနှင့်လည်း ဆက်သွယ်မိသွားမည်။ ထို့နောက် ရွှေဘိုမှ မြစ်ကြီးနားသို့လည်း မီးရထားလမ်းကို ဆက်လက်ဖောက်လုပ်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် စတင်အုတ်မြစ်ချခဲ့သော အင်းဝတံတားကြီးသည် ၂၉၄၈ ပေ ရှည်၍ ၁၀၂ ပေ မြင့်သည်။ တံတားမှာ သံပေါင်ပေါင်းကူး တံတားဖြစ်ပြီး ရက်မကြီး ကိုးခု၊ ရက်မလတ်တစ်ခု၊ ရက်မငယ် ခြောက်ခုရှိသည်။ ရက်မကြီးတစ်ခုလျှင် အလျားပေ ၃၅၀ အရှည်ရှိပြီး ရက်မလတ်မှာ ပေ ၂၅၀ ရှည်သည်။ အပိုင်းဆက် ရက်မတိုမှာ ပေ ၆၀ စီ ရှည်ပြီး သံတန်ချိန်ပေါင်း ၁၁၁၄၅ တန် အသုံးပြုခဲ့သည်။

**တံတားကြီးဆက်ပြီးပြီ**

၁၉၃၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးသွားသော အင်းဝတံတားကြီးကြောင့် ၇၂၄ မိုင်ရှည် ရန်ကုန်-မြစ်ကြီးနား မီးရထားလမ်းသည် မန္တလေးမှတစ်ဆင့် အကြားအလပ်မရှိ တောက်လျှောက် ဆက်သွယ်နိုင်ခဲ့၏။ ၁၉၃၄ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့တွင် ဘုရင်ခံ ဆာဟျူးစတီဗင်ဆင် (Sir.Huge Stevenson) က အထူးမီးရထား ဘုရင်ခံစီးတွဲဖြူကြီးတွင် စီးနင်းကာ ဂတ်ဗိုလ်တွဲတွင် ခရိုင်မီးရထား သယ်ယူပို့ဆောင်ရေး အရာရှိချုပ် ဦးတင်က ခေါင်းပေါင်း၊ ပုဆိုးတောင်ရှည်၊ ရှူးဖိနပ်အနက်နှင့် လက်၌ အလံစိမ်းကြီးကို တလူတူလွှင့်ကာ အင်းဝတံတားကြီးအား မီးရထားဖြင့် ဖြတ်သန်းပြီးနောက် တံတားတစ်ဖက်မဏ္ဍပ်၌ မန္တလေး ကွန်ဗင့် ကျောင်းသူလေးတစ်ဦးက ဘုရင်ခံအား ပန်းစည်းဆက် ကြိုဆိုခဲ့သည်။ ထို့နောက် တံတားဖွင့်ပွဲကို စည်တော်များ ရွှမ်း၍ ခမ်းနားစွာ ကျင်းပခဲ့၏။ ဘုရင်ခံအား ပန်းစည်းဆက်ကြိုဆိုခဲ့သူ ကွန်ဗင့် ကျောင်းသူလေးမှာ နောင်တွင် မိုးဒေဝါမလှရွှေဟု ထင်ရှားကျော်ကြားမည့်သူလေးဖြစ်ခဲ့သည်။ ထိုစဉ်က နာမည်ကျော် သီချင်းရေးဆရာ နန်းတော်ရှေ့ဆရာတင်က "တံတားကြီးဆက်ပြီးပြီ သွားမည့်ခရီးသည်၊ ငှက်သမ္ဗန်ကူးတို့ဆိပ်က အိပ်ရရှာသည်၊ အခုများတလည်၊ မြန်မာလူမျိုးတွေ အလုပ်မရှိလို့ တံတားကြီးကို ကြည့်ကာ ငိုမိသည်၊ ငိုမိပါသည်" သီချင်းရေးစပ်ကာ အလုပ်လက်မဲ့ဖြစ်သွားကြသော ကျေးလက်ငှက်သမ္ဗန်သမားလေးများဘက်မှ စာနာပေးခဲ့သည်။

**စစ်ကိုင်းတံတားကြီးအား မိုင်းခွဲဖျက်ဆီး**

၁၉၄၂ ခုနှစ် ဧပြီ ၃ရက်နေ့တွင် မန္တလေးကို ဂျပန်လေတပ်က အကြီးအကျယ် ဗုံးကြဲပြီးနောက် အင်္ဂလိပ်စစ်တပ်မှ ဗိုလ်ချုပ်ဂျင်နရယ်ဝီလျံစတင်းသည် ၁၉၄၂ ခုနှစ် ဧပြီလ ၃ ရက်နေ့ ည ၁၂ နာရီထိုးရန် တစ်မိနစ်အလိုတွင် စစ်ကိုင်းတံတားကြီးအား မိုင်းခွဲဖျက်ဆီးကာ မြစ်ကြီးနားလမ်းအတိုင်း ဆုတ်သွားခဲသည်။ ထို့ကြောင့် တံတားကုန်းအမှတ်(၇)နှင့် (၈)မှာ မြစ်အတွင်း ကျိုးကျပျက်စီးခဲ့သည်။ လွတ်လပ်ရေးရသော်လည်း ပျက်စီးပြတ်တောက်နေသော အင်းဝတံတားကို ပြင်ဆင်နိုင်ခြင်း မရှိခဲ့ချေ။ စစ်ကိုင်းဆိပ်ကမ်းနှင့် မန္တလေးဘက်မှ အမရပူရ စံရွှေးဆိပ်ကမ်းကို ကူးတို့ဖြင့် ကူးကြရသည်။ မီးရထားတွဲများလည်း ကူးတို့ဖြင့် ကူးကြရ၏။

၁၉၅၃ ခုနစ် မေလတွင် ထိုစဉ်က ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် အင်းဝတံတားကြီး ပြင်ဆင်နိုင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ကြပ်မတ်ကာ မီးရထားဌာန၏ စီမံမှုတွင် မြန်မာအမျိုးသားအလုပ်သမားများ၏ လုံ့လ ဝီရိယဖြင့် အားကြိုးမာန်တက် ပြင်ဆင်မှုကြောင့် ၁၉၅၄ ခုနှစ် အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီ ၃၀မိနစ်တွင် ထိုအချိန်က နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး ကိုယ်တိုင် ဖွင့်လှစ်နိုင်ခဲ့သည်။ ကုန်ကျငွေ ၅၇ သိန်းကျော်သည်ဟု ဆိုသည်။

မီးရထားရော မော်တော်ကားပါ ဖြတ်သန်းနိုင်ခဲ့သော အင်းဝတံတားကြီးမှာ သက်တမ်း ၇၀ ကျော်နေပြီဖြစ်၍ ပိုမိုတိုးတက်များပြားလာမည့် ကူးသန်းသွားလာမှုများအတွက် လက်ရှိ တံတားကြီး၏ ရေဆန်ဘက်ပေ ၂၀၀၀ အကွာတွင် ဧရာဝတီတံတား(ရတနာပုံ)ကို တည်ဆောက်ပြီးခဲ့ပြီ။ ဧရာဝတီတံတား (ရတနာပုံ)မှာ အရှည် ၅၆၁၄ ပေရှိပြီး ပင်မသံပေါင်တံတားမှာ ၃၆၉၄ ပေရှိသည်။ မန္တလေးဘက်ကမ်း သံကူကွန်ကရစ် ချဉ်းကပ်တံတားမှာ ၁၁၄၀ ပေရှိကာ စစ်ကိုင်းဘက်ကမ်း သံကူကွန်ကရစ် ချဉ်းကပ်တံတားမှာ ပေ ၇၈၀ ရှိသည်။ ပင်မတံတားတွင် ၃၆၇ ဒသမ ၅ ပေရှိ အခန်းလေးခန်းနှင့် ၇၃၅ ပေရှိ သံပေါင်ခုံး တံတား အခန်းသုံးခန်းပါရှိ၍ ခန်းပွင့်အကျယ်ဆုံး မြစ်ကူးတံတားကြီးလည်း ဖြစ်သည်။

**သက်တမ်း ၈၄ နှစ် တင်းတင်းပြည့်ပြီ**

မည်သို့ပင် ဆိုစေကာမူ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်က သက်တမ်း ၈၄ နှစ် တင်းတင်းပြည့်ခဲ့ပြီဖြစ်သော မူလ အင်းဝတံတားကြီးသည် သမိုင်းအရ တန်ဖိုးကြီးမားသော တံတားကြီးတစ်စင်းအဖြစ် တည်ရှိခဲ့လေပြီ။ မြန်မာနိုင်ငံသမိုင်း၊ ဒုတိယကမ္ဘာစစ်သမိုင်းတို့တွင် ကမ္ဘာသိထင်ရှားခဲ့သော တံတားကြီးလည်း ဖြစ်ခဲ့သည်။ အထူးသဖြင့် အင်းဝတံတားထိပ်ရှိ သပြေတန်း ခံတပ်သည် ယခုကဲ့သို့သော သံမဏိတံတားကြီးတစ်စင်းကို အင်္ဂလိပ်လူမျိုးတို့ ယခုနေရာ၌ တည်ဆောက်ခွင့်ရရှိခဲ့သည့် အထက်မြန်မာပြည် သိမ်းပိုက်ရေးဗျူဟာကို ခုခံရာတွင် အရေးတကြီး စစ်ရေးဗျူဟာမြောက်နေရာတစ်ခုအနေဖြင့်လည်း အထင်အရှားဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံသည် ကမ္ဘာနှင့် ထိစပ်မှု ပိုမိုအားကောင်း၊ ကမ္ဘာကလည်း မြန်မာကို ပိုမိုစိတ်ဝင်စားသည့် အချိန်တွင် သပြေတန်းခံတပ်၊ အင်းဝတံတား၊ စစ်ကိုင်းသာသနာ့နယ်မြေနှင့် နောက်ဆုံးမင်းနေပြည် မန္တလေးတို့၏ ဆက်စပ်မှုမှာ နိုင်ငံခြားသားသုတေသီများ၊ ခရီးသွားများ စိတ်ဝင်တစားရှိကြမည်မှာ သေချာသည်။ ထို့ပြင် အင်္ဂလိပ်ကအနှစ် ၁၀၀ ကျော် အုပ်စိုးခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း အရှေ့တောင်အာရှ၏စစ်မြေပြင်များတွင် အထင်အရှားရှိခဲ့သော မြန်မာပြည်တွင် အင်္ဂလိပ်တို့ ဖောက်လုပ်ခဲ့သော မီးရထားလမ်းများ၊ မြစ်ကူးတံတားကြီးများနှင့်၊ အင်္ဂလိပ်ခေတ် မီးရထားစက်ခေါင်း၊ မီးရထားတွဲဆိုင်းတို့သည် သမိုင်းကို ပုံဖော်ရာ၌ အဓိက ဇာတ်ကောင်၊ ဇာတ်ပို့များ ဖြစ်ခဲ့ပါ၏။

**၈၄ နှစ် ပြည့် အင်းဝတံတားကြီးဂုဏ်ပုဒ်**

မြန်မာပြည်တွင် ရေနွေးငွေ့အားသုံး မီးရထားစက်ခေါင်းများ၊ အတော်အသင့် ကျန်ရစ်ခဲ့ပါသည်။ အဆိုပါစက်ခေါင်းများကို ပြန်လည်မွမ်းမံ၍ မြန်မာပြည်၏ ရှေးဟောင်းမြို့တော်ဖြစ်သော ပုဂံနှင့် ကျောက်ပန်းတောင်း အကြား နိုင်ငံခြားသား ခရီးစဉ်များအတွက် ပြေးဆွဲရန် ပြင်ဆင်နေသည်ဟု သိရသည်။ အလားတူ သံဖြူဇရပ်ရှိ ဂျပန်ခေတ်က နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် သေမင်းတမန်မီးရထားလမ်းတွင်လည်း ရေနွေးငွေ့စက်ခေါင်းသုံး မီးရထားတစ်စင်းလည်း သရုပ်ပြပြေးဆွဲနေကြောင်း သိရ၏။

အလားတူ သက်တော်ရှည် ကမ္ဘာကျော် အင်းဝတံတားကြီးကို ဖြတ်သန်း၍ မန္တလေးရတနာပုံနေပြည်တော်၊ အမရပူရမြို့တော်ဟောင်း၊ သပြေတန်းခံတပ်၊ အင်းဝတံတား၊ ဇေယျာပူရနေပြည်တော်ဟောင်းနှင့် စစ်ကိုင်းတောင်သာသနာ့နယ်မြေ၊ မီးရထားစက်ရုံ၊ ရွာထောင်ဘူတာတို့ ဆက်စပ်ခရီးစဉ်ကို ရေနွေးငွေ့စက်ခေါင်းသုံး ရှေးဟောင်းတွဲဆိုင်းများဖြင့် ပြေးဆွဲမည့် ခရီးစဉ်တစ်ခုကိုလည်း အကောင်အထည်ဖော်၍ ၈၄ နှစ်ပြည့် အင်းဝတံတားကြီးဂုဏ်ပုဒ်ကို ဖော်ထုတ်ပြသင့်ပေသည်။ ။

# မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၄ ခုနှင့် ကျေးရွာ ၄၆ ရွာ၌ ရေရှားပါးနိုင်

**မကွေး မတ် ၂၅**
တိုင်းဒေသကြီးအတွင်း ရေရှားပါးမှုလျော့ပါးရေးအတွက် ဒေသတွင်း အစိုးရရန်ပုံငွေဘတ်ချက်နှင့် ပြည်ထောင်စု ဘတ်ဂျက်များအသုံးပြု၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့နယ်ပေါင်း ၁၄ မြို့နယ် ကျေးရွာပေါင်း ၄၆ ရွာ၌ ရေရှားပါးနိုင်သည်ဟု စစ်တမ်းကောက်ယူထားကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီး အစိုးရရန်ပုံငွေဘတ်ဂျက် ကျပ်သန်း ၅၀၀ နဲ့ ရေရှားပါးကျေးရွာ ၂၄ ရွာအတွက် ရေတွင်း ၂၄ တွင်း တူးဖော်တဲ့ လုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ ပြည်ထောင်စုဘတ်ဂျက် ၆၉၇ ဒသမ ၈ သန်းနဲ့လည်း တွင်းနက်၊ တွင်းတိမ်၊ မြေသားရေကန်ပြုပြင်ခြင်းစတဲ့ လုပ်ငန်း ၅၀ ဆောင်ရွက်နေပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က မြို့နယ် ၁၂ မြို့နယ်၊ ကျေးရွာပေါင်း ၉၃ ရွာမှာ ရေရှားပါးခဲ့တာကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်တမ်းအရ ရှားပါးမှုလျော့ကျလာတယ်လို့ ဆိုနိုင်ပါတယ်" ဟု မကွေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော် က ပြောသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒေသတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကာ အမှန်တကယ်ရေလိုအပ်သည့် ကျေးရွာများကို ရွေးချယ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ဘတ်ဂျက်ပမာဏအရ ဆောင်ရွက်နေရခြင်းဖြစ်၍ စေတနာရှင်များ၏ ရေနှင့် ရေတွင်း၊ ရေကန်လှူဒါန်းမှုများကလည်း များစွာ အထောက်အပံ့ဖြစ်စေနိုင်ကြောင်း ၎င်းကဆိုသည်။

"စက်ရေတွင်းတစ်တွင်းတူးမယ်ဆိုရင် ဒါ အင်တိုင်းလား၊ မြေပွလား၊ ရွှံ့စေးမြေလား ဒါကိုအလေးအနက်ထားပြီး ဘယ်လိုပစ္စည်းမျိုးသုံးမှာလဲ၊ ဘယ်လောက်ထိတူးမှ ရမှာလဲဆိုတာကို ဒေသခံတွေ၊ စက်ရေတွင်းတူးမယ့် ပညာရှင်တွေ အားလုံးပူးပေါင်းပါဝင်ပြီး လိုအပ်တဲ့ အနက်ပေထိရောက်အောင် တူးပေးဖို့လိုပါတယ်။ ဒေသက စေတနာရှင်တွေရဲ့အကူအညီနဲ့ မနှစ်က ရေဂါလန် ရှစ်သိန်းနဲ့ စက်ရေတွင်း ရှစ်တွင်းလောက်လှူနိုင်ခဲ့ပါတယ်။ အခုနှစ်မှာတော့ စက်ရေတွင်းတွေလှူနေတာ သိန်း ၂၀၀၀ ကျော်ဖိုးရှိပါပြီ။ ခုလက်ရှိ ပေါက်မြို့နယ်ထဲမှာ ရေရှားပါးမှုတွေ ရှိနေလို့ စက်ရေတွင်းတွေတူးနေပါတယ်" ဟု ရေပရဟိတလုပ်ငန်းများဆောင်ရွက်နေသူ ကိုဇော်မင်းထိုက်က ဆိုသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဘတ်ဂျက်များ၊ ယူနီဆက်ဖ်၏လှူဒါန်းမှုများဖြင့် ရေရှားပါးမှုလျော့ပါးရေး ဆောင်ရွက်နေသည့်အပြင် ၂၀၃၀ ပြည့်နှစ်အတွင်း ကျေးရွာအားလုံး ရေရရှိရေးလုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်နေကြောင်း၊ ရေရှားပါးဒေသများသို့လည်း ရေလှူဒါန်းမှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ဖေယျာတု(မကွေး)**



## ပုဂံဒေသသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်ဦး မတ် ၂၅**
ပုဂံ ယဉ်ကျေးမှုနယ်မြေဒေသ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ အမှိုက်ကင်းစင်ရေးတို့အတွက် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် MPT မှ ဝန်ထမ်းများ ပူးပေါင်းပါဝင်သော လူအင်အား ၁၂၀၀ ခန့်တို့သည် သန့်ရှင်းခေတ်မီ ရှေ့သို့ချီ စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှုကို မတ် ၂၄ ရက် နံနက် ၇ နာရီမှစတင်၍ ညောင်ဦးနှင့် ပုဂံမြို့ နေရာအနှံ့ အပြားတွင် ဆောင်ရွက်ခဲ့ကြသည်။

ယင်း စုပေါင်းသန့်ရှင်းရေး လှုပ်ရှားရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ညောင်ဦး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

စုပေါင်းအဖွဲ့များသည် အာနန္ဒာဘုရား အနောက်ဘက်မုခ်ကွင်းပြင်၌ စုရပ်အဖြစ်ဖွဲ့စည်းပြီးနောက် အုပ်စုအလိုက်အဖွဲ့များခွဲကာ ပလတ်စတစ်ကောက်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများကို ဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် မြင်းခြံမှ ညောင်ဦးမြို့အဝင် သာယာဝတီရပ်ကွက်မှ သဘော်ဘဆိပ်အထိ၊ မိုးကုတ်ဝိပဿနာမှ မြို့ပတ်လမ်းအတိုင်း အောင်မြေသာရပ်ကွက်အထိ၊ ပုဂံမြို့တွင် ဗူးဘုရားမှ သရပါတံခါးအထိ၊ အာနန္ဒာဘုရားကြီးပတ်ဝန်းကျင်နှင့် အာနန္ဒာဘုရားမှ ရွှေဆံတော်၊ ဓမ္မရံကြီး၊ စူဠာမဏိဘုရားအထိစသဖြင့် အဖွဲ့များခွဲကာ အမှိုက်ကောက် သန့်ရှင်းရေးလုပ်ငန်းများကို တက်ညီလက်ညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



## ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးတွင် ဓာတ်ပုံပြပွဲကျင်းပ

**ညောင်ဦး မတ် ၂၅**
ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ်သို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Bagan, A Different World ဓာတ်ပုံပြပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး၏ တောင်ဘက်စောင်းတန်းအတွင်း၌ ကျင်းပခဲ့သည်။

တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပ လေ့လာရေးခရီးသွားဧည့်သည်များသည် ခင်းကျင်းပြသထားသော ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်များ အနုပညာမြောက်စွာ ရိုက်ကူးပုံဖော်ထားသည့် ပုဂံဒေသ ရှုခင်းအလှအပများ၊ လူမှုဘဝလှုပ်ရှားမှုများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ ပေါ်လွင်သော ဓာတ်ပုံများကို လေ့လာကြည့်ရှုအားပေးကြသည်။

"ဓာတ်ပုံပြပွဲမှာ ခင်ကျင်းပြသထားတဲ့ဓာတ်ပုံတွေကို ကြိုက်နှစ်သက်တယ်ဆိုရင် မည်သူမဆို ဝယ်ယူ အားပေးနိုင်ပါတယ်။ ဓာတ်ပုံတစ်ပုံကို ငွေကျပ် ၃၅၀၀၀ နဲ့ ရောင်းချပေးသွားဖို့ ဈေးနှုန်းသတ်မှတ်ထားပါတယ်၊ ဓာတ်ပုံတွေ ရောင်းရတဲ့ငွေတွေကို ကျွန်တော်တို့ ပုဂံဒေသကို သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်ပေးနေတဲ့ ပရဟိတလူမှုရေးအသင်းတွေကို လှူဒါန်းသွားမှာဖြစ်ပါတယ်၊ ဒါကြောင့်ဓာတ်ပုံတစ်ပုံ ဝယ်ယူအားပေးတိုင်း ဝယ်ယူတဲ့သူဟာ ပုဂံဒေသ သန့်ရှင်းသာယာရေးအတွက် အလှူငွေကျပ် ၃၅၀၀၀ လှူဒါန်းထည့်ဝင်ပြီးဖြစ်တယ်ဆိုတာလဲသိရှိစေလိုပါတယ်၊ ဖွင့်ပွဲနေ့မှာပဲ ဓာတ်ပုံတွေ ဝယ်ယူအားပေးကြတာတွေ့ရလို့ ဝမ်းသာ ကြည်နူးမိပါတယ်" ဟု ပြပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးနိုင်လင်းထက်က ပြောပြသည်။

ဓာတ်ပုံပြပွဲသို့ မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်က ဓာတ်ပုံပညာရှင် ဝါသနာရှင် ၉၀ ကျော်တို့မှ ပေးပို့သော ဓာတ်ပုံပေါင်း ၂၅၄ ပုံကို ချိတ်ဆွဲပြသထားပြီး ပြပွဲကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ ကျင်းပသည်။ အလားတူဓာတ်ပုံပြပွဲကို မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ပုဂံမြို့ဟောင်းရှိအာနန္ဒာဘုရား ပရိဝုဏ်အတွင်းတွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးမင်း၊ အထက်မြန်မာပြည်ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် ဓာတ်ပုံပညာရှင်ဝါသနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရဲသူရအောင်(ညောင်ဦး)**

## သွားလာရခက်ခဲသော ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ကနီ မတ် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သွားလာရ ခက်ခဲသော မြို့နယ်၏ အစွန်ဆုံးကျေးရွာများဖြစ်ကြသော ဆယ်ရွာချောင်ဒေသ ကျေးရွာအုပ်စုများသို့ ကတ်ပြားပျောက်၊ ပျက်၊ လဲလှယ်ခြင်း၊ မိတ္တူထုတ်ပေးခြင်း၊ အိမ်ထောင်စုဇယားဆောင်ရွက်ခြင်းနှင့် အသက် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် ကျေးရွာများအရောက် မတ် ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် "ကျွန်တော်တို့အဖွဲ့အနေနဲ့ ဒီဆယ်ရွာချောင်ဒေသဟာ မြို့နယ်ရဲ့ အစွန်ဆုံးဒေသဖြစ်သလို မြို့ကိုလာဖို့ အလွန်ခက်ခဲပါတယ်၊ ဒါကြောင့် ယခုလိုပွင့်လင်းရာသီမှာ ဒီဒေသမှ ကျေးရွာအုပ်စုလေးအုပ်စုက ကျေးရွာ ၁၄ ရွာသို့ ဝန်ထမ်းခြောက်ဦးနဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြား အသစ်များ ထုတ်ပေးနိုင်ရေးအတွက် နှစ်ရက်တာ အချက်အလက်ဖြည့်စွက် ဆောင်ရွက်မှုများ ပြုလုပ်ပေးပြီး ကတ်ပြားများ အမြန်ထုတ်ပေးသွားမှာဖြစ်ပါတယ်၊ ဒါ့အပြင် ပျောက်၊ ပျက် လဲလှယ်ခြင်း၊ မိတ္တူနှင့် အိမ်ထောင်စုဇယားမိတ္တူများ ဆောင်ရွက်ပေးခဲ့ရာ အသက် (၁၀) နှစ်ပြည့် ၈၀၊ အသက် (၁၈) နှစ်ပြည့် ၅၇ ဦး၊ ပျောက်၊ ပျက်၊ လဲလှယ်ခြင်း ၁၅၅ ဦးနှင့် အိမ်ထောင်စုဇယား မိတ္တူ ၁၂၀ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စုဇယား ၁၂၀ အနက်မှ အရေးကြီးတဲ့ အိမ်ထောင်စု ခုနစ်စုအား ချက်ချင်း ထုတ်ပေးနိုင်ခဲ့ပါတယ်" ဟု ကနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အေးက ပြောသည်။

အဆိုပါ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယားများ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်အေးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## သောက်သုံးရေဖူလုံစွာရရှိသဖြင့် ကျေးရွာပြည်သူများအတွက် များစွာအဆင်ပြေလျက်ရှိ

**မော်လိုက် မတ် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေဖြင့် တပ်ကုန်းကျေးရွာ ပြည်သူများအတွက် သောက်သုံးရေစက် ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီခွဲက တပ်ကုန်းကျေးရွာ ကုန်းကြီးရပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လိုက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြတ်ယုနှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူတို့က ရေစက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး သောက်သုံးရေ ဖြန့်ဝေပေးမှုများအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။



အဆိုပါ တပ်ကုန်းကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (VDP) စီမံကိန်းထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ကျေးရွာပြည်သူများ၏ လုပ်အား၊ ပစ္စည်းထည့်ဝင် ငွေကျပ် ၇ ဒသမ ၄၅ သန်း စုစုပေါင်းကုန်ကျငွေကျပ် ၁၇ ဒသမ ၄၅ သန်းဖြင့် တပ်ကုန်းကျေးရွာ၊ ကုန်းကြီးရပ်၊ တောင်ကုန်းရပ်နှင့် ဇီးကုန်းရပ်တို့တွင် ရေစင်များ၊ ရေသိုလှောင်အုတ်ရေကန်များ၊ ရေစက်ရုံ၊ အရှည် ၁၄၇၀၃ ပေရှိ ရေပိုက်လိုင်းများနှင့် အများသုံးရေတိုင် ၄၈ တိုင်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခင်က ချင်းတွင်းမြစ်ရေနှင့် ကျေးရွာတွင်းရှိ လက်တူးတွင်း သုံးလေးတွင်းကိုသာ အားထားအသုံးပြုခဲ့ကြရသည့် ကျေးရွာနေပြည်သူများအနေဖြင့် ယခုအခါ သောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ခြင်းကြောင့် တပ်ကုန်း ကျေးရွာသူ၊ သားအားလုံး ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း တပ်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးမင်းထံမှ သိရသည်။

**မော်လိုက်သားလေး**

## ရန်ကုန်–မန္တလေးလမ်းမကြီး လေးလမ်းသွားအဖြစ် အဆင့်မြှင့်ပြီးပါက ကုန်စည်စီးဆင်းမှု ပိုမိုအားကောင်းလာမည်

**ရေတာရှည် မတ် ၂၅**

မြန်မာနိုင်ငံတွင် ကုန်စည်စီးဆင်းမှု အများဆုံးဖြစ်ပြီး အရှည်လျားဆုံး လမ်းမကြီး ဖြစ်သော ရန်ကုန်-မန္တလေး ကားလမ်းအား နှစ်ရှည်လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများက လေးလမ်းသွား နိုင်ငံလွန် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ ထွင်လျက်ရှိရာ ပြီးစီးသွားပါက နေ့စဉ် တိုးတက်များပြားလျက်ရှိသောယာဉ် စီးရေအတွက် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည့်အပြင် ကုန်စည် သယ်ဆောင်ရာ၌လည်း ပိုမိုမြန်ဆန် သွက်လက်လာမည်ဖြစ်ကြောင်း သုံးသပ် ပြောကြားမှုများ ရှိနေသည်။

"လမ်းတွေကျယ်လာတော့ မောင်းနှင်ရတာ ပိုပြီးလွတ်လပ်လာတယ်၊ ယာဉ်ကြီးတွေက အစုန်အဆန် အလယ်လမ်းကြောင်းက မောင်းကြတယ်။ အခြားယာဉ်ငယ်တွေက အပြင်လမ်းဘက်တွေကမောင်းတော့ ယာဉ်အန္တရာယ်လဲ ကင်းဝေးသွားတာပေါ့" ဟု ခရီးဝေးသွားသည့်ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

နေပြည်တော်-ရေတာရှည်-တောင်ငူ လမ်းပိုင်းများတွင် နိုင်ငံတကာအဆင့်မီ နိုင်လွန်ကတ္တရာလမ်းအဖြစ်ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆက်စပ်မြို့နယ်များတွင်လည်း လမ်းပိုင်း များခွဲ၍ထွင်ခြင်း၊ နိုင်လွန်ကတ္တရာ လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်အကုန်ပိုင်းတွင် အားလုံး ပြီးစီးမည်ဟု ခန့်မှန်းရကြောင်း လမ်းပိုင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## သီလရှင်ကျောင်းသို့ အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် မတ် ၂၅**

စေတနာရှင်များနှင့် ရန်ကင်း online ပရဟိတ အသင်းမှအဖွဲ့ဝင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီးရှိ မေတ္တာရောင်ခြည် သီလရှင်စာသင်ကျောင်းသို့ အလှူငွေနှင့် စားသောက်ကုန်များ သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရန်ကင်း online ပရဟိတ အသင်းဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အဖွဲ့ဝင်များသည် ဆန်၊ ဆီ၊ အချိုမှုန့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ငရုပ်သီးအကျက်မှုန့်၊ ငါးပိဘူးကြီး၊ ဘီစကွတ်၊ ပေါင်မုန့်၊ အချိုရည်၊ ကော်ဖီမှုန့်ထုပ်၊ စတီးကော်ဖီခွက်နှင့် လိမ်းဆေးများအပြင် ငွေပဒေသာပင်အဖြစ် ငွေကျပ်ငါးသိန်းကို ကျောင်းထိုင်သီလရှင်ဆရာကြီးထံ ကပ်လှူပူဇော်ကြကြောင်း သိရသည်။

**ညီညီ**



## လူသုံးရေကန်ပတ်လည် သန့်ရှင်းသပ်ရပ်ရေး စက်ယန္တရားဖြင့် ကန်ပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်

**မြောက်ဥက္ကလာ မတ် ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၏ စီစဉ်မှုဖြင့် မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင် ကြီးကြပ်ပြီး ခရိုင် သန့်ရှင်းရေး လုပ်ငန်းကို မတ် ၂၄ ရက် နံနက် ၇ နာရီက '၄'ရပ်ကွက် သဇင်လမ်း မကြီးပေါ်ရှိမြစကားဝါလူသုံးရေကန်၌ ဆောင်ရွက်ကြသည်။

"ဒီရေကန်က အောက်ခံမြေသား မာပြီး ကန်ဧရိယာကျယ်ဝန်းတော့ ရေ များစွာ သိုလှောင်နိုင်သလို ပွင့်လင်း ရာသီမှာ အရေးပေါ်ရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်အောင် စက်အား၊ ဝန်ထမ်းအင်အား ပေါင်းစပ်ပြီး ခရိုင် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရဲ့ စီစဉ်မှုနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်" ဟု လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ပြောသည်။

ထိုလုပ်ငန်းအား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး(စီမံ)ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဝန်ထမ်းများ၊ အင်ဂျင်နီယာဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဝန်ထမ်းများ၊ ခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဧရိယာအတွင်းရှိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး(စီမံ) ဝန်ထမ်းများ၊ စက်ယန္တရားနှင့် '၄' ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်၊ ရုံးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြသည်။

**ထွန်းဝင်း**

## လားရှိုးမန်ဆူရှမ်းကျောင်းတွင် ဒေသခံရင်သွေးငယ် ၁၃၀ ကို ရှမ်းရိုးရာရှင်ပြုအလှူပွဲ ကျင်းပမည်

**လားရှိုး မတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒနှင့် အလှူရှင်တို့ကဒေသခံ ရင်သွေးငယ် ၁၃၀ တို့အား ရှင်ပြုအလှူပွဲ ကျင်းပပေးမည်ဖြစ်သည်။

အဆိုပါ ရှင်အပါး ၁၃၀ ရှင်ပြုအလှူပွဲတွင် မတ် ၃၁ ရက်၌ ရှင်လောင်းများအား ရှမ်းရိုးရာရှင်လောင်းလှည့်ပွဲ ကျင်းပပြီး ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ထပ်မံ၍ ရှင်လောင်းလှည့်၊ ရှင်လောင်းယူ၊ ဆံချသက်နန်းဆီး၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်၍ အလှူငွေများလှူဒါန်းကာ ရေစက်သွန်းချ အမျှအတန်း ပေးဝေသွားမည်ဖြစ်သည်။

ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဧည့်ပရိသတ်များကို နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သီပေါကိုလတ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး ပညာပေးဟောပြော

**ကျောက်တံခါး မတ် ၂၅**

ရထားရဲတပ်ဖွဲ့ အမှတ် (၁၁) တပ်ခွဲ တပ်စု (၂) (ကျောက်တံခါး) တပ်စုမှူး ရဲအုပ်ထွန်းထွန်းဦး ဦးစီးအဖွဲ့သည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာတွင် ရထားနှင့်ယာဉ် တိုက်မိသည့်ဖြစ်စဉ်များ၊ ရထားကြိတ်တိုက်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အသိပညာပေး ဟောပြောမှု ပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ချပြရှင်းလင်းခြင်းများ ဆောင်ရွက်ရာ ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ကျောက်တံခါးဘူတာရုံပိုင်နှင့် ဒေသခံပြည်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## နိုင်ငံတကာအဖွဲ့အစည်းနှင့် ပူးပေါင်း၍ နောက်ဆုံးပေါ် မျက်စိရောဂါ ကုသမှုဆိုင်ရာနည်းပညာသင်တန်းပေး



ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)

**ရန်ကုန် မတ် ၂၅**

မျက်စိရောဂါဆိုင်ရာ ကုသမှုနည်းပညာရပ်များနှင့် နောက်ဆုံးပေါ် နည်းပညာများကို သင်ကြားပေးခြင်းနှင့် ပြန်လည်မျှဝေခြင်းများ ပြုလုပ်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းနှင့် ပူးပေါင်းကာ မျက်စိရောဂါကုဆရာဝန်များအား သင်တန်းများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ International Council of Ophthalmology နှင့် Helen Keller International တို့ ပူးပေါင်းကာ မျက်စိပညာရပ်ဆိုင်ရာ ကုသမှုနည်းပညာများ၊ နောက်ဆုံးပေါ် နည်းပညာရပ်ဆိုင်ရာများတို့အပေါ် ပေးအပ်သည့် Residency Program Directors Course in Ophthalmology Teaching the Teachers Initiative သင်တန်းကို မတ် ၂၂ ရက် နံနက်က ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ ကျင်းပခဲ့ရာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မကွေး စသည့် ဆေးရုံကြီးများမှ မျက်စိအထူးကု ဆရာဝန်များ၊ ဆရာဝန်များ၊ ဆေးတက္ကသိုလ်များမှ ဆရာဝန်များ အသီးသီး တက်ရောက်ခဲ့ကြသည်။

. International Council of Ophthalmology ICO က နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အဓိက အနေနဲ့တော့ သင်ကြားရေး Method တွေကို သင်တန်းပေးတာပေါ့။ Training for Trainer ပေးတာဖြစ်ပါတယ်။ How to teach the method၊ ပေါ့။ နောက်ဆုံးပေါ် နည်းပညာ ရပ်တွေကို မျှဝေသင်ကြားပေးတယ်။ Hellen Keller အနေနဲ့ကလည်း နှစ်ရှည်လများ ထောက်ပံ့ပေးနေတဲ့အဖွဲ့ဖြစ်ပါတယ်။ ICO နဲ့ ပူးပေါင်းပြီးတော့ ဆေးတက္ကသိုလ်တွေမှာရှိတဲ့ ဆရာဝန်တွေကို သင်တန်းပေးအပ်တာဖြစ်ပါတယ်။ ICO နဲ့ ချိတ်ဆက်လုပ်ဆောင်နိုင်တဲ့အခါ ICO အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရလာသလို ဆရာဦးတင်ဝင်းက ICO အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ဒီကနေ နိုင်ငံတကာအဆင့်နည်းပညာတွေ ရလာမယ်။ ဒီပညာရပ်နဲ့ပတ်သက်လို့ ခေတ်နောက်ကျမကျန်ခဲ့ဘဲ ဆွေးနွေးပွဲအကြီးကြီးတွေလည်း လုပ်လာနိုင်မယ်။ သင်တန်းတွေလည်း ဆက်လက်ပေးအပ်နိုင်လာမယ်" ဟု ဒေါက်တာ လှမာယာ (မျက်စိအထူးကုဆရာဝန်ကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊လည်ချောင်း အထူးကုဆေးရုံကြီး၊ နေပြည်တော်)၊ ဆေးရုံအုပ်ကြီးက အဆိုပါ သင်တန်းနှင့် ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

လူ့ခန္ဓာကိုယ်တွင် တစ်ကိုယ်လုံး ကျန်းမာသန်စွမ်းမှုသည် အရေးကြီးသလို မျက်စိရောဂါဝေဒနာသည် အခြေခံ ကျန်းမာရေးတွင် အရေးကြီးဆုံးဖြစ်ကာ အမြင်အာရုံကောင်းမွန်ရန် လိုအပ်သည်ဟု ဆရာမကြီးက ပြောသည်။ လူ့ပြတင်းပေါက်ဖြစ်သည့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုကို အစဉ်မပျက် လေ့လာသွားရမည်ဖြစ်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ မျက်စိပညာကုသမှု၊ စောင့်ရှောက်မှု နည်းပညာများကို လေ့လာသွားရမည်ဖြစ်သလို စနစ်တကျ ဖြန့်ဝေသွားရမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ မျက်စိရောဂါများ အဖြစ်များလျက်ရှိရာတွင် အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ချက် များပြားလာခြင်း စသည်တို့အပြင် အခြားသော ရောဂါဝေဒနာများကြောင့်လည်း မျက်စိအမြင်အာရုံ ဆုံးရှုံးရသည်များရှိခြင်းကြောင့် အခြားသော ဌာနများနှင့်လည်း ချိတ်ဆက် ဆောင်ရွက်ရသည့် အခြေအနေများလည်းရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆုနှင်းလဲ့**

## မှုခင်းအသိပညာ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ကွင်းဆင်းဟောပြော

**ကျောက်ဆည် မတ် ၂၅**



မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဝန်ထမ်းများသည် ပြည်သူများဘဝ အေးချမ်းသာယာ နေထိုင်နိုင်ရေးအတွက် နည်းလမ်းများစွာဖြင့် ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက မြို့မစခန်းမှူး ဒုရဲမှူးမြင့်ဦးနှင့် ရဲတပ်ဝင်များသည် ကျီးပြကျေးရွာအုပ်စုရှိ ပြည်သူများနှင့် ကျေးရွာစာသင်ကျောင်းတွင် တွေ့ဆုံကာ ကျေးရွာများတွင် သင်္ကြန်ကာလ ဖြစ်ပွားတတ်သော မှုခင်းများနှင့် အခြားမှုခင်းများ မဖြစ်ပွားစေရေး ပညာပေးဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ဒုရဲမှူးမြင့်ဦးက ခေတ်ကာလ တိုးတက်လာသည်နှင့် အမျှ ကျေးရွာများတွင် ဆိုင်ကယ်များစွာ ပိုင်ဆိုင်လာကြပြီး ယာဉ်တိုက်မှုများလည်း ဖြစ်ပွားလျက်ရှိရာ ယာဉ်တိုက်မှုများမဖြစ်ပွားစေရေးအတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းကြရန်နှင့် အရက်သေစာ သောက်စားပြီး ဆိုင်ကယ်များ မစီးကြရန် စသည့် ယာဉ်အန္တရာယ်များအကြောင်းကို လည်းကောင်း၊ ကျေးရွာ အများစုသည် တောင်သူလုပ်ငန်း လုပ်နေသူများဖြစ်သောကြောင့် တောလုပ်ငန်းများ သွားရောက်လုပ်ကိုင်ချိန်တွင် မိမိတို့၏ ရင်သွေးငယ်များအား အမှုမဲ့၊ အမှတ်မဲ့ ပစ်မထားကြရန်နှင့် အမျိုးသမီးငယ်များ အနေဖြင့်လည်း ခေတ်မီသည်အထင်ဖြင့် တိုင်းတစ်ပါးဝတ်စုံပုံစံများဖြစ်သည့် မလုံ့တစ်လုံ အဝတ်အစားများ ဝတ်ဆင်ခြင်းမှ ရှောင်ကြဉ် ကြခြင်းဖြင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လည်းကောင်း၊ နွေရာသီတွင် ပူအိုက်သည်ဆိုပြီး နေအိမ်တံခါးများကိုလည်း ညလုံးပေါက်ဖွင့်ပြီး မအိပ်ကျရန်နှင့် အိမ်တံခါးများ ဖွင့်အိပ်မိသည့်အတွက် မလိုလားအပ်သည့် မှုခင်းမျိုးစုံ ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် ပြည်သူများကလည်း မှုခင်းများ ပေါ်ပေါက်လာပါက ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်မောင်**

# ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း

လွင်သွင်ဦး

ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း (Legal Aid) ဆိုသည်မှာ ဥပဒေပြဿနာများ ပေါ်လာသည့်အခါ၊ တရားရုံးများတွင် အမှုရင်ဆိုင်ရသည့်အခါ ရှေ့နေငှားရမ်းရန်၊ ဥပဒေပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးရန်၊ ငွေကြေးမတတ်နိုင်သော ပြည်သူများကိုဥပဒေရေးရာကိစ္စများ အထောက်အကူပြုရန်အတွက် စေတနာ့ဝန်ထမ်း(အခမဲ့)အကူအညီပေးသည့် လုပ်ငန်းဖြစ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် လူတိုင်းသည် တရားဥပဒေရှေ့တွင် ညီတူညီမျှ (Equality before the law) ဖြစ်သည်။ ရှေ့နေငှားရမ်းရန် အခွင့်အရေး (Right to counsel) ရှိရမည်။ တရားစီရင်ရေးတွင် မျှတသောအခွင့်အရေး (Right to a fair trial) ရရှိရမည်ဆိုသည့် အခြေခံသဘောတရားများကို လက်ခံထားပါသည်။ သို့ဖြစ်ပါ၍ တရားမျှတမှုကို ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်သောဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းလိုအပ်လာပါသည်။ Legal Aid လုပ်ရှားမှုများကို ၁၉ ရာစုတွင် ဥရောပနိုင်ငံများမှ စတင်အခြေပြုပြီး ၂၀ ရာစုတွင် ဖွံ့ဖြိုးတိုးတက်လာပါသည်။

## ပညာပေးရန်လိုအပ်

ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းတွင် ပြစ်မှုဆိုင်ရာကိစ္စရပ်များ၊ တရားမဆိုင်ရာကိစ္စရပ်များ ပါဝင်ပါသည်။ ထိုသို့အထောက်အကူပြုရာတွင် ဥပဒေအကြံဉာဏ်ပေးခြင်း၊ အမှုများတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးခြင်းတို့မှာ အခြေခံကျသော အထောက်အကူပြုမှုများဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် Legal Aid ဆိုသည့်အကြောင်းအရာမှာ လွန်ခဲ့သော ၁၀ နှစ်ခန့်က စတင်ရင်းနှီးခဲ့ပါသည်။ ပြည်သူအများမှာ ထိုဘာသာရပ်နှင့် နီးစပ်မှုမရှိသဖြင့် ပြည်သူများအကြား ကျယ်ပြန့်စွာသိရှိနားလည်အောင် ပညာပေးပြီး ဥပဒေအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဤနေရာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း (Legal Aid) နှင့် ဥပဒေရေးရာအပြန်အလှန်အကူအညီပေးခြင်း (Mutual Legal Assistance) တို့ကို ခွဲခြားနားလည်ရန် လိုအပ်ပါသည်။ ဥပဒေရေးရာအပြန်အလှန်အကူအညီပေးခြင်းဆိုသည်မှာ မျက်မှောက်ခေတ်တွင် ပြစ်မှုများ ကျူးလွန်ရာ၌ နိုင်ငံတစ်ခုအတွင်းသာ ကျူးလွန်ခြင်းမဟုတ်ဘဲ တစ်နိုင်ငံထက်ပိုသော နိုင်ငံများ အကြားဆက်စပ်၍ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သည့်မှုခင်း (Transnational Organized Crime) များ ပေါ်ပေါက်လာပါသည်။ ထိုအမှုများတွင် နိုင်ငံတစ်ခုတည်းမှဆောင်ရွက်၍မရဘဲ ဆက်စပ်ကျူးလွန်သော နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာပါသည်။ ထိုမှုခင်းများကို စုံထောက်မှု၊ စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှုပြုရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား လိုအပ်သော အကူအညီများကို အပြန်အလှန်ပေးကြရပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကို ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးခြင်းဟု ဆိုလိုပါသည်။

ဥပဒေဆိုင်ရာ အထောက်အကူပြုခြင်းဆိုသည်မှာ နိုင်ငံတွင်း မှီတင်းနေထိုင်သော ဆင်းရဲနွမ်းပါးသည့် ရှေ့နေငှားရန် မတတ်နိုင်သူများအား စေတနာ့ဝန်ထမ်း ရှေ့နေများကသော်လည်းကောင်း၊ နိုင်ငံတော်ကသော်လည်းကောင်း အကူအညီပေးခြင်း ဖြစ်ပါသည်။

## ဥပဒေရေးရာအထောက်အကူအဖွဲ့

Legal Aid လုပ်ငန်းကို တိုးတက်သောနိုင်ငံများတွင် ပြစ်မှုများတွင်သာမက တရားမမှုများတွင်လည်း အကူအညီပေးကြပါသည်။ ထို့ပြင် ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးပါသည်။ အမှုများတွင် ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ပေးမှုများလည်း ရှိပါသည်။ Legal Aid ၏ အခြေခံသဘောတရားမှာ အခကြေးငွေပေးရန်မလိုဘဲ စေတနာ့ဝန်ထမ်း လုပ်ငန်း (Pro bono publico) ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများအကြားတွင် Legal Aid Law များ ပြဋ္ဌာန်းဆောင်ရွက်ပြီး ဥပဒေရေးရာအထောက်အကူအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ဥပဒေရေးရာ အထောက်အကူပြုမှုအခန်းကဏ္ဍကို လေ့လာပါက ပြစ်မှုများတွင်သာ အထောက်အကူပေးနိုင်ခဲ့ပြီး တရားမမှုများတွင် မပေးနိုင်သေးကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြစ်မှုများတွင် တရားလိုနှင့်တရားခံဟု နှစ်ဖက်ရှိပါသည်။ ရဲအရေးပိုင်သော အမှုများကို နိုင်ငံတော်က တရားလိုပြုလုပ်တရားစွဲဆိုပါသည်။ ထိုအမှုများတွင် ယခင်က အစိုးရရှေ့နေ၊ မျက်မှောက်ခေတ်တွင် ဥပဒေအရာရှိများက နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ပါသည်။ နိုင်ငံတော်က တရားလိုဟု ဆိုသော်လည်း နစ်နာသူများအတွက် လိုက်ပါကူညီပေးခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု၊ ခိုးမှု၊ လိမ်လည်မှု စသည်တို့မှာ နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်သဖြင့် နိုင်ငံတော်က တရားလိုပြုလုပ်စွဲဆိုသော်လည်း အမှန်တကယ်ထိခိုက်နစ်နာသူများရှိပါသည်။ ထိုကြောင့် နစ်နာသူ (တရားလို)များကို နိုင်ငံတော်က ဥပဒေအထောက်အကူပေးပြီး တရားလိုရှေ့နေအဖြစ် အခမဲ့လိုက်ပါပေးခြင်းဖြစ်ပါသည်။ စွပ်စွဲခံရသူ(တရားခံ)များအတွက်မှာမူ သေဒဏ်ထိုက်သင့်သောပြစ်မှုဖြင့် စွဲဆိုခံရသည့် ဆင်းရဲနွမ်းပါးသော တရားခံများအတွက် အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းပေးခြင်းဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးခဲ့ပါသည်။ သို့ရာတွင်အခြားအမှုမှတရားခံများအတွက် အစိုးရစရိတ်ဖြင့် ရှေ့နေငှားပေးနိုင်ခြင်းမရှိသေးပါ။

လွန်ခဲ့သော ၁၀ နှစ်ခန့်ကစ၍ မြန်မာနိုင်ငံတွင် စေတနာ့ဝန်ထမ်း အကူအညီပေးသော ရှေ့နေအသင်းများစတင်ပေါ်ပေါက်ခဲ့ပါသည်။ ထိုအသင်းများမှာ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းမှ အဖွဲ့အစည်းများ စေတနာရှင်များ၏ လှူဒါန်းကူညီပံ့ပိုးမှုဖြင့် ဆင်းရဲနွမ်းပါးသူများအား ဥပဒေဆိုင်ရာအကူအညီများ ပေးခဲ့ကြပါသည်။ Legal Aid ဆိုင်ရာ ပညာပေးမှုများ၊ သင်တန်းများ ပြုလုပ်ခဲ့ကြပါသည်။

## အထောက်အကူပြုစေရန်

ဤသို့ဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပြုမှု၏ အရေးပါပုံကို တရားစီရင်ရေးနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်နားလည်လာပြီး ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် 'ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ' ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေ၏ ရည်ရွယ်ချက်များမှာ ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးများရရှိစေရန်၊ ပြစ်မှုများတွင် ဥပဒေနှင့်အညီခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကိုဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာအထောက်အကူ ရရှိစေရန်၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ သိရှိနားလည်ကျင့်သုံးလာစေရန်၊ ပြစ်မှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊ ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့် ကာလလျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊ အမှုများကို မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်နှင့် မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်တို့ဖြစ်ပါသည်။

အဆိုပါဥပဒေအရ 'ဥပဒေဆိုင်ရာအထောက်အကူ' ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုလိုပါသည်။

ထို့ပြင်ပြစ်ဒဏ်ချမှတ်ခြင်းခံရသော တရားခံနှင့် ပတ်သက်၍အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေ လျှောက်ထားမှုများတွင် လိုအပ်သောဥပဒေဆိုင်ရာ အထောက်အကူပေးခြင်း၊ အချုပ်စခန်း၊ အကျဉ်းထောင်သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် သက်မွေးပညာသင်စခန်းများသို့ အပို့ခံရသူများ ရထိုက်သည့် သက်သာခွင့်အရပ်ရပ်အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းတို့ဖြစ်ပါသည်။

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ လိုအပ်လျှင် စာချွန်တော်အမိန့်လျှောက်ထားရာ၌ အကူအညီပေးရပါမည်။

## အကူအညီ တောင်းခံ

'ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများ' ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှုလိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန် ရောဂါခံစားနေသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကိုလည်းကောင်း၊ ထူးခြားသည့်အကြောင်းအရာတစ်ခုခုကြောင့် အကူအညီ တောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သောသက်သေများကိုလည်းကောင်း ဆိုလိုပါသည်။

## ဥပဒေဆိုင်ရာ အထောက်အကူပေး

အဆိုပါဥပဒေတွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖော်ပြထားရာ၌ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် ထိန်းသိမ်းခြင်းသို့မဟုတ် ဖမ်းဆီးခံရသူနှင့် ပတ်သက်၍ ၎င်း၏ မိသားစုများကို အသိပေးအကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဥပဒေနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပြုနိုင်ရန် ဆောင်ရွက်ခြင်း၊ တရားရုံးတွင် ချုပ်မိန့်တောင်းခံသည့်အခါတွင်ဖြစ်စေ၊ ချုပ်မိန့်ဖြင့်ဆက်လက်ချုပ်နှောင်ခံရသည့် အခါတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း၊ တရားစွဲတင်မည့်ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းက စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ စိစစ်ဆောင်ရွက်ရာတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်း၊ တရားရုံးတွင် စစ်ဆေးဆဲကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းတို့ပါဝင်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါဥပဒေအရ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အသီးသီးကို ဖွဲ့စည်းဆောင်ရွက်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးကိစ္စများကို ဤဥပဒေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် သတ်မှတ်ထားသော ပြစ်မှုများနှင့် ဥပဒေအထောက်အကူ တောင်းခံခွင့်ရှိသူများကိုသာ အကူအညီပေးနိုင်သည့် အနေအထားဖြစ်ပါသည်။ ပြစ်မှုများအားလုံးကို အကူအညီမပေးနိုင်သေးပါ။ ထို့ပြင် တရားမမှုများကိုလည်း အကူအညီမပေးနိုင်သေးပါ။

## အားလုံးပါဝင်မှအောင်မြင်

ကနဦးစတင်အကောင်အထည်ဖော်ခြင်း ဖြစ်သဖြင့် အတွေ့အကြုံ၊ အခက်အခဲများကို ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သော ဥပဒေဆိုင်ရာအထောက်အကူပြုမှုများကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့အသီးသီးသာမက ရှေ့နေများ၊ ဥပဒေပညာရှင်များ၊ ဥပဒေဘာသာရပ်နှင့် သက်ဆိုင်သည့် အတွေ့အကြုံရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးက ပါဝင်ကူညီမှသာ ဥပဒေဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။

ဤဆောင်းပါးကို ဖတ်ရှုရခြင်းအားဖြင့် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း (Legal Aid) ၏ သဘောသဘာဝနှင့် ဗဟုသုတများရရှိစေပြီး အဆိုပါလုပ်ငန်းများတွင်ပါဝင် ဆောင်ရွက်အထောက်အကူပြုနိုင်ရေးအတွက် ရည်ရွယ်ရေးသားလိုက်ရပေသည်။

# ပျဉ်းမနားမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်စက်ပြင် သင်တန်းဆင်း

**ပျဉ်းမနား မတ် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ဖတ်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်စက်ပြင်နည်း သင်တန်းဆင်းပွဲကို မတ် ၂၅ နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စုအလယ်ရွာကျေးရွာ စာကြည့်တိုက်ရုံးအဆောက်အအုံ၌ ကျင်းပသည်။

ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးတင်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး၊ ဝင်ငွေတိုးတက်စေရန်အတွက် ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လာရောက်သင်ကြားပေးခြင်းဖြစ်၍ စိတ်ပါဝင်စားစွာသင်ကြားပြီး သင်ယူရန်လိုအပ်လျက်ရှိသေးသည့် ပညာများကိုလည်း ဆက်လက်သင်ကြား၍ မိသားစုဝင်ငွေတိုးစေရေးအတွက် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းသားများအား ဆိုင်ကယ်ပြင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး၊ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများ၏ ဆိုင်ကယ်ပြုပြင်နေမှုကို ကြည့်ရှုခဲ့သည်။

အဆိုပါ ဆိုင်ကယ်စက်ပြင်နည်း(အခမဲ့) သင်တန်းသို့ အလယ်ရွာကျေးရွာနှင့် အနီးပတ်ဝန်းကျင်း ကျေးရွာများမှ သင်တန်းသား ၂၀ ဦးအား ဆိုင်ကယ်အင်ဂျင်ပြင်နည်း၊ ဆိုင်ကယ်ဝါယာ လိုင်းပြုပြင်နည်းနှင့် ဆိုင်ကယ်ကိုယ်ထည်ပိုင်းဆိုင်ရာ ပြင်နည်းများကို တစ်လကြာ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေအထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

## ဂျနီဖာအန်နစ်စတန်က ညစာဖိတ်ကျွေးတာကို အန်ဂျလီနာဂျိုလီ ငြင်းဆို





ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတွေဖြစ်ကြတဲ့ ဂျနီဖာအန်နစ်စတန်နဲ့ အန်ဂျလီနာဂျိုလီတို့ရဲ့ ဇာတ်လမ်းကိုတော့ ဟောလိဝုဒ်ပရိသတ်တွေက သိပြီးဖြစ်ပါတယ်။ ဘရက်ပစ်နဲ့ ပတ်သက်ပြီး နှစ်ဦးအကြားမှာရှိတဲ့ ဆက်ဆံရေးတွေကို ပြန်လည်ပြေလည်လိုတာကြောင့် ဂျနီဖာအန်နစ်စတန်က အန်ဂျလီနာဂျိုလီကို ညစာနဲ့ ဧည့်ခံဖို့ရာ ဖိတ်ကြားခဲ့ပေမယ့် ငြင်းပယ်ခံခဲ့ရတာဖြစ်ကြောင်း ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်တွေကို ကိုးကားကာ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ အန်ဂျလီနာဂျိုလီဟာ ပြီးခဲ့တဲ့နှစ်အတွက် ဘရက်ပစ်နဲ့ တရားဝင်ကွာရှင်းခဲ့ကြပြီး ဂျနီဖာအန်နစ်စတန်ကလည်း ယခုနှစ်အတွင်း ခင်ပွန်းဖြစ်သူ ဂျက်စတင်သရိုဇ်နဲ့ လမ်းခွဲခဲ့ကြပါတယ်။ လက်ရှိမှာတော့ နှစ်ဦးစလုံးဟာ တစ်ကိုယ်တည်းသမားတွေဖြစ်ကြပြီး ဂျနီဖာအန်နစ်စတန်ကတော့ ဘရက်ပစ်နဲ့ ပတ်သက်ပြီး ဆက်ဆံရေးမပြေလည်ခဲ့တဲ့ အန်ဂျလီနာဂျိုလီနဲ့ ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်လိုနေတာဖြစ်ပါတယ်။

ဂျနီဖာအန်နစ်စတန်နဲ့ လမ်းခွဲကာ ဘရက်ပစ်က အန်ဂျလီနာဂျိုလီနဲ့ လက်တွဲခဲ့တာ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ လက်တွဲခဲ့ကြပြီးနောက်မှာတော့ လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ ဒီသုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းမှာ ပါဝင်ခဲ့ကြတဲ့သူတွေ အားလုံးဟာ လက်ရှိမှာတော့ တစ်ကိုယ်တည်းသမားတွေချည်း ဖြစ်ကြပါတယ်။ မကြာသေးမီက ဘရက်ပစ်နဲ့ ဂျနီဖာအန်နစ်စတန်တို့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်းလည်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ သူတို့နဲ့ ရင်းနှီးတဲ့ မင်းသားကြီး ဂျော့ဂျ်ကလုံနီကြောင့် ပြန်လည်တွေ့ဆုံခဲ့ကြကြောင်းလည်း ဟောလိဝုဒ်မီဒီယာအချို့က ဖော်ပြခဲ့ပါတယ်။

ဒီလိုသတင်းတွေ ပေါ်ထွက်ခဲ့ပြီးနောက်မှာတော့ အန်ဂျလီနာဂျိုလီဟာ ဂျနီဖာအန်နစ်စတန်အပေါ် မနာလိုဖြစ်မိကြောင်းနဲ့ ဂျနီဖာအန်နစ်စတန်ကို ဘရက်ပစ်နဲ့ပတ်သက်ပြီး တောင်းပန်စရာမလိုကြောင်း ယူဆတာကြောင့် ဂျနီဖာအန်နစ်စတန် ဖိတ်ကြားတဲ့ ညစာစားပွဲကို ငြင်းဆိုခဲ့တာဖြစ်တယ်လို့လည်း ဖော်ပြထားတာ တွေ့ရပါတယ်။

## ဝေဖန်မှုတွေကို တိတ်ဆိတ်စေခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်




အား ပြည့် ရေး သား သည်


ပေ့ါ်ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်က လတ်တလောမှာတော့ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ဩစတြေးလျခရီးစဉ်က သူ့ရဲ့ ပုံရိပ်တွေကို ထုတ်ဖော်ပြသလာပါတယ်။ ဆယ်လီနာဂိုမက်ဇ်ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ထုတ်ဖော်ပြသလာတဲ့ ဗီဒီယိုဖိုင်မှာတော့ ပေ့ါ်ပ်ကြယ်ပွင့်ဟာ ရေကူးဝတ်စုံဝတ်ထားကာ သူ့ရဲ့ကျောက်ကပ်ခွဲစိတ်ကုသမှုခံယူထားရာမှ ရရှိလာတဲ့အမာရွတ်ကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသလာပါတယ်။ ယင်းပုံရိပ်တွေကို တွေ့မြင်ခဲ့ရာမှာတော့ ပရိသတ်တွေက အမာရွတ်ထက် ဆယ်လီနာဂိုမက်ဇ်အနေနဲ့ အတော်လေးဝလာတာကိုသာ သတိထားမိခဲ့ပါတယ်။ ဒါကြောင့် ဆယ်လီနာဂိုမက်ဇ်ကို ဝလွန်းနေပြီဖြစ်ကြောင်း ဝေဖန်ရေးသားမှုတွေကို ပြန်လည်တုံ့ပြန်ခဲ့ရာမှာတော့ အားလုံးသောဝေဖန်သူတွေကို တိတ်ဆိတ်သွားစေခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်က လက်ရှိမှာတော့ သူဟာ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်တော့မှာဖြစ်ကြောင်း ဆစ်ဒနီမှာ သူငယ်ချင်းတွေနဲ့အတူ အလည်အပတ်ထွက်နေတဲ့ ဗီဒီယိုဖိုင်ကိုဖော်ပြရင်း ပြန်လည်တုံ့ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်က သူဟာ အခြားသူတွေရဲ့ ထင်မြင်ချက်တွေကို ဂရုစိုက်မှာမဟုတ်ကြောင်း ပြောကြားခဲ့တာကြောင့် ဝေဖန်သူတွေလည်း ရပ်တန့်သွားခဲ့ရတာဖြစ်ပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တက္ကဆက်ကို တစ်ကိုယ်တည်းခရီးနှင်ခဲ့ကာ သူ့ရဲ့အချိန်တွေကို ကိုယ့်အတွက်သာ ကုန်ဆုံးစေတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ချစ်သူတွေအဖြစ် တစ်ကျော့ပြန်လက်တွဲခဲ့တဲ့ ပေ့ါ်ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့လည်း လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့ပြီး လတ်တလောမှာတော့ သူတို့နှစ်ဦးကို အတူတွဲကာ မတွေ့ရပါဘူး။ ဆယ်လီနာဂိုမက်ဇ်ကတော့ ပြီးခဲ့တဲ့ အားလပ်ရက်တွေအတွင်းမှာလည်း တစ်ကိုယ်တည်းဖြစ်နေခဲ့တာကြောင့် သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဆိုတာ ဖြစ်နိုင်ကြောင်းလည်း မီဒီယာတွေက ဝေဖန်ရေးသားခဲ့ကြပါတယ်။

ဒီလိုလမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာချိန်မှာပင် ဂျက်စတင်ဘီဘာဟာ အခြားသောမိန်းကလေးတစ်ဦးနဲ့ အတူတွဲကာ ဖျော်ဖြေပွဲကြည့်ခဲ့တာကြောင့် ချစ်သူသစ်ရနေပြီဖြစ်ကြောင်း သတင်းတွေပါ ပေါ်ထွက်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ အင်္ဂါနေ့မှာတော့ ဂျက်စတင်ဘီဘာဟာ မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘက်စကင်ချန်ပီယံနဲ့ အတူတွဲကာ တေးသံရှင် ခရက်ဂ်ဒေးဗစ်ရဲ့ တေးဂီတဖျော်ဖြေပွဲကို အတူကြည့်ရှုအားပေးခဲ့ကြပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ ဂျက်စတင်ဘီဘာရဲ့ နေအိမ်မှ ဘက်စကင်ချန်ပီယံဟာ ပေ့ါ်ပ်ကြယ်ပွင့်ရဲ့ အင်္ကျီကို ဝတ်ဆင်ကာ ပြန်လည်ထွက်ခွာသွားတာကို တွေ့ရကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

## ဂျေဇီးနဲ့ ဘီယွန်းစေးက ကန်းရီဝက်စ်ထ်နဲ့ ကမ်ကာဒါးရှီးရန်းကို တုပသတဲ့လား



ဇနီးမောင်နှံနှစ်ဦးတွဲဖက်ကာ နယ်လှည့်ဖျော်ဖြေပွဲပြုလုပ်သွားမှာဖြစ်ကြောင်း မကြာသေးမီကမှ ထုတ်ဖော်ပြောကြားလာတဲ့ ဂီတကြယ်ပွင့်စုံတွဲဖြစ်တဲ့ ဂျေဇီးနဲ့ ဘီယွန်းစေးတို့ ထုတ်ဖော်ပြသလာတဲ့ ပရိုမိုးရှင်းဓာတ်ပုံကြောင့် အချို့သောပရိသတ်တွေက သူတို့နှစ်ဦးဟာ အခြားသောဟောလိဝုဒ်နာမည်ကျော်စုံတွဲ ကန်းရီဝက်စ်ထ်နဲ့ ကမ်ကာဒါးရှီးရန်းတို့ကို တုပထားကြောင်း နှိုင်းယှဉ်ပြောကြားခဲ့ကြတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၂ ရက်မှာတော့ ဘီယွန်းစေးက ခင်ပွန်းဖြစ်သူ ရက်ပ်တေးသံရှင် ဂျေဇီးတို့နဲ့ အတူပြုလုပ်သွားဖို့ရာ စီစဉ်ထားတဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေအတွက် ပရိုမိုးရှင်းဓာတ်ပုံကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံမှာတော့ ဘီယွန်းစေးဟာ ဂျေဇီးရဲ့ဆိုင်ကယ်နောက်မှာ ထိုင်နေတာကို တွေ့ရပါတယ်။ ဒီလိုရိုက်ကူးခဲ့တာကြောင့် အဆိုပါမောင်နှံဟာ ကန်းရီဝက်စ်ထ်နဲ့ ကမ်ကာဒါးရှီးရန်းတို့ ဇနီးမောင်နှံတွဲဖက်သရုပ်ဆောင်ထားတဲ့ “Bound 2”တေးဗီဒီယိုက ဟန်ပန်ကို အတုခိုးခဲ့တာဖြစ်ကြောင်း စွပ်စွဲဝေဖန်ခဲ့ကြပါတယ်။

ဒါ့အပြင် ယင်းဖျော်ဖြေပွဲအတွက် တေးဗီဒီယိုရိုက်ကူးနေတဲ့ ပုံရိပ်တွေကိုလည်း ဘီယွန်းစေးက သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီအခါမှာလည်း ပရိသတ်တွေက ဘီယွန်းစေးတို့မောင်နှံဟာ “Bound 2”ရဲ့ ကျေးလက်ဆန်တဲ့ ရိုက်ကူးမှုတွေကို ကူးယူထားကြောင်း ဝေဖန်သံတွေ ထပ်မံပေါ်ထွက်လာခဲ့ပါတယ်။

ဂျေဇီးနဲ့ ဘီယွန်းစေးတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာလည်း မောင်နှံအတူ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်ခဲ့ပြီးဖြစ်ကာ စုံတွဲပြုလုပ်ခဲ့တဲ့ ပထမဆုံးသော နယ်လှည့်ဖျော်ဖြေပွဲကိုတော့ “On The Run”လို့ အမည်ပေးခဲ့ပါတယ်။ လတ်တလောထုတ်ဖော်ပြောကြားလာတဲ့ နယ်လှည့်ဖျော်ဖြေပွဲကတော့ ဂီတကြယ်ပွင့်မောင်နှံအတွက် ဒုတိယအကြိမ်မြောက် ပြုလုပ်တဲ့ပွဲ ဖြစ်လာမှာပါ။ ယင်းပွဲကိုတော့ “On the Run II”လို့ အမည်ပေးထားပြီး လာမယ့် ဇွန် ၆ ရက်မှာ စတင်သွားမှာဖြစ်ပါတယ်။






## ဘက်စကင်ချန်ပီယံနဲ့သာ အချိန်တွေကုန်နေတဲ့ ဂျက်စတင်ဘီဘာ

ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာတော့ တစ်ချိန်က နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ ပြန်လည်လက်တွဲခဲ့ကြပါတယ်။ ဒီလိုတစ်ကျော့ပြန်အချစ်ခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ ယခုလအတွင်းမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာသလို နှစ်ဦးသားတွဲဖက်ကာ မတွေ့ရဘဲ သီးခြားတစ်နေရာစီ ရှိနေခဲ့ကြပါတယ်။ ဒါ့အပြင် လတ်တလောမှာတော့ ဂျက်စတင်ဘီဘာကို မော်ဒယ်လ်တစ်ဦးနဲ့တွဲကာ တွေ့လာရပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ဇာတ်လမ်းတွေဖြစ်နေကြောင်း သတင်းတွေထွက်လာသူကတော့ မော်ဒယ်လ် ဘက်စကင်ချန်ပီယံဖြစ်ပါတယ်။ သူတို့နှစ်ဦးကို တေးဂီတဖျော်ဖြေပွဲမှာ အတူကြည့်ရှုအားပေးခဲ့ကြတာကို တွေ့ခဲ့ရပြီးနောက် သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ ဘက်စကင်ချန်ပီယံကို ဂျက်စတင်ဘီဘာရဲ့ နေအိမ်ကနေ ပြန်လည်ထွက်ခွာလာတာကို တွေ့ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ဒီလိုအချိန်မှာ ဆယ်လီနာဂိုမက်ဇ်ကတော့ အလည်အပတ်ထွက်နေပြီး ဂျက်စတင်ရဲ့အဝေးမှာ ရှိနေတာဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်နဲ့ယှဉ်ရင် ဂျက်စတင်ဘီဘာဟာ ဘက်စကင်ချန်ပီယံနဲ့သာ အချိန်တွေ ပိုမိုကုန်ဆုံးနေတာ တွေ့ရပါတယ်။ ဒီလိုတွေ့ဆုံမှုတွေအပေါ် အချို့သောပရိသတ်တွေကတော့ ဂျက်စတင်ဘီဘာနဲ့ ဘက်စကင်ချန်ပီယံတို့ဟာ သူငယ်ချင်းတွေအဖြစ်သာ တွေ့ဆုံတာဖြစ်ကြောင်း ဝေဖန်ခဲ့ကြပေမယ့် အချို့ကတော့ ဆယ်လီနာနဲ့ ဂျက်စတင်တို့ရဲ့ဇာတ်လမ်းအဆုံးသတ်သွားတာကို သက်သေပြနေတာဖြစ်တယ်လို့ ဆိုပါတယ်။ ကာယကံရှင်တွေကတော့ တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်းမရှိဘဲ တိတ်ဆိတ်လို့သာ နေပါတယ်။



## မြစ်ကြီးနား မြို့တွင်းလမ်းများဆောင်ရွက်နေမှုနှင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှု ပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှု

**မြစ်ကြီးနား မတ် ၂၅**
မြစ်ကြီးနားမြို့တွင်းလမ်းများ တိုးချဲ့ဆောင်ရွက်နေမှုနှင့် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းတွင် ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုအား မတ် ၂၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ရှိ အခြေခံပညာမူလ တန်းကျောင်းနှင့် လီဆူဘုရားကျောင်းကြားရှိ ကျေးလက်လမ်းဦးစီးဌာနရုံး ဆောက်လုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ပြုလုပ်သည့် ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ကြက်ပေါင်ခြံရပ်ကွက်ရှိ မြို့ပတ်လမ်းဆောင်ရွက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ခေမာသီရိရပ်ကွက်ရှိ ဈေးကြီးလမ်း၊ လမ်းကူးတံတားဆောက်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ အေးစေတီရပ်ကွက်ရှိ ပညာရေးရိပ်သာလမ်းနှင့် ကြက်ခြေနီလမ်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**

## မိတ္ထီလာစာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ လေ့လာဝယ်သူများဖြင့်စည်ကား

**မိတ္ထီလာ မတ် ၂၅**
မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၂၃ ရက်မှ မတ် ၂၅ ရက်အထိ ကျင်းပလျက်ရှိပြီး ယနေ့တွင် တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ လာရောက်လေ့လာဝယ်ယူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

"မိတ္ထီလာဒေသမှာရှိတဲ့ စာပေဝါသနာရှင်တွေ၊ စာအုပ်စာစောင် စုဆောင်းလေ့လာလိုသူတွေအနေနဲ့ တစ်နေရာတည်းမှာ စာအုပ်စာစောင်တွေကို လေ့လာဝယ်ယူနိုင်အောင် အခုလို စာအုပ်စာစောင်ပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်။ နောက်ပြီး လူငယ်လူကြီးတွေ အနေနဲ့လည်း စာအုပ်စာပေတွေကို ပိုမိုလေ့လာဖတ်ရှုလိုစိတ်ဖြစ်လာစေဖို့ စာဖတ်ရှိန်မြှင့်တင်ရေး အနေနဲ့ ရည်ရွယ်တာလည်းဖြစ်ပါတယ်" ဟု ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ငုချိုချိုကျော်က ပြောသည်။

အဆိုပါ စာအုပ်စာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နန်းတော်ဝင် စာပေတိုက်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ စာအုပ်အရောင်းဆိုင်ပေါင်း ၂၀ ကျော် မှ ပုံပြင်၊ ကာတွန်း၊ ရုပ်ပြ၊ ဝတ္ထု၊ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ တက်ကျမ်းများ၊ နိုင်ငံရေး၊ လူမှုရေး၊ နည်းပညာ စသည့် သုတရသစာအုပ်စာပေများကို မတ် ၂၅ ရက်က တတိယနေ့အဖြစ် ဆက်လက်ပြသရောင်းချရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားခဲ့သည်။

ယင်းစာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် မန္တလေးမြို့ အာလာဒင်မျက်လှည့်အဖွဲ့မှ မျက်လှည့်ပညာရပ်များဖြင့် ဖျော်ဖြေပြသခြင်း၊ လူငယ်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပခြင်း၊ ကမ်းလက်များမိသားစုပရဟိတအဖွဲ့မှ ရွေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်စာပေများ လာရောက်ပြသ ငှားရမ်းဖတ်ရှုခွင့်ပေးခြင်းများကို ထည့်သွင်းဆောင်ရွက်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းငွေ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ ၊ဒေသခံစာပေဝါသနာရှင်များ လေ့လာကြည့်ရှု အားပေးဝယ်ယူကြကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



## ရေကစားသူများအန္တရာယ်မဖြစ်ပွားစေရေး တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီပေးသွားမည်

**မုံရွာ မတ် ၂၅**
သင်္ကြန်ကာလအတွင်း မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဘေး သဲသောင်ပြင်ရှိ Wet Zone တွင် ရေကစားကြမည့် ပြည်သူများ ရေနှင့်ပတ်သက်သည့် အန္တရာယ်မဖြစ်ပွားစေရေးအတွက် လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

"အခုအခြေအနေမှာတော့ မြစ်ရေအနက်တိုင်းတာတယ်၊ ရေကစားတဲ့သူတွေ အန္တရာယ်မဖြစ်စေဖို့အတွက် ရေအနက်များတဲ့နေရာတွေကို သတိပေးအလံတိုင်တွေ စိုက်ထူပေးထားတယ်၊ နောက်ပြီး ရေကစားဖို့ သတ်မှတ် ပေးထားတဲ့ဧရိယာကို ဘောကွင်းတွေနဲ့ချထားတယ်၊ အဲဒီ ပြင်ပထွက်ပြီးတော့ ရေမကစားဖို့လိုပါတယ်၊ နောက်ပြီး မြစ်အတွင်းမှာ တွဲသင်္ဘောကြီးချထားမယ်၊ အဲဒီဘေးမှာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်တွေက စပိဘုတ်တွေနဲ့ အသင့်စောင့်နေမှာပါ၊ မြစ်အတွင်းမှာ ရေကစားကြမှာဆိုတော့ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားတဲ့ကြေညာချက်တွေလိုက်နာဖို့နဲ့ တားမြစ်နယ်မြေတွေကိုသွားပြီး ရေကစားခြင်း မပြုကြဖို့အတွက်ကို အထူးဂရုပြုလိုက်နာကြမယ်ဆိုရင်တော့ ဘာအန္တရာယ်မှ မဖြစ်နိုင်ဘူးဆိုတာကို ပြောချင်ပါတယ်၊ အခု အခြေအနေမှာတော့ ပြင်ဆင်ရေးလုပ်ငန်းတွေဖြစ်တဲ့ ရေအနက်တွေ လိုက်တိုင်းနေတယ်၊ သတိပေးအလံတွေ စိုက်ထူ နေတယ်၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေကို စုဖွဲ့လေ့ကျင့်မှုတွေလုပ်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဘေး သဲသောင်ပြင်တွင် ချင်းတွင်းသင်္ကြန်ကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ချင်းတွင်းမြစ်အတွင်း ရေကစားကြမည့် ပြည်သူများ မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရှာဖွေ ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**



## ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ထူးချွန်ကျောင်းသားများအား ပညာသင်ဆုချီးမြှင့်

**နေပြည်တော် မတ် ၂၅**
ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ကြို၊ ဘွဲ့လွန်ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား ယုံရှင်းဟွာပညာသင်ဆု ပေးပွဲအခမ်းအနားကို မတ် ၂၂ ရက်မွန်းလွဲ ၂ နာရီက နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က "ယူနန်စိုက်ပျိုးရေး တက္ကသိုလ်နဲ့ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တို့ MoU လက်မှတ်ရေးထိုးပြီးတဲ့နောက် ယုံရှင်းဟွာဂရု(ပ်)က မြေဩဇာသုတေသနပူးပေါင်း လုပ်ဆောင်ဖို့ ဆန္ဒပြုခဲ့ပြီး ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသားတွေကိုလည်း ပညာသင်ဆုပေးဖို့ ကမ်းလှမ်းခဲ့ပါတယ်။သူတို့က ဘွဲ့လွန်ကျောင်းသားတွေကို မြေဩဇာနဲ့ ပတ်သက်တာတွေကို သုတေသနလုပ်စေချင်တယ်။ ကျွန်တော်တို့ နိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ တောင်သူတွေ နစ်နာခံစားနေရတဲ့ မြေဩဇာအတုပြဿနာ၊ အရည်သွေးမမီတဲ့ မြေဩဇာတွေကို ဈေးကြီးပေးသုံးစွဲမိတာတွေအတွက် ကူညီပေးဖို့လည်း ရည်ရွယ်ပါတယ်" ဟု ပြောသည်။

၂၀၁၈ ခုနှစ် ရေဆင်းတက္ကသိုလ်တွင် ပညာသင်ကြားနေသော ထူးချွန်ဘွဲ့ကြို ကျောင်းသား ကျောင်းသူ ၂၀၊ မဟာသိပ္ပံ ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ ပါရဂူကျောင်းသား ကျောင်းသူ သုံးဦး စုစုပေါင်း ၂၉ ဦးအား ဆုတံဆိပ်များနှင့် ဒေါ်လာ ၂၉၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်စုစုလှိုင်**



## မြောက်ယမားရေလှောင်တမံ မူလမြောင်းမကြီး အဆင့်မြှင့်တင်

**ပုလဲ မတ် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပိတောက်ကုန်းကျေးရွာအုပ်စု ကြာစီကျေးရွာ၌ ဦးဆန်းမြင့်အောင်-ဒေါ်မိုးမိုးမြင့်အောင် မိသားစုက ငွေကျပ် သိန်း ၄၀၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသည့် အလျား ၃၂ ပေ၊အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အမျိုးအစား ကျေးလက်ကျန်းမာရေးအထောက်အကူပြု ဆေးပေးခန်းအဆောက်အအုံနှင့် မြေနေရာလွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီးဦးမြင့်ကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်တို့သည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနတာဝန်ရှိသူများနှင့်အတူ ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာတိုက်နယ်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်း၊ မြောက်ယမား ရေလှောင်တမံ မူလမြောင်းမကြီး ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းနှင့် ပုလဲမြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်တိုးချဲ့လူနာဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ပုလဲမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ကော့သောင်းမြို့တွင် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



**ကော့သောင်း မတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် သီရိမင်္ဂလာ(၃) မိုင်ကွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာနှင့် ထိုင်းရိုးရာ ယဉ်ကျေးမှုအကများ၊ ထားဝယ်ရိုးရာအက၊ ဆလုံရိုးရာအကများဖြင့် သီဆိုကပြဧည့်ခံဖျော်ဖြေကြပြီး ဧည့်သည်တော်များက ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများနှင့်သက်ဆိုင်ရာပြခန်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြခန်း၊ တိုင်းဒေသကြီး MIC ပြခန်း ၊ ဆလုံရိုးရာယဉ်ကျေးမှုပြခန်း၊ ထိုင်းခရီးသွားကုမ္ပဏီပြခန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များပြခန်း၊ ထားဝယ်၊ မြိတ်ခရိုင်ဒေသပြခန်း၊ သစ်တောနှင့် ပုလဲမွေးမြူရေးပြခန်း၊ ဒေသတွင်း နိုင်ငံတကာအဆင့်မီအပန်းဖြေကျွန်းပြခန်းများ၊ ဒေသတွင်း အခြားစီးပွားရေးလုပ်ငန်းရှင်များပြခန်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်အခြားပြခန်းများ၊ ဒေသထွက်ကုန် အစားအစာ၊ အဝတ်အထည်နှင့် ဒေသ ရိုးရာယဉ်ကျေးမှုပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ကော့သောင်းဒေသ ပတ်ဝန်းကျင်ပင်လယ်အတွင်းရှိ သာယာလှပသည့်ကျွန်းများသို့ လေ့လာရေးအလည်အပတ်ခရီးစဉ်အဖြစ် ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ သံတမန်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ဧည့်သည်တော်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံမှ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကျော်စိုး (ကော့သောင်း)**

## လူထုဗဟိုပြုစီမံကိန်းမှ လုပ်ငန်းခွဲများ အတည်ပြုဆောင်ရွက်နိုင်ရေးဆွေးနွေး

**မိုးညို မတ် ၂၅**

မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်း တတိယစက်ဝန်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကျေးရွာများမှ အုပ်စုအလိုက် ရွေးချယ်တင်ပြလာသော စီမံကိန်းလုပ်ငန်း(ခွဲ)များအား မြို့နယ်စီမံကိန်းဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီသို့ တင်ပြဆွေးနွေးပွဲကို မတ် ၂၄ ရက်က မြို့နယ်ကျေးလက်ဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယခု ပြုလုပ်သည့် (TPIC)အစည်းအဝေးသည် စီမံကိန်းတတိယနှစ် စက်ဝန်းအတွင်း ငါးကြိမ်မြောက် ပြုလုပ်သည့်အစည်းအဝေးဖြစ်ပြီး ယခုအကြိမ်တွင် ကျေးရွာအုပ်စု လေးအုပ်စု ကျေးရွာ ၁၉ ရွာတွင် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၉ ခုအား အတည်ပြုဆောင်ရွက်နိုင်ရေး မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) သို့ တင်ပြကာ ဆောင်ရွက်ခွင့်တောင်းခံထားကြောင်း မြို့နယ်နည်းပညာအကြံပေးအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆောင်သော မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**သူရိန်ထွန်း(ပဲခူး)**

## (၇၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟသ်ာတ မတ် ၂၅**

(၇၃) နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ စုပေါင်းပြီး မတ် ၂၄ ရက် နံနက်ပိုင်းက မြို့သူကြီးစေတီတော်မြတ်ကြီးတွင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝင်းမြင့်၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကံမြင့်နှင့် ဟသ်ာတမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ညီ ဦးစီးသော အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်သင်တန်း (၁/၂၀၁၈)မှ သင်တန်းသား သင်တန်းသူများ စုစုပေါင်းအင်အား ၁၀၀ ခန့်တို့က ဘုရားဝင်းအတွင်း၌ ပေါက်ရောက်နေသော ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များကောက်ယူစွန့်ပစ်ခြင်းတို့ဖြင့် အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**လှိုင်ကော် မတ် ၂၅**

၂၀၁၈ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ကိုယ်စား) ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝမ်းက အဖွင့်အမှာစကားပြောကြားသည်။

တီဘီရောဂါပိုးကို ၁၈၈၂ ခုနှစ် မတ် ၂၄ ရက်တွင် ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့(ခ်)က ပထမဆုံး စတင်တွေ့ရှိခဲ့ကြောင်း၊ ၎င်းကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၄ ရက်ကို ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ၁၉၉၆ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာ ကျင်းပလာရာ ယနေ့ဆိုလျှင် (၂၃) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ တီဘီရောဂါသည် ကမ္ဘာပေါ်တွင် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်တည်ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံမှာ တီဘီပိုးကူးစက်ခံထားရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၆ ခုနှစ် ခန့်မှန်းချက်အရ တီဘီလူနာ ၁၀ ဒသမ ၄ သန်းခန့် ဖြစ်ပွားပြီး ၁ ဒသမ ၈ သန်းခန့် သေဆုံးနေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တီဘီ၊ တီဘီ/အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါး တီဘီရောဂါများသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း တီဘီလူနာများ ထပ်မံတိုးချဲ့ရှာဖွေခြင်း၊ တီဘီ/အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါ ရှာဖွေကုသရေးစီမံချက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းသုံးရပ်ကို အဓိက ဦးစားပေးစီမံချက်ချပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**



## ကရင်ပြည်နယ်အတွင်း တီဘီဝေဒနာရှင် ၂၂၇ ဦးခန့် ရှာဖွေတွေ့ရှိ

**ဘားအံ မတ် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် 'တီဘီကင်းစင်ကမ္ဘာသို့ ခေါင်းဆောင်ကောင်းတွေ ရှေ့ဆောင်လို့ သမိုင်းမှတ်တမ်းတင်ကြစို့' ဆောင်ပုဒ်ဖြင့် တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စိန်စိန်က တီဘီရောဂါတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားကာ တီဘီရောဂါတိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဆန်းလှဖြူက တီဘီရောဂါအကြောင်း သိကောင်းစရာနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

တီဘီရောဂါ တိုက်ဖျက်ရေးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်၊ရပ်ကွက်၊ ကျေးရွာများအထိ ရွေ့လျားတီဘီနယ်လှည့်အဖွဲ့များဖြင့် ကွင်းဆင်း၍ ဝေဒနာရှင်များအား ရှာဖွေကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောပွဲများကျင်းပ၍ တားဆီးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး တီဘီတိုက်ဖျက်ရေးဌာနသို့ လာရောက်ကုသသည့် လူဦးရေမှာနည်းပါးနေသေးကြောင်း ကွင်းဆင်းရှာဖွေရာတွင်လည်း ဝေးလံခက်ခဲသည့် နေရာဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ရန်အသိပေးညှိနှိုင်းရန်အခက်အခဲများရှိနေကြောင်း၊ ရှာဖွေတွေ့ရှိ၍ ဆေးကုသရာတွင်လည်း ဆေးမှန်မှန်သောက်ရန်လိုကြောင်း၊ ဆေးသောက်မမှန်၍ ဆေးယဉ်ပါးတီဘီဖြစ်ပွားလာပါက လ ၂၀ ခန့် ကုသရပြီး ဆေးသောက်ကာလ ပိုကြာလာသည့်အပြင် ဆေး၏ဘေးထွက်ဆိုးကျိုးများသည် ရိုးရိုးဆေးတိုး တီဘီဆေးထက်ပိုမိုပြင်းထန်ကြောင်း၊ ဝေးလံခက်ခဲသည့်ဒေသများတွင် ဆေးယဉ်ပါးတီဘီအား စစ်ဆေးရန်ခက်ခဲကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ တီဘီဝန်ထမ်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ကရင်ပြည်နယ်အတွင်းမှာ ဆေးတိုးတီဘီအနေနဲ့ကတော့ ၂၀၁၇ ခုနှစ်အတွင်း လူတစ်သိန်းမှာ တီဘီရောဂါဝေဒနာရှင် ၂၂၇ ဦးခန့် ရှာဖွေတွေ့ရှိထားပါတယ်။ ဆေးယဉ်ပါးတီဘီကတော့ တိုးပြီးတော့များပြားလာပါတယ်။ ကုသပြီးအောင်မြင် သွားတဲ့လူတွေလည်းရှိပါတယ်။ လက်ရှိအနေနဲ့ ၅၀ ကျော်လောက် ရှာဖွေကုသအောင်မြင်ထားပါတယ်၊ တီဘီရောဂါဟာ ဆေးသောက်ရင်ပျောက်ကင်းတဲ့ရောဂါဖြစ်တယ်၊ တိတိကျကျနဲ့ ခြောက်လဆို ခြောက်လ၊ ရှစ်လဆိုရှစ်လ အချိန်တိတိကျကျ၊ ဆေးကိုတိတိကျကျနဲ့ ညွှန်ကြားတဲ့လအထိ မှန်မှန်ကန်ကန် သောက်ပေးခြင်းအားဖြင့်လည်း အခြားသူတွေ မကူးစက်အောင် ကာကွယ်ရာရောက်ပါတယ်။ တကယ်လို့ချောင်းဆိုးတာ နှစ်ပတ်ကျော်ရင် သံသယရှိပါတယ်။ ကျွန်မတို့ဌာနကို အချိန်မရွေးလာပြီးတော့ စစ်ဆေးပေးပါ" ဟု တီဘီရောဂါတိုက်ဖျက်ရေးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဆန်းလှဖြူက ပြောသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**ပေါက်ခေါင်း မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော Village Development Plan (VDP) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တောင်လည်အုပ်စု အိုးတင်းကုန်းကျေးရွာ၌ အလျား ပေ ၂၁၅၀၊ အနံ ၁၀ ပေ၊ ဒု ၉ လက်မရှိ မြေနီလမ်းခြင်းလုပ်ငန်းပြီးစီးမှုကို မတ် ၂၃ ရက် နံနက်ပိုင်းက ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦး၊ ပြည်မြို့နယ်ဦးစီးမှူး ဦးကျော်လင်းအောင်၊ ပေါက်ခေါင်းမြို့နယ်ဦးစီးမှူး ဦးသက်စိုးတို့နှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ လမ်းဆောင်ရွက်ပြီးစီးမှုလျှင် ကျေးလက်နေပြည်သူများအနေဖြင့် ရာသီမရွေး လူမှုစီးပွား၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် ယခင်ထက်အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်မည်ဖြစ်၍ ဒေသခံများအနေဖြင့် အလွန်ဝမ်းသာလျက်ရှိနေကြောင်း လမ်းကော်မတီဝင်တစ်ဦးက ပြောကြားသည်။

**သူရအောင်(ပြည်)**


YOMA
STRATEGIC HOLDINGS LTD.
CPCL
NEW HOLLAND
AGRICULTURE
" လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့ "
တောင်သူဦးကြီးများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း ...
တောင်သူဦးကြီးများအတွက် အစဉ်အမြဲ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသော CPCL မှ နယူးဟော်လန် ထွန်စက်ကြီးများကို ဖေဖော်ဝါရီလဆန်းမှ စတင်ပြီး ရိုးမဘဏ်နှင့် ချိတ်ဆက်၍ ၁၀% (သို့မဟုတ်) ၃၀% ကနဦးပေးသွင်း၍ ၅ နှစ်အရစ်ကျ စနစ်ဖြင့် အဆင်ပြေလွယ်ကူစွာဝယ်ယူအသုံးပြုနိုင်ပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
၂ % အထူးလျှော့ဈေး ( မတ်လ ၃၁ ရက်နေ့အထိသာ )
မြင်းကောင်ရေ ၇၅ ကောင်ရှိ TT75 နှင့် မြင်းကောင်ရေ ၉၀ ရှိ TD90 နယူးဟော်လန်ထွန်စက်များကို နီးစပ်ရာ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်းမှတဆင့် ရိုးမဘဏ်နှင့်ချိတ်ဆက်ပြီး စက်တန်ဖိုး ၏ ၁၀% လက်ငင်းပေးသွင်း၍ ( ၃) နှစ် ၇ ရစ်ဆပ်ဖြင့်လည်း အရစ်ကျဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ပါသည်။
အိန္ဒိယနိုင်ငံထုတ် TT45
မြင်းကောင်ရေ ၄၇
အိန္ဒိယနိုင်ငံထုတ် TT75
မြင်းကောင်ရေ ၇၅
အိန္ဒိယနိုင်ငံထုတ် TT4.75 & TT4.90
မြင်းကောင်ရေ ၇၅ နှင့် ၉၀
တူရကီနိုင်ငံထုတ် TD90 & TD95
မြင်းကောင်ရေ ၉၀ နှင့် ၉၈
မြန်မာနိုင်ငံ၏ Sugarcane Industry ကြံစိုက်ပျိုးရေးလုပ်ငန်းတိုးတက်ပြောင်းလဲစေနိုင်သော
CASE အမှတ်တံဆိပ် ကြံရိတ်သိမ်းခြွေလှေ့စက် ....CASE A8000
မက္ကစီကိုနိုင်ငံထုတ် TS6.140
မြင်းကောင်ရေ ၁၄၀
ဘရာဇီးနိုင်ငံထုတ် T7.180
မြင်းကောင်ရေ ၁၈၂
သီးနှံထွက်ကုန် အရည်အသွေးမြင့်မားစေသော
New Holland အမှတ်တံဆိပ် သီးနှံစုံရိတ်သိမ်းခြွေလှေ့စက်... TC5.30
အကောင်းဆုံးအရည်အသွေး
အကောင်းဆုံးဝန်ဆောင်မှုများ
တစ်နှစ်အာမခံပေးထားခြင်း
အပိုပစ္စည်းလွယ်ကူစွာရရှိနိုင်ခြင်း
တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ
ရန်ကုန်ရုံးချုပ် ။ အမှတ် (၁၁၅၉)၊ FMI ပဒေသာပင်မြို့တော် ဂိတ်(၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ် ဖုန်း - ၀၁-၆၈၇၀၀၂-၃ ၊
မန္တလေး - ၀၉၄၃၀၁၄၄၅၂/ နေပြည်တော် - ၀၉၄၄၈၅၄၁၄၅၈ / ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇/ တောင်ကြီး - ၀၉၄၅၇၄၅၅၄၀၉/
နောင်ချို - ၀၉၄၅၇၄၅၅၄၀၈/ ပခုက္ကူ - ၀၉၄၅၇၄၅၅၄၁၀/ ရွှေဘို - ၀၉၉၆၁၄၇၁၉၄၃/ လှိုင်ကော် - ၀၉၇၆၉၂၀၅၂၈၂/ ပြည် - ၀၉ ၇၈၃၃၈၈၀၅၇/
မကွေး - ၀၉၇၆၁၀၉၅၀၂၄/ ဟသာတ - ၀၉၄၅၁၂၁၅၈၈၀/ မအူပင် - ၀၉၇၇၁၈၂၆၅၇၉/ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀/ ကလေး - ၀၉၉၅၀၉၁၆၀၁၅။
The Legend continues...New Branches now open...Coming soon...Planned Maintenance up to 18 months !!

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရန်ကုန်ပုံနှိပ်စက်ရုံများရှိ အသုံးမပြုနှစ်ကြာ သက်တမ်းလွန်ပစ္စည်းများ အိတ်ဖွင့်တင်ဒါ ဈေးပြိုင်ခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရန်ကုန်ပုံနှိပ်စက်ရုံများရှိ အသုံးမပြုနှစ်ကြာ သက်တမ်းလွန်စက္ကူ၊ ပုံနှိပ်ရေးပစ္စည်းနှင့် စက်အပိုပစ္စည်းများကို ပစ္စည်းတစ်မျိုးချင်းအလိုက် အိတ်ဖွင့်တင်ဒါဈေးပြိုင်စနစ်ဖြင့် အောက်ပါအတိုင်း မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

| | | |
|---|---|---|
| (က) | စက္ကူ | ၈ မျိုး |
| (ခ) | စာရေးကိရိယာ | ၁ မျိုး |
| (ဂ) | ပုံနှိပ်ရေးပစ္စည်း | ၁၈ မျိုး |
| (ဃ) | အခြား | ၂၅ မျိုး |
| (င) | စက်အရန်ပစ္စည်း | ၃၄၈ မျိုး |
| | **စုစုပေါင်း** | **၄၀၀ မျိုး** |

၂။ အိတ်ဖွင့်တင်ဒါများကို (၂၈-၃-၂၀၁၈)ရက်မှ (၁-၄-၂၀၁၈)ရက်အထိ နေ့စဉ် နံနက်(၀၉း၃၀)နာရီမှ ညနေ(၁၆း၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အမှတ်(၂၂၈)သိမ်ဖြူလမ်း၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂-၄-၂၀၁၈)ရက်တွင် နံနက်(၀၉း၃၀)နာရီမှ ညနေ(၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၁၈-၃၈၀၈၀၄၊ ၀၁၈-၃၈၂၀၇၀တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ပြန်ကြားရေးဝန်ကြီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန |
| ရုံးအမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ | ရုံးအမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ |
| ရန်ကုန်မြို့။ | ရန်ကုန်မြို့။ |
| ဖုန်း-၀၁၈-၃၈၀၈၀၄၊ ၀၁၈-၃၈၂၀၇၀ | ဖုန်း-၀၁၈-၃၈၀၈၀၄၊ ၀၁၈-၃၈၂၀၇၀ |

## စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၆၈)၊ ၂၁ လမ်းနေ ဦးကျော်မြင့်နှင့် ဒေါ်ရီရီမြင့်တို့၏သားငယ်၊ ဩစတြေးလျနိုင်ငံနေ Mr. Kiemien Peick နှင့် မသုနန္ဒကျော်တို့၏မောင်၊ တာရာဖြိုးကျော်၏ ဦးလေး

**မောင်ဥက္ကာဖြိုးကျော်**

(B.C.Sc) System Engineer (Forever Group Co.,Ltd)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၃၁၀) ဝင်းရွှေဝါကွန်ဒို၊ အခန်း (၄၀၅)နေ ဦးကြည်ဝင်း (Captain) နှင့် ဒေါ်စန်းစန်းဝင်းတို့၏ သမီးငယ်၊ မောင်မြတ်မင်းထိုက် (Bosun) ၏ ညီမ

**မဆုရတီဖြူ**

(B.C Tech, IDCS Diploma NCC , UK)

Marketing Director (EUE Co.,Ltd)

တို့သည် ၂၅-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောလူကြီးမိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ဥက္ကာဖြိုးကျော်-မဆုရတီဖြူ**


စည်းစိမ်မင်း 09-444450446, 09-444450558, 09-250144709
ကျိုက်ထီးရိုး (နေ့စဉ်) ◆ ချောင်းသာ (နေ့စဉ်)
Mar 30, Apr 6, 12, 13, 20,27

01.2330054
095160048
09-782470755
www.heincarrental.com

မြဝတီ Asia King Travels
ကျိုက်ထီးရိုး - ချောင်းသာ (နေ့စဉ်)
ရွှေစက်တော် - ငွေဆောင် (သောကြာ)
အမှတ်(၁၁၀)သိမ်ဖြူလမ်း Ocean Center
09-77 85 85 911 ; 09-77 85 85 912 ; 09-4311 4301

ငွေဆောင်သင်္ကြန်
စရိတ်ငြိမ်း
120000/-
Ph: 09 5161773
09 785161773

ASIA MAN 09 400343990, 400343992, 764299405
April 12/13/17

Royal Gandamar Travels & Tours
ပုဂံ-မန္တလေး-ပြင်ဦးလွင် Apr-12 4N/5D
မြစ်ကြီးနား-အင်းတော်ကြီး-ဇလုံတောင် Apr-12 5N/6D
ပုဂံ-မန္တလေး-ပြင်ဦးလွင် Apr-12 5N/6D
ပုဂံ-အလောင်းတော်-မုံရွာ-စစ်ကိုင်း Apr-12 4N/5D
လှိုင်ကော်-တောင်ကြီး-အင်းလေး-ကလော Apr-12 5N/6D
သီပေါ-လားရှိုး-ပြင်ဦးလွင် Apr-12 4N/5D
မြဝတီ-မဲဆောက်-ဘားအံ Apr-12 4N/5D
တောင်ကြီး-အင်းလေး-ကလော Apr-12 4N/5D
မန္တလေး-အလောင်းတော်-စစ်ကိုင်း-မုံရွာ Apr-12 4N/5D
လှိုင်ကော် သီးနှံ Apr-12 3N/4D
မန္တလေး-မင်းကွန်း-အင်း-ပြင်ဦးလွင် Apr-14
အလောင်းတော်ကဿပ-စစ်ကိုင်း-မုံရွာ Apr-14
ပုဂံ- ဖွယ်တော်လေးဆူ Apr-14
01-397484,09-31006777,09-261003545,09-33353275,09-250892626,09-8305533

ဦးအောင်ဟိန်းကျော်
Translation
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
09-5171841
392468

'အရွယ်ရောက်သူတိုင်းအတွက် ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း'
Course in driving skills for all adults.
၂၀၁၈-ခု၊ အပါတ်စဉ်( ၆၆ )၊ ဧပြီလ (၁)ရက်နေ့ဖွင့်မည်။
ကောင်းဝေ
KAUNG WAI
(ယာဉ်မောင်း စက်ပြင်ထိန်းသိမ်းသင်တန်း)
အမှတ် (၆၃၁)၊ မောင်မှုကန်လမ်း၊ (၁၇)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။
Ph- 09 73213416, 09 73056208, 09 250166727
Ph- 09 767683601, 09 767683602, 09 420228127
Ph- 09 795662540, 09 254767928, 09 780977536

AAS Air.con
Sales & Services
Electrolux (R32) 1HP 427000/-
Mitsubishi (R410a)1HP 432000/-
Panasonic 1HP 380000/-
Chigo 1HP 290000/-
TCL 1HP 260000/-
01-573811,578957 09-8614140
09-5054228 09-420033464
09-420071954 09-450236294

2D စက်ချုပ်သင်တန်း 09 - 97 26 36 730
ပညာဒါန အခြေခံ (၂၅)မျိုးသင်တန်း 50000
သင်တန်းစမည့်ရက် - 2 -4 -2018
(1) Mon-Tue - 9 : 1:00
(2) Wed-Thu - 2 : 5:00
(3) Sat-Sun- 9 : 12
(4) Sat-Sun- 3 : 5:30

ရွှေယုန်မင်း
အနာလိမ်းဆေး

March Intake (Budget Intake)
50% Discount
BIT
B.Sc (Hons:) Business IT
University of Greenwich, UK
BTEC (Civil Engineering)
Level 4, Level 5 Diploma
Telecom Engineering
MCC.i (ရန်ကုန်) Tel : 01-395512, 01-245762
MCC.i (မန္တလေး) Tel : 09-402671562, 09-441034062
MCC.i (နေပြည်တော်) Tel: 09-31354842, 09-254148940





YumYum နှင့် Xcite စားပြီး NISSAN SUNNY Brand New 8 ကံစမ်းရယူကြပါစို့...
မတ်လ (၂၀)ရက်နေ့တွင် ကံထူးခဲ့သည့် ကား ကံထူးရှင် (၁) ဦး ပေါ်ထွက်လာပါပြီ
ဒေါ်မြင့်မြင့်မော်
ရန်ကုန်တိုင်းဒေသကြီး
တောင်ဒဂုံမြို့နယ်၊ (ဈေးရောင်း)
M745V08H61
Call Center - 01 2399799
၂၀၁၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကားကံထူးပြီး လာရောက်ထုတ်ယူရန် ကျန်ရှိနေသောပေါက်မဲနံပါတ်
G402V38K44
၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ကားကံထူးခဲ့ပြီး ကံထူးရှင်များအား စောင့်ဆိုင်းနေသော ပေါက်မဲနံပါတ်များ
OM57P74T84 Y4Z0167Z4E
ထပ်မံကံစမ်းပေးမည့်နေ့ရက်
www.facebook.com/yumyummyanmar www.yumyummyanmar.com




## မြန်မာနိုင်ငံစိတ်ပညာအသင်း မှ

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မြန်မာနိုင်ငံစိတ်ပညာအသင်း၏ နာယကကြီး **စည်သူဗိုလ်ကလေးတင့်အောင်** သည် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် **"ရုပ်ရှင်တစ်သက်တာထူးချွန်ဆု"** ရရှိခဲ့ပြီး **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်** ကိုယ်တိုင် ရွှေစင်ရုပ်တု ချီးမြှင့်ပေးအပ်ခဲ့သည့်အတွက် မြန်မာနိုင်ငံစိတ်ပညာအသင်း ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသား/သူများမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**မြန်မာနိုင်ငံစိတ်ပညာအသင်း**

အမှတ် (၂၁)၊ (၉) လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

## ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၇ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ( အကယ်ဒမီ ) ဆုပေးပွဲတွင် **"ရုပ်ရှင်တစ်သက်တာထူးချွန်ဆု"**ကို ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ **နာယကကြီး စည်သူဗိုလ်ကလေးတင့်အောင်**၊ အသက် (၉၆)နှစ် အား **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်** မှ ရွှေစင်ရုပ်တု ချီးမြှင့်ပေးအပ်ခဲ့သည်ကို ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) နှင့် ဘိုကလေးမြို့နယ်သူ/သားများအားလုံးမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)**

**Pleasant Times**
Travels & Tours Co., LTD
ထားဝယ် - မြိတ် - သဘာဝကျွန်းစု (April - 12th Scania Coach)
မြဝတီ - မဲဆောက် - ဘားအံ (April - 28th)
လူကြီးမင်းတို့၏ ကုမ္ပဏီအသင်းအဖွဲ့များအတွက်ခရီးစဉ်များကို စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
Ph: 01 - 931 7220, 09 - 454 454 310/ 730 72 661/ 252 872 529

**GOLDEN LIGHT** 0943197550,421099405,252225772
★ မဟာသင်္ကြန်အတွက် အဆင့်မြင့်ခရီးစဉ်များ ★ April 12/13/17
Yutong ,Higer ,Man

| | | | |
|---|---|---|---|
| ★ရွှေစက်တော် + ပုဂံ၊ ပုပ္ပါး + ပခုက္ကူ | 70000 | ★ထားဝယ်(ရှင်ကိုးရှင်)၊ မော်လမြိုင် | 90000 |
| ★ရွှေစက်တော် + အလောင်းတော်ကဿပ | 75000 | ★မြိတ် + ထားဝယ်(ရှင်ကိုးရှင်) | 110000 |
| ★မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ ကဿပ | 75000 | ★ပုဂံ၊ ပုပ္ပါး + တောင်ကြီး၊ အင်းလေး | 90000 |
| ★တောင်ကြီး၊ အင်းလေး၊ ပင်းတယ | 75000 | ★ပုဂံ၊ ပုပ္ပါး + မန္တလေး၊ ပြင်ဦးလွင် | 85000 |
| ★တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလိုင်ကော် | 95000 | ★ရွှေစက်တော် + ရခိုင်၊ စစ်တွေ | 130000 |
| ★တောင်ကြီး၊ အင်းလေး + မန္တလေး၊ မေမြို့ | 90000 | ★ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ | 120000 |
| ★ရွှေစက်တော် + ပုဂံ + မန္တလေး + ပြင်ဦးလွင် + မုံရွာ | | ★ရွှေစက်တော် + ပုဂံ + တောင်ကြီး၊ အင်းလေး | |
| | | ★အင်းတော်ကြီး၊ မြစ်ကြီးနား၊ မိုးကုတ် (၇)ရက် | |

**Myanmar Culture Land** Travels & Tours
သင်္ကြန်ခရီးစဉ်များ April 12 ထွက်ပါမည်။

| | | |
|---|---|---|
| မြဝတီ - မဲဆောက် - ဖားအံ ခရီးစဉ် | (၅ ရက်) | ၂၂၀၀၀၀ ကျပ် |
| ငပလီ-သံတွဲ-ကမ်းသာယာ ကမ်းခြေ | (၅ ရက်) | ၃၄၀၀၀၀ ကျပ် |
| မြိတ်ကျွန်းစု-ဆလုံရွာ-ဒုံရေတံခွန် | (၅ ရက်) | ၂၉၅၀၀၀ ကျပ် |
| မြစ်ကြီးနား-မြစ်ဆုံ-အင်းတော်ကြီး-ဇလုံတောင် | (၆ ရက်) | ၃၅၀၀၀၀ ကျပ် |
| ထားဝယ် (ရှင်ကိုးရှင်)-မောင်းမကန်-မျှော်ရစ် | (၅ ရက်) | ၂၃၀၀၀၀ ကျပ် |
| မြဝတီ မဲဆောက် သီးသန့် April 13 | (၃ ရက်) | ၁၅၈၀၀၀ ကျပ် |

ဖုန်း-09-799601085, 09-445459946, 09-975809322,09-251045076
အမှတ်(၇၉၇)၊ အခန်း (၉၀၁/A), MAC Tower, ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်။

## အကြီးမြန်သစ်ပင်စိုက်ပျိုးမှု တိုင်းပြည်လည်းလှ ၊ ကြီးပွားချမ်းသာရ







အကြီးမြန်ယူကလစ်ပင် ရင်းနှီးမြှုပ်နှံမှု အကျိုးကျေးဇူး

တောင်သူမိသားစုတစ်စုသည် မိမိပိုင်မြေ အိမ်ရှေ့၊ အိမ်နောက်၊ ဝဲယာ၊ ခြံစည်းရိုးမြေလွတ်တွင် တစ်ကေ(အပင် ၅၀၀)စိုက်ပျိုးပါက ★(၅)နှစ်အတွက် တစ်ပင်စိုက်ပျိုးကုန်ကျစရိတ် (၂၂၀ဝိ/-)(မိမိကိုယ်တိုင်စိုက်ပါက ပျိုးပင်နှင့် မြေဩဇာဖိုး (၁၂၅ဝိ/-)သာကုန်ကျမည်)။★(၅)နှစ်ပြည့်ပါက ပင်ကြပ်(၃)ပုံ(၂)ပုံ (အပင် ၃၀၀)(ရင်စို့လုံးပတ် ၂၀"- ၃၀") အမြင့်ပေ(၈၀)ရှိပြီးနေရာတွင် ခုတ်လဲပါက တစ်ပင်(၁၅၀ဝိ-၃၀၀ဝိ/)ဝင်ငွေရရှိနိုင်ပါသည်။
★ကျန်လက်ရွေးစင်အပင်(၁၅၀)ခန့်အား (၁၀)နှစ်သက်တမ်းတွင် လုံးပတ်(၄၀"- ၆၀")ခန့်ရှိပြီး အဆောက်အဦးသုံး သစ်မာသစ်ခွဲသားအဖြစ် အသုံးပြုနိုင်သဖြင့် တစ်ပင်လျှင်(၂၀၀၀၀ဝိ-၃၀၀၀၀ဝိ/)ဝင်ငွေရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ▶ GreatWall Co.,Ltd ရုံးချုပ်၊ ၃၁လမ်း၊ ၇၇ × ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ✆ 09-402611152, 02-33996, 02-39428,02-31350

## ကျေးရွာများတွင် တောင်သူများဝင်ငွေမြင့်မားစေရန် အကြီးမြန်ယူကလစ် စိုက်ပျိုးခြင်းနှင့် စက်ရုံအလုပ်ရုံများ တည်ထောင်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း




➤ (၅)နှစ်ပြည့် တစ်ပင်ရင်းနှီးငွေ - ၂၂၀၀ ကျပ်
➤ (၅)နှစ်ပြည့် တစ်ပင်ရရှိငွေ - ၂၅၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၁၁ဆ)
➤ တစ်ပင်သစ်ပါးလွှာနှင့် ဘလော့ဘုတ်ခွဲသား ထုတ်လုပ်ထွက်ရှိတန်ဖိုး - ၄၀၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၁၈ဆ)
➤ (၅) နှစ်ပြည့် သစ်ပါးလွှာမှ အထပ်သား၊ ဘလော့ဘုတ် ထုတ်လုပ်ထွက်ရှိမှုတန်ဖိုး - ၇၀၀၀၀ကျပ် (တန်ဖိုးတိုးမြှင့်မှု ၃၂ဆ)
➤ (၅)နှစ်ပြည့်အထပ်သား၊ ဘလော့ဘုတ်မှ ပရိဘောဂ ထုတ်လုပ်ထွက်ရှိမှု တန်ဖိုး - ၁၄၀၀၀၀ ကျပ် (တန်ဖိုးတိုးမြှင့်မှု ၆၄ဆ)

➤ (၁၀)နှစ်ပြည့် တစ်ပင်ရင်းနှီးငွေ - ၃၅၀၀ ကျပ်
➤ (၁၀) နှစ်ပြည့် တစ်ပင်ရရှိငွေ - ၂၄၀၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၆၈ဆ)
➤ (၁၀)နှစ်ပြည့် သစ်လုံးကြီးမှ ခွဲသားထုတ်လုပ်ထွက်ရှိမှုတန်ဖိုး - ၃၆၀၀၀၀ကျပ် (တန်ဖိုးတိုးမြှင့်မှု ၁၀၂ဆ)
➤ (၁၀)နှစ်ပြည့် သစ်ခွဲသားမှ ပရိဘောဂထုတ်လုပ်ထွက်ရှိတန်ဖိုး - ၇၂၀၀၀၀ ကျပ် (တန်ဖိုးတိုးမြှင့်မှု ၂၀၅ဆ)

# ယခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ ကျေးရွာ ၁၂၄ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်သွားမည်

**စစ်တွေ မတ် ၂၅**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၂၄ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာ ၁၂၄ ရွာတွင် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့မှ ကျေးရွာ ၅၀ ပါဝင်ပြီး ယင်းကျေးရွာများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် (မီနီဘတ်ဂျက်)အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်မှာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်ထဲက ကျေးရွာ ၅၀ မှာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ပါမယ်။ တစ်နှစ်ဘတ်ဂျက်မှာတော့ အဲဒီသုံးမြို့နယ်မပါဘဲ ကျန်တဲ့ မြို့နယ် ၁၁ မြို့နယ်က ကျေးရွာ ၇၄ ရွာမှာ အကောင်အထည်ဖော်ပါမယ်"ဟု ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က ပြောသည်။

ထို့ပြင် ၎င်းက "စီမံကိန်းမှာပါဝင်တဲ့ ကျေးရွာတွေအတွက် နိုင်ငံတော်က တစ်ယူနစ်ကို ငွေကျပ် သိန်း ၃၀၀ မတည်ပေးပါတယ်၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**



စစ်တွေမြို့နယ် သိန်းတန်ကျေးရွာတွင် စီမံကိန်းချေးငွေဖြင့် ပန်းစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

# MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပွဲများ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပွဲများကို မတ် ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ဒုတိယအဆင့်အတွက် ပွဲစဉ်ရေးဆွဲပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ပြီး အသင်း ၂၀ အား မဲနှိုက်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်တွင် အုပ်စုအဆင့်မှ တက်လာသည့် အသင်း ၂၀ အနက် ၁၂ သင်းမှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ကျန်ရှစ်သင်းမှာ Play-off ကစားကာ အနိုင်ရသည့် လေးသင်းသာ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့် အကြိုပွဲစဉ်များကို မတ် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မျိုးချစ်လူငယ်နှင့် MIC Legend၊ MMU Exclamation နှင့် Best Friend၊ VUC Youth နှင့် ဒလယူနိုက်တက်၊ မြို့မလှသီတာနှင့် UM အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အနိုင်ရသည့် အသင်းများမှာ MIC အသင်း၊ Comrade အသင်း၊ Titans XII အသင်း၊ Bo 1000 အသင်းတို့နှင့် မတ် ၂၉ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အခြားရှုံး/ထွက်အဆင့်ပွဲများအဖြစ် မတ် ၂၈ ရက်တွင် GV Athletic နှင့် ရွှေခရမ်း၊ RDZ နှင့် Winner၊ ရွှေမြဝတီနှင့် Zombie၊ VUC နှင့် UPT အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲများကို မတ် ၃၁ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၂ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဧပြီ ၄ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးအဖြစ် မိုင်းဖုန်းဒေသသို့ စုပေါင်းစက်ဘီးစီးနင်း

**တာချီလိတ် မတ် ၂၅**

မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့မှ Bike For Health @ Tachileik စက်ဘီးစီးအဖွဲ့နှင့် ထိုင်းနိုင်ငံ လန်းပန်းခရိုင်မှ စက်ဘီးစီးအဖွဲ့ ၅၆ ဦးတို့ ပါဝင်သည့် စက်ဘီးစီးအဖွဲ့သည် ယနေ့နံနက်ပိုင်းက တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စုရှိ မိုင်းဖုန်းဆရာတော်ကျောင်းတိုက်သို့ စက်ဘီးစီးသွားရောက်ခဲ့ကြောင်း သိရသည်။

စက်ဘီးစုပေါင်း စီးနင်းရာတွင် ထိုင်းနိုင်ငံ လန်းပန်းခရိုင်မှ စက်ဘီးစီးအဖွဲ့တွင် Mr. Sophon Vijitsopa ဦးဆောင်သည့် စက်ဘီးစီးသမား ၄၀ နှင့် တာချီလိတ်မြို့မှ Bike For Health(Tachileik) စက်ဘီးစီးအဖွဲ့မှ ကိုစိုင်းလုံတစ် ဦးဆောင်သည့် **စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖**









ချမ်းမိုင်းသန္တာ 09-444885693, 09-444885694
VOLVO, MAN, SCANIA ကားသစ်ကြီးများဖြင့် အသွား/အပြန် ပို့ဆောင်ပေးနေပါပြီ အထူးနှုန်း
ချောင်းသာ - 12000
ကျိုက်ထီးရိုး - 10000
ငွေဆောင် - 13000
ကားမှိုရုံ စီးလုံးငှား မိသားစု/အသင်းအဖွဲ့ သီးသန့်ခရီးစဉ်များကို စျေးနှုန်းချိုသာစွာဖြင့် စီစဉ်ပေးပါသည်။

ရွှေခင်းသာ FULLY AIR-CON EXPRESS April 12 သင်္ကြန်ခရီးစဉ်များ
❖ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် (၆)ရက် (ထမင်းအပါ) 85000
❖ ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ မြိတ်၊ ကျိုက္ကမီ၊ စက်စဲ (၆)ရက် (ထမင်းအပါ) 90000
❖ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲသခင်မတောင်၊ လွိုင်ကော်(၅)ရက် (ထမင်းအပါ) 85000
❖ အင်းတော်ကြီး - ရွှေမုဋ္ဌော၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ခလုံတောင်၊ မိုးကုတ်၊ မန္တလေး (၈)ရက် (ထမင်းအပါ) 130000
❖ ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ၊ သံတွဲ၊ ဘုရားစုံ(၆)ရက် (ထမင်းအပါ) 120000
အမှတ်- ၂/၂၂၊ အားလုံးအနောက်ပိုင်းကားဂိတ် Ph: 09-420046635, 09-772845260, 09-445328806

Myanmar Area Travel & Tour
တောင်ကြီး-လွိုင်ကော်-အင်းလေး
ပင်းတယ-ကလော-ရှာင်
April-13 (၅ည/၆ရက်)
အဆင့်မြင့်ခရီးစဉ် 240000/-
09-443738966


# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
# (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ် လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ ဧပြီ လ (၁) ရက်နေ့တွင် ကျင်းပမည့်(၁၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၈) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၄၂၀၄) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမနှစ်) ပန်တျာသင်တန်းနှင့်ပန်းချီ၊ ပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း (သတ္တမတန်း) အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ (အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ၂၇-၄-၂၀၁၈ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ

| | |
|---|---|
| **၁။ အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ရုံးအမှတ်(၃၅)၊ နေပြည်တော်** | **ဖုန်း-၀၆၇-၄၀၈၀၁၇** |
| **၂။ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ ရုံးအမှတ်(၃၅)၊ နေပြည်တော်** | **ဖုန်း-၀၆၇-၄၀၈၄၄၃** |
| **၃။ အနုပညာအထက်တန်းကျောင်း (ရန်ကုန်) အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့** | **ဖုန်း-၀၁-၅၅၅၆၄၂<br>ဖုန်း-၀၁-၅၅၄၆၉၅** |
| **၄။ အနုပညာအထက်တန်းကျောင်း (မန္တလေး) ၂၀×၂၂လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့** | **ဖုန်း-၀၂-၆၁၁၆၉** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန

၁။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ ကုန်သွယ်မှုဆိုင်ရာအကူအညီပေးရေးအစီအစဉ် EIF လုပ်ငန်းစဉ်အောက်ရှိ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းစီမံချက် Tier 1 Project သည် ၂၀၁၅ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ သုံးနှစ်ကြာဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ဖြစ်ပါသည်။ Tier 1 Project ကိုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ Project တွင်စီမံကိန်းဆိုင်ရာစောင့်ကြည့်ခြင်းနှင့်လေ့လာအကဲဖြတ်ခြင်း ဝန်ဆောင်မှုပြုလုပ်ရန် National Evaluation Consultant (သို့မဟုတ်) National Evaluation Team အတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင် လုပ်ငန်းအတွေ့အကြုံနှင့် ပညာအရည်အချင်းဖော်ပြချက်များနှင့်အတူ ၁၀-၄-၂၀၁၈ရက် အရောက်နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

| စဉ် | ရာထူး | လစ်လပ် |
|---|---|---|
| (က) | စီမံကိန်းစောင့်ကြည့်အကဲဖြတ်အကြံပေးပညာရှင် (National Evaluation Consultant) | ၁ |

၂။ National Evaluation Consultant (သို့မဟုတ်) National Evaluation Team လျှောက်ထားမှုအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီရန်လိုအပ်ပါသည်-

(က) International Trade (သို့) International Economics (သို့) Development Studies နှင့်သက်ဆိုင်သည့် မဟာဘွဲ့ရရှိသူဖြစ်ရမည်။

(ခ) မြန်မာနိုင်ငံတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၅)နှစ်ရှိရမည်။

(ဂ) ကုန်သွယ်မှုဆိုင်ရာနည်းပညာအထောက်အကူပြုစီမံကိန်းများ၏ အကြောင်းအရာနှင့်ပတ်သက်သည့်အထောက်အထားများ၊ အစီအစဉ်များနှင့် မဟာဗျူဟာများကို အကဲဖြတ်စစ်ဆေးခြင်းတို့တွင် အတွေ့အကြုံရှိသူဖြစ်ရမည်။

(ဃ) အာရှဒေသတွင်း LDC နိုင်ငံများတွင် ကုန်သွယ်မှုချောမွေ့စေရေး၊ ကုန်သွယ်ရေးဆိုင်ရာနည်းပညာကူညီမှုများနှင့် ဆက်စပ်နေသောပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် တွဲဖက်လုပ်ကိုင်နိုင်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။

(င) ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် ပံ့ပိုးသည့် အလှူငွေများကိုအသုံးပြုခြင်း၊ အကဲဖြတ်ခြင်းနှင့်အလှူရှင် အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်ရမည်။

(စ) အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူဖြစ်ရမည်။

**၃။ ဝန်ဆောင်မှုပေးရမည့်နေရာ**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

**၄။ ဝန်ဆောင်မှုပေးရမည့်ကာလ**

၂၀၁၈ခုနှစ်၊ ဧပြီလမှ မေလအတွင်း (လုပ်ငန်းလုပ်ဆောင်မည့်ရက်ပေါင်း ၂၅ရက်)

၅။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက ရုံးအမှတ်(၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ WTO နှင့်အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ ဌာနခွဲ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၆၇-၄၀၈၃၁၅၊ ၀၆၇-၄၀၈၂၆၁ တို့သို့ဖြစ်စေ၊ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာန၌ ဒေါ်တင်ယုဝေ[၁၀/မလမ(နိုင်)၁၁၃၇၈၉] အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥလမ်း၊ မြေကွက်အမှတ် (၈၂၁)၊ အလျားအနံပေ (၄၀×၆၀) မြေကွက်နှင့် တစ်ထပ်တိုက်+သွပ်မိုးပျဉ်ကာ နှစ်ထပ်အိမ်(ရေမီးစုံ)အား ဒေါ် ခင်သန်းငွေ [၁၂/ဗဟန(နိုင်)၀၆၉၂၄၇]မှ အရောင်းအဝယ်အဆက်အစပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမှန်သမျှ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တရားဝင်ပိုင်ဆိုင်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယွန်းဒါဒါ(LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၄၈၈၁၆)**

**အမှတ်(၁၃၀)၊ မန္တလေးလမ်း၊ (၁၁)ရပ်ကွက်၊ မြောက်ဒဂုံ ၀၉-၉၆၂၅၈၅၃၄၇**

